

www.burmeseclassic.com
စိုးမိုးစာပေ
BURMESE CLASSIC .com
လုံးချင်းဝတ္ထုသစ်
မြူလဲသွယ်
မုန်းသင့်မှ မုန်း
L လင်း
www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

မြပုလဲသွယ်

# မှန်းသင့်မှမှန်း

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# အခန်း (၁)

''ဟော...လိုက်လာကြပြီ''

လူတွေကြားထဲ တိုးဝှေ့ပြီး တစ်စုံတစ်ယောက်ကို အပြေးအလွှား ရှာနေသူနှစ်ဦးကို ကြည့်ကာ မနော သူမကိုယ်လေးကို ဖျတ်ခနဲ ထောင့်ချိုးအကွယ်တစ်ခုမှာ ကပ်ထားလိုက်၏။

ဦးလေးစိန်နှင့် ကိုမြတ်က မနောကိုမမြင်။ ဟိုကြည့် ဒီကြည့်နှင့် မနော ရှိနေသည့်နေရာနှင့် ဆန့်ကျင်ဘက်ကို အပြေးရောက်သွားကြပုံက တကယ့်ကို ကမူးရှူးထိုး။

မနောကိုယ်တိုင် ဒီလိုဖြစ်ဖို့ မရည်ရွယ်ခဲ့ပေမယ့် ရင့်မြိုင်မှာ ဖြစ်နေသည့် ပြဿနာလှိုင်းက မနောဆိုသည့် သူမကိုသာ ဦးတည်ရည်ရွယ်နေတာမို့ ရင့်မြိုင်ကို မဖြစ်မနေထားရစ်ခွန့်ပစ်ဖို့

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာရခြင်းဖြစ်သည်။

"လူစုံရင် ကားထွက်မယ်ဆရာရေ"

စပယ်ယာလေး၏ အသံအဆုံးမှာ ကားထဲရှိ ခရီးသည်တွေ အားလုံး လှုပ်လှုပ်ရွရွဖြစ်ကုန်သည်။ သိပ်မကြာလိုက် မနော စီးနင်းလိုက်ပါလာသည့် ကားကြီးက ဘီးလိမ့်၍ စတင်ထွက်ခွာသည်။

နှုတ်ဆက်ခဲ့ပါတယ် ကိုမြတ်ရယ်။

ကိုမြတ်အပေါ်မှာ မနော ဆိုးမိသမျှ ဒီနေရာမှာပဲ တောင်းပန်ခဲ့ပါရစေ။

မနော စီးလာသည့် ကားကြီးက ကိုမြတ်နှင့် ဦးလေးစိန်တို့ နှစ်ယောက်နားက ကပ်ပြီးဖြတ်လာခဲ့ပေမယ့် မနောကို သူတို့ နှစ်ယောက်စလုံး မမြင်ပါ။

မြင်လို့လည်း မှတ်မိကြမည်မထင်။

မနောဆိုတာ ရဂုံမြို့မှာ သူတို့မြင်တွေ့နေကြပုံမျိုးမှ မဟုတ်တာဘဲ။

ဆံပင်ရှည်ကြီးနှင့် မနောမဟုတ်တော့။ မျက်နှာလှလှလေးကို ဟစ်မျိုးတစ်ဖုံ ပြောင်းလဲစေသည့် ဆံပင်တိုလေးနှင့် ဦးထုပ်၊



မျက်မှန်အမည်း၊ ဂျာကင်ပွပွထူထူကြီးတွေနှင့် ရုပ်ဖျက်ထားပုံက မနောပါလို့ ဘယ်သူမှ မှတ်မိချင်စရာမရှိ။

ဒီလို အရုပ်ဆိုးဆိုး အကျည်းတန်လှသော မိန်းကလေးကို ဘယ်သူကများ ရဂုံမြို့က မနောဆိုသည့် မိန်းမလှလေးဟု ထင်မည်နည်း။

သူတို့လိုက်ရှာနေကြတာက ရဂုံမြို့က မနောရိုးဆိုသည့် ဖူးစင်နုဖတ်နေသော မိန်းကလေးတစ်ယောက်။ အခု သူတို့မျက်စိရှေ့မှာ လိုက်ပါသွားသူက အရုပ်ဆိုးဆိုး၊ ပုံစံဖမ်းလို့မရသည့် မနော။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာ လူတစ်ယောက်ဘဝ အဆိုးအကောင်း အလှည့်အပြောင်းတွေက များလှချည်လား။

မနောက ရဂုံမြို့က မနောနဲ့ ဒီနေ့ အဝေးပြေးကားတစ်စီးပေါ်က မနောရဲ့ဘဝက အကွာကြီးကွာခြားသွားသည်မှာ မိုးနဲ့မြေလို။

လိုတရပြည့်စုံသော မနောဆိုသည့် မိန်းမလှလေးဘဝက ရဂုံမြို့မှာ ကျန်ရစ်ခဲ့ပြီ။ အခုလက်ရှိ မနောမှာ အဝတ်အိတ်တစ်လုံး၊ ငွေသားအနည်းငယ်ကလွဲပြီး ဘာဆိုဘာမှမရှိသည့်ဘဝ။

www.burmeseclassic.com

www.burmeseclassic.com



နက်မှောင်ပြာရီရွှန်းလဲ့သော မျက်ဝန်းအစုံမှာ စိမ့်အိုင်ဝဲတက်လာသည့် မျက်ရည်စတွေကို မည်းနက်ကော့ပျံ့သော မျက်တောင်ရှည်ကြီးတွေနှင့် တဖျပ်ဖျပ် ရိုက်ခတ်သိမ်းဖယ်လိုက်ပြီး…

ဘာအတွက် မနော ငိုရမည်နည်း။

ကိုမြတ်အတွက်လား။

ရဂုံမြိုင်ကြောင့်လား။

မာမီ့အတွက်လား။

ဟင့်အင်း။

ရဂုံမြိုင်နှင့်ပတ်သက်သမျှ အခုချိန်ကစပြီး အားလုံးမေ့ထားချင်သည်။ ဘာတစ်ခုမှ ပြန်မတွေးချင်။

ရင်ထဲနာသည်။

အသည်းမှာ အခံရခက်သည်။

မာမီ့ဘက်က ဘာတစ်ခုမှ မပြတ်မသား ဆုံးဖြတ်ချက်တွေ လွဲမှားနေသမျှ ရဂုံမြိုင်၏ အမွေဆိုင် ဓာတ်ထုပ်ကြီးကလည်း ချာချာလည် ရှုပ်ထွေးနေပေမည်။

စီ:မို:၀၁၄၂



ရှိပါစေတော့လေ။

အမွေဆိုတာ စံထိုက်မှ စံရတာမျိုး။ ကိုယ်နဲ့ ဘာမှမဆိုင်သလို ရဂုံမြိုင်ကို စွန့်ထွက်ခွာလိုက်တော့လည်း အားလုံး အေးဆေးသွားတာပါပဲ။

တစ်ခုပဲ စိတ်မကောင်းဖြစ်မိသည်။ ဒါကလည်း မနောအပေါ်မှာ တစ်ဖက်သတ်အချစ်တွေနဲ့ မြတ်နိုးတွယ်တာရှာသော ကိုမြတ်နှင့် အဘွားကိုဖြစ်သည်။

ဖြစ်လာတော့လည်း မတတ်နိုင်။ ခွတ်နစ်ပြီး ရဂုံမြိုင်ကထွက်လာခဲ့သည်။

ဒီလိုမှမလုပ်လျှင် မနောပဲ ရဂုံမြိုင်မှာ ဟီးရိုးထထလုပ်နေရတာနှင့် ကြာလျှင် လူသတ်မှုဖြစ်တော့မည်။

ကိုလေးတို့လင်မယားကတစ်ဖက်၊ ကိုညီနှင့် မိဘတို့အုပ်စုကတစ်မျိုး၊ ဒီကြားထဲ မမလတ်တို့လင်မယားစုံတွဲက မိသားစုငါးယောက်တီတီ။ အုပ်စုကြီး တစ်အုံတစ်မနှင့် ရဂုံမြိုင်မှာ တစ်နေ့တစ်နေ့ ဖြစ်လိုက်ရတဲ့ ပြဿနာပေါင်း သောင်းခြောက်ထောင်။

လူကြီးချင်း မထိတရိ ကလိကြ ရိကြတာကတစ်မျိုး။

ပ:ပို:၁၁၉၁

www.burmeseclassic.com

www.burmeseclassic.com



ကလေးချင်း မသင့်မမြတ်ဖြစ်တိုင်း နှစ်ဘက်ပြိုင် သူနိုင်ကိုယ်နိုင် စကားအခြေအတင်ပြောရင်း တစ်ယောက်ကိုတစ်ယောက် ငယ်ကျိုးငယ်နာဖော်ကြ။

အော်ကြဟစ်ကြနှင့် အငီစီပွက်သလို ဆူညံနေတာ ဘယ်သူမှ မတားဆီးနိုင်။ မာမီက ငိုဖို့ပဲတတ်သည်။ ဘွားက တိတ်ဆိတ်စွာ အခန်းပိတ်နေပေမယ့် စိတ်ဆင်းရဲခြင်းကြီးစွာ။

နောက်ဆုံး ဖြစ်ချင်တိုင်းဖြစ်နေကြသူတွေကြားမှာ ဒီအတိုင်း လက်ပိုက်ကြည့်မနေနိုင်တာနှင့် မနောပဲ သူတို့အုပ်စုတွေကြားမှာ လူမိုက်ဖြစ်ရသည်။

ပစ္စည်းတွေ ရိုက်ခွဲပစ်သည်။

မှန်တွေဆို အစိတ်စိတ်အမွှာမွှာ။ ဒီလိုနည်းမသုံးလျှင် ရန်ပွဲက မရပ်။

ဘယ်သူ့တွေဘက်မှ ဘက်မလိုက်ဘဲ စကားကို တည့်တည့်ပြောတော့ နှစ်ဖက်စလုံးက မနောရှိုးကို မုန်းကြသည်။

သူတို့မချစ်တာကိုလည်း မနော ဂရုမစိုက်။ အားလုံးက သိပ်မိုက်ပြနေတော့ မနောရှိုးက ပိုမိုက်ပြနေရခြင်းဖြစ်သည်။



"ကြည့်စမ်း...မာမီ အမြတ်နိုးဆုံး ရှေးမှန်ကြီး မနောကြောင့် ကွဲသွားပြီ"

"တမင်ခွဲတာ"

"ဘာ"

မလတ်အကြည့်စူးစူးတွေက မနောထံ ရောက်လာသလို အားလုံးအကြည့်တွေကလည်း မနောရှိုးမျက်နှာလှလှလေးမှာ စုပြုံလာသည်။

"မလတ်တို့ အရှက်မရှိ နေ့တိုင်း ရန်ဆက်ဖြစ်နေရင် တစ်အိမ်လုံး ရှိရှိသမျှ အဖိုးတန်ပစ္စည်းတွေအားလုံး တစ်ခုမှမကျန်အောင် မနောလက်နဲ့ ရိုက်ခွဲဖျက်ဆီးပြမယ်"

"ဒါက ဘာအထာလဲ မနော၊ ညည်းက ဒီအိမ်မှာ ဆရာမကြီးလား"

"သိချင်ရင် ထပ်စမ်းကြည့်လေ"

စိမ်းတောက်နေသည့် အကြည့်မှာ မုန်းတီးခြင်း၊ ဒေါသတွေလျှံနေတာ ဂရုမစိုက်။

"တစ်ခွန်းမခံ ပြန်ပြောနေတာ အကြီးကို အကြီးမှန်းသိရဲ့

www.burmeseclassic.com

www.burmeseclassic.com



လားဟင်"

"သိစေချင်ရင် မာမီနဲ့ဘွားကို အရင်ရှိသေပြလိုက်ဦး"

"ညည်း…ညည်း"

"မာမီ"

"မာမို့သမီးကို မပြောတော့ဘူးလား"

မတာက မာမို့ဘက်လှည့်အော်တော့ မနော ပြုံးလိုက်သည်။ ကိုယ့်အလှည့်ကြ သိတတ်နေလိုက်တာ။

"ငါ့သမီးကို ဘာပြောရမှာလဲ၊ ညည်းတို့ ရန်ဖြစ်နေတာ ရပ်ကျော်ရွာကျော်၊ နည်းနည်းမှ မရှက်ကြဘူးလားဟင်"

"အခုဖြစ်တာ အတာတို့ဘက်က စတာမဟုတ်ဘူး မာမီ"

"အံမယ်…ဘယ်သူကရော အရင်စနေလို့တုန်း"

မလတ်ကလည်း တစ်ခွန်းမခံ။

"တော်ကြစမ်း…တော်ကြစမ်း၊ ညည်းတို့ကို ငါပြောပြီးသား၊ ဒီလိုရန်ဖြစ်နေရင် အိမ်မှာမနေကြနဲ့၊ ဆင်းသွားကြ"

ဘယ်သူမှမလှုပ်။





ရစရာ အမွေအနှစ်တွေက အများကြီးမို့ အားလုံး ရဂုံမြိုင်က သူတို့ရပိုင်ခွင့် မရမချင်း တုတ်နဲ့ကော်ထုတ်၍ ဆင်းကြမည် မဟုတ်။

"ဘယ်လောက်ပြောပြော အရှက်မရှိဘူး"

မာမို့အသံက မကျေမချမ်း။

ဘယ်သားသမီးကိုမှ မနိုင်။ ကိုယ့်အမေပြောသည့် စကားဆိုပြီး မြေဝယ်မကျ နားထောင်မည့်သူလည်းမရှိ။ ပြန်မပြော နားမထောင်၊ ကိုယ်ထင်ရာစိုင်းကြသူတွေချည်း။

အားလုံး အိမ်ထောင်သည်တွေဖြစ်ပြီး သားသမီးကိုယ်စီနှင့် မိဘနေရာကို ရောက်နေကြသူများဖြစ်ပါလျက် ကိုယ့်မိဘနေရာ ဝင်ပြီး ကိုယ်ချင်းစာနာရကောင်းမှန်းမသိ။

ကိုယ့်အတွက်ကိုသာ ရှေ့တန်းတင်နေကြသူတွေကြားထဲမှာ အိမ်ထောင်ကျဖို့ဝေးလို့ ချစ်သူရည်းစားပင် မရှိသေးသည့် မနော တစ်ယောက်တည်း ဟိုမရောက် ဒီမရောက် အားလုံးမျက်စိမွေးစူးဖို့ ဖြစ်နေသည်။

"အတာတို့ကို အဲဒီလောက် ရင့်ရင့်သီးသီး မပြောပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



မာမီ၊ အားလုံးက မာမီကိုယ်တိုင် မွေးထားတဲ့ မာမ့်သားသမီးတွေပါ''

မတာက ထစွာတော့ မာမီက မဲ့သည်။

''အဲဒါ ငါက ဘာလုပ်ရမှာလဲ၊ ညည်းတို့ အရှက်မရှိ နေ့တိုင်းရန်ဖြစ်နေတာ ငါက ဒီအတိုင်း လက်ပိုက်ကြည့်နေရမှာလား၊ ငါပြောတာ မခံချင်ရင် ရဂုံမြိုင်မှာ မနေနဲ့''

''တခြားသူတွေသွားရင် အတာတို့ကလည်း သွားမှာပါ မာမီ၊ မာမ့်သားသမီးတွေအားလုံး ရဂုံမြိုင်က အခုပဲ ဆင်းခိုင်းလိုက်''

''အံမယ်…ဘာကိစ္စ ငါတို့က ရဂုံမြိုင်က ဆင်းရမှာလဲ၊ နင်တို့ဘာသာဖြစ်တဲ့ကိစ္စ နင်တို့ဘာသာ ရှင်းကြပါလား၊ မဆိုင်တဲ့လူ လာ လာ ဆွဲမထည့်နဲ့''

ကိုလေးက တစ်စခန်းထသည်။

တစ်အိမ်ထဲ အတူနေကြပေမယ့် တစ်ယောက်နှင့်တစ်ယောက် အဆင်ပြေသည်မရှိ။ တစ်ခုမဟုတ်တစ်ခု အမြဲပြဿနာတက်နေတာကိုပဲ ကိစ္စကြီးတစ်ခုလို လိုက်ရှင်းနေရသည့်အဖြစ်ကို ကြာတော့ ရှုံမုန်းလာသည်။





လူကြီးချင်းဖြစ်လျှင်ဖြစ်၊ မဖြစ်လျှင် ကလေးချင်းဖြစ်ကြသည်။ နောက်တော့ သူ့ဘက်ကိုယ့်ဘက်ပါကာ စကားနိုင်လုကြ၊ ရန်ဖြစ်ကြနှင့် ဒီသံသရာဝဋ်က ဘယ်တော့မှ ကျွတ်မည်မသိ။

''အတာကလည်း ပြောချင်လို့ပြောတာမဟုတ်ဘူးနော်၊ မာမီက ပြောနေလို့ပြောရတာ''

''ညည်းတို့ကရော ငါ့အပြောအဆိုလွတ်အောင်နေလို့လား၊ ဒီမယ် ဒါ နောက်ဆုံးဖြစ်ပါလေ့စေ၊ နောက်တစ်ခါ ဒါမျိုးထပ်ဖြစ်လို့ကတော့ ရဂုံမြိုင်မှာ ဘယ်သူမှမနေကြနဲ့၊ အားလုံးထွက်သွားကြ''

''ပြောမရရင် ရဲကိုခေါ်ပြီး ဆွဲချုပ်ပဲ''

မာမီက သူ့ထုံးစံအတိုင်း ပြောလိုက်ရင် မိုးလားကဲလားနှင့် စကားလုံးအကြီးကြီးတွေ တွင်တွင်သုံးသည်။ ပြီးတော့ ဘာမှဖြစ်အောင် လုပ်တာလည်းမဟုတ်။ အားလုံးက မာမ့်အကြောင်းသိပြီးသားဆိုတော့ ဘယ်သူကမှ မာမီ့ကိုမကြောက်။

အခုလည်း မတာနှင့်မလတ်က တစ်ယောက်ကိုတစ်ယောက် ပေစောင်းစောင်း ကြည့်သွားကြသည်။ အစိတ်စိတ်အမွှာမွှာ ကွဲကြေကျန်ရစ်သော ရေးမှန်ကြီးနှင့် မနောသာ မာမ့်မျက်စိ



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာ ကျန်ခဲ့သည်။

"နှမြောစရာကောင်းလိုက်တာ မနော့ရယ်၊ ဘာကိစ္စ ညည်းက မာမီ အမြတ်နိုးဆုံးမှန်ကြီးကိုမှ ထုနှက်ရိုက်ခွဲပစ်ရတာ လဲ၊ ဒါမှ ညည်းအဘွား အပျိုထဲက မှန်ဆိုတာ သိရက်နဲ့"

"မာမီ့ချွေးမနဲ့သမီးကို ဒီလိုမှ ပုံစံမပေးရင် ဘယ်လိုလုပ် ဒီရန်ပွဲကို ရပ်မှာလဲ မာမီ၊ မှန်က အစားထိုးပြန်ထည့်လို့ရတယ်၊ မာမီကျသွားတဲ့ ဂုဏ်သိက္ခာနဲ့ အရှက်ကို ဘာနဲ့ပြန်အစားထိုးမှာလဲ"

"မနော့တော့ ဒီအိမ်ကြီးမှာကို မနေချင်တော့ဘူး မာမီ"

"ဟဲ့...မပြောကောင်းမဆိုကောင်း၊ ဘာတွေလျှောက်ပြော နေတာလဲ"

ဒီလိုဆိုပြန်တော့လည်း မာမီက မကြိုက်။ မနော့ကတော့ ရဂုံမြိုင်ကိုရော အိမ်ထဲက မိသားစုဝင်တွေကိုရော တကယ်စိတ်ကုန် လှပြီ။ ဖြစ်နိုင်ရင် ဘယ်သူနဲ့မှကို မနေချင်။ သူတို့ကလည်း မနော ရှိုးဆိုသည့် သူမနှင့် နေပါရစေဆိုတာမရှိ။

"အိမ်ကြီးကို မြန်မြန်ရောင်းမှာဆိုလည်း ရောင်းလိုက်တော့ မာမီ၊ သူတို့လိုချင်တဲ့ ငွေကို ခွဲဝေပေးလိုက်၊ ပြီးရင် ရှိုးနဲ့မာမီ





အေးအေးဆေးဆေးနေရုံပဲ"

"မဖြစ်သေးပါဘူး မနော့ရယ်၊ ဝယ်တဲ့လူက ဈေးမတာရား နှိမ်ထားတာ သမီးလည်း သိရက်သားနဲ့"

"ဘယ်တတ်နိုင်ပါ့မလဲ မာမီ၊ အိမ်ထဲကမှ မစည်းရုံးတာ အတွင်းထရံ အပြင်ကာပြီဆိုမှတော့ သူစိမ်းက သူစိမ်းလိုလုပ်တာ ဘာဆန်းလို့လဲ မာမီ"

"စီးပွားရေးသမားဆိုတာ ဘယ်သူသေသေ ငတေမာရင် ပြီးရောဆိုတာ လူတိုင်းသိတာပဲ၊ အမြီးကျက်အမြီးစား၊ ခေါင်းကျက် ခေါင်းစားမှာပဲ၊ မာမီသာ ကိုယ်ဆုံးဖြတ်စရာရှိတာကို ရဲရဲဆုံးဖြတ်၊ ကြာရင် အခြေအနေက ဒီထက်ပိုဆိုးဖို့ပဲရှိတယ် သိလား"

မနော့ပြောတာ မှန်လွန်းမက မှန်နေ၍ မာမီ့ခမျာ ဘာစကားမှမပြောနိုင်။ ကိုယ့်ရင်က လွယ်မွေးထားရသည့် သားသမီးတွေပဲဆိုပြီး မိဘနေရာက ဘာတစ်ခုမှ မပြောရက်မဆို ရက်ပေမယ့် သူတို့အလှည့်ကြတော့ မိဘမျက်နှာကို မထောက်။

သူတို့လိုချင်တာ၊ ဖြစ်ချင်တာတွေ ခပ်ပြောင်ပြောင်တောင်း ဆိုရဲကြသည်။ ပြောဆိုရက်ကြသည်။ မုဆိုးမ မိခင်ကြီးပါလားဆို



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဘယ်သားသမီးကမှ မသနား။

ရုံမြိုင်မှာ အားလုံး စုပေါင်းလာနေပြီး ပြဿနာပေါင်းစုံ ရှာကြသည်။ ရန်ပွဲမဖြစ်သည့် နေ့ရက်မရှိ။ တစ်နေ့တစ်ရက်မှ စိတ်မချမ်းသာကြရ။

"မာမီ စဉ်းစားပါဦးမယ် မနော့ရယ်၊ သမီးအဘိုးအဘွား တွေပိုင်တဲ့ ဒီတိုက်နဲ့ခြံကို မာမီ မခွဲရက်ဘူး၊ ပြီးတော့ ဒီမှာ သမီးဒက်ဒီကိုယ်တိုင် ခေါင်းချသွားတာဆိုတော့ မာမီတို့ထွက်သွား ရင် ဒီအိမ်ကြီးမှာ သူတစ်ယောက်ထဲ"

ပြောရင်း မာမို့အသံက တုန်ခါတိုးဝင်သွားကာ မျက်လုံး အိမ်မှာ သီဝေလာသော မျက်ရည်စတွေကိုပါ မြင်ရသည်။ မာမို့ မျက်ရည်မြင်ရတော့ မနော့ရိုးရင်မှာ မချမ်းမြေ့။

"မငိုနဲ့ မာမီ၊ နောက်ဘယ်တော့မှ မာမီ မကြိုက်တဲ့စကား မနော မပြောတော့ဘူး"

မာမီက မနော့ရှေ့မှာ မျက်ရည်ကျသည်။

မပြတ်သားသည့် မာမို့ဆုံးဖြတ်ချက်ကို သိပေမယ့် နောက် ဘယ်တော့မှ မနော နှုတ်ဖျားက ရုံမြိုင်ကို ရောင်းဖို့ထပ်မပြောတော့



ဟော…အခုကြတော့ ရုံမြိုင်မှာ ဘယ်သူ့ဘယ်သူမှ ထိန်းမနိုင်သိမ်းမရ ဖြစ်ချင်တိုင်းဖြစ်ကုန်ကြပြီ။ အဲဒါ မာမီကြောင့်ဟု ဆိုလျှင် မနောပဲ ငရဲကြီးတော့မည်။

မာမီက မလတ်တို့သားအမိ ကားအက်ဆီးဒင့်ဖြစ်တာကို အစအဆုံး လိုက်လုပ်ပေးရာကအစ ငွေရေးကြေးရေးကိစ္စတွေပါ ရှုပ်ထွေးကုန်သည်။ မလတ်က ပြန်ဆပ်ပါမည်ဟုပြောပေမယ့် ဘယ်သူကမှမယုံ။

ယုံချင်စရာလည်းမရှိ။

မိဘပိုက်ဆံ ကိုယ့်အိတ်ထဲရောက်အောင် နည်းအမျိုးမျိုး သုံးပြီး ကြိုးစားကြပုံက ကြောက်စရာ။ နောက်တစ်လမှာ ကိုညီ ကား ပိန်ချိုင့်လာသည်။ တစ်ဖက်ကို လျော်ကြေးပေးရမည်။ ကိုညီ့ ကားကို ပြင်ရနှင့် ပွဲက တော်တော်လှသည်။

ကိုလေးအလှည့်ရောက်မှာ ကျောချမ်းနေပေမယ့် ကြုံလာ တော့ မာမီပဲ ပျာယာခတ်ပြန်သည်။

သွားပြီ။ မလတ်ထဲက စည်းပေါက်သွားလိုက်တာမှ တကယ့်ကို မရပ်မနား။ မာမီ မျက်ရည်မဆည်နိုင်သလို ငွေထုပ်

www.burmeseclassic.com

www.burmeseclassic.com



ပိုက်ပြီး ရှင်းနေပုံကို မကြည့်ရက်တာနှင့် မနော ရဂုံမြိုင်က ထွက်လာခဲ့သည်။

ကြာလျှင် လူသတ်မိတော့မည်။ သူတို့ လန်ကြုတ်ဓာတ်လမ်းတွေကို မာမီ ယုံချင်ယုံမည်။ မနောကတော့ ဘယ်သူ့ကိုမှမယုံ။

မာမီ့ကွယ်ရာမှာ အားလုံး ကျေကျေနပ်နပ် ပြုံးပျော်နေတာကို မြင်စေချင်ပေမယ့် ထုတ်ပြောမနေတော့။

မိဘနဲ့သားသမီး ဒီလောက်ရက်စက်ချင်ကြတာ ရက်စက်ကြစမ်း။ တစ်နေ့ မာမီ့ဝဋ်လည်မှာ သေချာသည်။ ကိုယ့်အလှည့်ကြရင်သာ မနဲ့ကြစတမ်း ခံစားနိုင်အောင် ခံစားကြည့်ကြဟု စိတ်ထဲကပဲ ပြောလိုက်သည်။

မနောကိုယ်တိုင်ကတော့ ရဂုံမြိုင်ကို စွန့်လွှတ်ထားရစ်ခဲ့ပြီ။ မာမီ့ကို မချစ်လို့မဟုတ်။ မာမီ့နောက်ကွယ်က မနော မြင်နေရကြားနေရသည့်ကိစ္စတွေကြောင့် ဘာပြဿနာမှ ထပ်မဖြစ်ချင်၍ဖြစ်သည်။

မာမီတို့ မနောအတွက် စိတ်မပူဖို့ စာရေးထားခဲ့သည်။





မနော ရှိမည်ထင်သည့်နေရာသို့ ကိုမြတ်နှင့် ဦးလေးစိန် ရောက်လာသည်။

အခုတော့ အရာအားလုံး မနော၏နောက်မှာ မှုန်ဝါးကျန်ရစ်သည်။ ရှေ့ဆက်ရမည့် ခရီးအတွက် သက်ပြင်းရှိုက်သံသဲ့သဲ့ကကားသီချင်းသံထဲ တီတ်ဆိတ်စီးမျောသွား၏။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

“ရှေ့နားမှာ တစ်ယောက်လိုက်မယ်ဆရာရေ”

“ကျိုး”

ကားစပယ်ယာ၏ အသံအဆုံးမှာ ကားက ငြိမ့်ခနဲ လမ်းဘေးတစ်နေရာမှာ ထိုးရပ်သွား၏။ ကားတံခါးဖွင့်သံ ပိတ်သံ စကားပြောသံ၊ ကားပေါ် လူတစ်ယောက်တက်လာသံ အားလုံး ကြားပေမယ့် မနော လှည့်မကြည့်။

စိတ်လည်းမဝင်စား။

ကားပြတင်းပေါက်မှတစ်ဆင့် မြင်တွေ့နေရသော မြင်ကွင်းကိုသာ ငေးမိငေးရာ တွေတွေလေး စူးစိုက်ကြည့်နေခိုက်မှာ ကားစထွက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘုတ်"

"အား…အခုမှပဲ အညောင်းပြေသွားတော့တယ်ကွာ"

ဘုတ်ခနဲ အဝတ်အိတ်ပစ်ချသံ၊ နောက် မနောဘေးမှာ လူတစ်ယောက် ငြိမ့်ခနဲ ဝင်ထိုင်လိုက်သည့်အသံ။ ဆတ်ခနဲ မနော နားကို ရောက်လာသည့်လူကို လှည့်ကြည့်လိုက်တော့ ထိုလူက မနောကိုပင် တစ်ချက်စောင်းငဲ့မကြည့်။

ရှည်ရှည်လျားလျား မြင့်မြင့်ထွားထွား သူ့ကိုယ်ကြီးကို ခွဲဆန့်ပြီး အပျင်းတွေ ဖွတ်ထူကာ ပါးစပ်ကလည်း အီးအီးအားအား တွေ အော်နေလိုက်သေးသည်။

"ဒုတ်"

"အာ…ဆောရီး"

ဖြစ်ချင်တော့ သူ့လက်ကြီးနှင့် မနောပခုံးကို ဒုတ်ခနဲထိသည်။

"သိပ်နာသွားလား ချာတိတ်"

ပြဿနာတော့ စပြီဟု တွေးသည်။ ပါးစပ်အပာမှာ အရက်နံ့က ထောင်းခနဲ။ ဒီလိုလူစားမျိုးနှင့် အတူသွားရမဲ့အရေးက



တော့ တကယ်စိတ်ပျက်စရာ။

"ဟော့…ငါမေးတာ မကြားဘူးလားကွ"

"ကြားတယ်ဗျာ၊ မဖြေချင်လို့"

မနောလေသံက ခပ်ဆတ်ဆတ်။

တင်းမာမှုန်ကုတ်နေသည့် မျက်နှာမှာက အလိုမကျခြင်းတွေ အထင်းသား။ အစထဲက စိတ်မကြည်ရသည့်အထဲ အရက်သမားနှင့်မှ ခရီးဖော်ဖြစ်ရလေခြင်းရယ်လို့ ကိုယ့်ကိုယ်ကို မကျေမနပ်ဖြစ်နေချိန်။

သမိန်ထော်ကလည်း သူ့လိုလူတစ်ယောက်ကို အရော မဝင်ချင်သလိုလို၊ မတူမတန်သလို အမူအရာနှင့် ဂျစ်ကန်ကန် ပေတူးတူးကောင်လေးကို သဘောကျစွာ တဟားဟား ရယ်လိုက်၏။

"တကယ်လည်း ရယ်စရာကောင်းတဲ့ လောကကြီးပါလားကွဟင်"

ပြောပြီး ထပ်ရယ်သဖြင့် မနောမျက်နှာ ပိုတင်းသွားသလို ကားထဲက လူတချို့ကလည်း သမိန်ထော်ကို မသိမသာရော သိသိ

www.burmeseclassic.com

www.burmeseclassic.com



သာသာပါ ဝိုင်းကြည့်ကြသည်။

သမိန်ထော်က ဘယ်သူ့ကိုမှ ဂရုမစိုက်။ အသင့်ပါလာသော ရေသန့်ဗူးအဖုံးကို ဖွင့်ပြီး ရင်ထဲကအပူကို ရေအေးဖြင့် လောင်းဖြိုချလိုက်၏။

"မင်းက ငါ့ကို စကားမပြောချင်ဘူး ဟုတ်လား"

"သိရင် ကိုယ့်ဘာသာကိုယ်နေဗျာ"

တစ်ဖက်က မနောကို သူ့လိုယောကျ်ားလေးတစ်ယောက်ဟု ထင်နေတာကို အသုံးချပြီး တကယ့်ယောကျ်ားလေးနှင့်တူအောင် မနော လေသံဟိတ်ဟန် အမူအရာကိုပါ ပြောင်းပစ်လိုက်သည်။

ယောကျ်ားချင်းတောင် ပြဿနာရှာချင်နေမှတော့ မနောဆိုတာ အားနွဲ့သည့်မိန်းမသားဆိုတာသိလျှင် ပိုဆိုးမည်ဆိုသည့် အတွေးက သူ့အလိုလို ခေါင်းထဲရောက်လာသည်။

"အေးလေ...ငါကလည်း ခရီးသွားဖော်ချင်း မိတ်ဖွဲ့ကြည့်တာပါ၊ မင်းက လူကောင်သေးသလောက် ဘဝင်မြှောက်မြင့်နေတော့ ဆောရီးပါဗျာ"

"စကားပြောဖော် မရှိမှတော့ မျက်စိမှိတ်၊ ပါးစပ်ပိတ်ပြီး





အိပ်ရုံရှိတာပေါ့ဗျာ၊ အိပ်ပြီဟေ့"

မျက်နှာထားတင်းတင်းနှင့် မှုန်ကုတ်နေသည့်ကြားက မနောကို သူပြောချင်ရာပြောဖြစ်အောင် ပြောလိုက်သေးသည်။

မနော လုံးဝလှည့်မကြည့်။

သိပ်မကြာလိုက်။ တရှူးရှူး တရှဲရှဲနှင့် ဘယ်အချိန်ထဲက အိပ်ရေးပျက်ထားမှန်းမသိသော အရက်သမားထံမှ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သံကို ကြားရသည်။

ဒါလည်း တစ်မျိုးကောင်းတာပဲဟု မနော တွေးလို့မှမဆုံးသေး တစ်ဖက်လူ၏ကိုယ်ကြီးက မနောဘက် ရောက်မှန်းမသိ ရောက်လာသဖြင့် အရက်သမားကိုယ်ကြီးကို တွန်းထုတ်လိုက်သည်။

မရ။ နောက်တစ်ခါ ထပ်ပြိုလာသည်။

ဒီတစ်ခါတော့ မနော ဆက်သည်းမခံနိုင်တော့။ မနော ငြိမ်နေလျှင် ပိုဆိုးလာတော့မည်။ ကျားကိုးစီးစားမကုန်သည့် ကိုယ်ကြီး မနောကိုယ်လေးပေါ် တအိအိလာထိချိန်မှာ နှစ်ခြိုက်စွာ အိပ်ပျော်နေသူ၏ နံကြားကို တတောင်နှင့် တအားဆောင့်တွက်ပစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ဒုတ်"

"အား"

ခပ်အုပ်အုပ်အော်သံနှင့် သမိန်ထော်မျက်လုံးအစုံ ဖျတ်ခနဲ ပွင့်လာတော့ သူ့နံကြားကို တတောင်ဖြင့် တွက်လိုက်သည့် လက်သည်တရားခံ၏ မျက်နှာကို တင်းမာခက်ထန်စွာ တွေ့ရသည်။

"ဟ…မင်းကဘာလဲ၊ လူကို ဘာလုပ်တာလဲဟင်"

"သိချင်ရင် ကိုယ့်ကိုယ်ကို အရင်မေးလိုက်ဦး"

"ငါက ဘာမေးရမှာလဲ"

နာကျင်သွားသည့် နေရာကို လက်နှင့်အုပ်ကိုင်ရင်း သမိန်ထော မျက်ထောင့်နီကြီးနှင့် သူ့မျက်စိရှေ့က ကောင်လေးကို စိုက်ကြည့်လိုက်သည်။

"ဘာလဲကွာ၊ လူလေးက မလောက်လေးမလောက်စားနဲ့ မင်းက ငါ့ကိုရန်စရအောင် မင်းက ဘာကောင်လေးလဲ"

"ခင်ဗျားတစ်ကိုယ်လုံး ကျွန်တော့်ကိုယ်ပေါ် လာလာပိ





နေလို့ ဆုံးမတာ"

"ဘာကွ"

"ဒီထက်ပိုမနာချင်ရင် ကိုယ့်ကိုယ်ကို ဆင်ဆင်ခြင်ခြင်နေ"

"မင်းက စွာလှချည်လား"

လေသံက ပြတ်သလို မျက်နှာကလည်း တင်းသည်။ သမိန်ထော်မျက်နှာကို ကြည့်ပုံက ခပ်မိုက်မိုက်။ တော်ရုံလူ တစ်ယောက်ဆိုရင် ထိုအကြည့်အောက်မှာ ဖြုံကောင်းဖြုံသွားနိုင်မှာ ဖြစ်ပေမယ့် သမိန်ထော်လိုလူတစ်ယောက်အတွက်တော့ စာဖွဲ့ရမည့် စာရင်းမှာမပါ။

ကောင်လေး၏ ဒေါသထွက်နေတာကိုပဲ တစ်ချက်ရယ်လိုက်သည်။ ဆတ်ဆတ်ထိမခံဖြစ်နေတာကို သဘောကျ၍ပါ။

"ခရီးသွားချင်းပဲကွာ၊ ဒီလောက်တော့ သည်းခံမှပေါ့"

"သည်းခံတယ်ဆိုတာ အတိုင်းအတာတစ်ခုပဲရမယ်ဗျာ၊ ရင့်သလို ကျော့သလို လာလုပ်လို့ကတော့ ဆောရီးပဲ"

"မင်းကွာ နှုတ်သီးကောင်းလှချည်လား ရန်တွေ့နေလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



မိန်းမကြီးကျနေတာပဲ"

"ဘာဗျာ့"

"ငါ အိပ်ရေးပျက်လာတာကွ၊ အိပ်ချင်တာပဲသိတယ်၊ အနားမှာနေပြီး ဆူညံပူညံတွေလာလုပ်မနေနဲ့၊ ကျေးဇူးပြုပြီး တစ်မေး လောက်တော့ နားစမ်းပါရစေ"

အံမာ စကားပြောပုံက အကျောကြီးနဲ့။ မနောကပဲ အကြောင်းမသိရင် သူ့လိုယောက်ျားရင့်မကြီးတစ်ယောက်ကို တမင် အသားယူ အနိုင်ကျင့်ပြောနေတဲ့အတိုင်း။

နောက်ထပ် စကားဆက်မများချင်တာနဲ့ပဲ နှုတ်ဆိတ်နေ လိုက်သည်။ ဒီတစ်ခါတော့ သူကလည်း သူ့အပြစ် သူသိသွားပြီ မို့ သူ့ကိုယ်ကြီးကို တတ်နိုင်သလောက် မနောရှိးနှင့် ဝေးနိုင်သမျှ ဝေးအောင်နေပြီး ပြန်အိပ်သည်။

နှစ်နှစ်ခြိုက်ခြိုက်ကြီး ပြန်အိပ်ပျော်သွားပြန်တော့ ပြဿနာ က စသည်။ တအိအိပြို့ကျလာသည့် သူ့ခေါင်းကြီးက မနော ပခုံးပေါ်မှာ။

"ဒီမှာ ခင်ဗျား ပြောမရဘူးလား"

စိုး:မိုး:၈၁၆၀



"ဟိတ်လူ…ဟိတ်လူ"

"ဘာလဲကွ"

"ခင်ဗျားခေါင်းကြီး ကျွန်တော့်ပခုံးပေါ် ရောက်နေပြီဗျာ့ သိလား"

"ကျွတ်"

မကြည်မသာ အိပ်ချင်မူးတူးဖြင့် သူ့ကိုယ်ကြီး တစ်ဖက် ရွှေ့သွားသည်။

"နောက်တစ်ခါအိပ်ရင် ကိုယ့်ကိုယ်ကို သတိထားပါ"

"ဒီလောက် ဆတ်ဆတ်ထိမခံဖြစ်နေရင်လည်း ဘာဖြစ် လို့ ကိုယ်ပိုင်ကား ဝယ်မစီးဘဲ ဘတ်စ်ကားလာစီးနေလဲ၊ တကတည်းဗျာ လူက အိပ်ချင်ပါတယ်ဆိုမှ သခွပ်ပင်က မီးတကျီကျီနဲ့"

"အံမယ်…အရှုးက တစ်မူးသာနေလိုက်တာ၊ ကိုယ့်အပြစ် ကိုယ်တော့ မပြောဘူး၊ သူများကိုချည်း အပြစ်ပြောနေတယ်"

"ဒီလောက်အိပ်ချင်နေရင်လည်း ကိုယ့်အိမ်ကိုယ်ပြန်အိပ် နေပါလား"

စိုး:မိုး:၈၁၆၀

www.burmeseclassic.com

www.burmeseclassic.com



"အိပ်စရာ အိမ်မရှိလို့ပေါ့ကွ"

"ဒါဆို ခင်ဗျားပါးစပ်ပိတ်ထား၊ နားညည်းတယ်"

"မင်းလည်း ငါ့ကို နောက်ထပ် ရန်မစနဲ့၊ ငါ အိပ်ပြီ"

ခရီးသည်တချို့က မနောတို့နှစ်ယောက်ကို စိတ်ဝင်စားသလို လှမ်းလှမ်းကြည့်နေတာကို မမြင်ဟန်ဆောင်နေလိုက်သည်။

မနောဇာတာကိုက ဘယ်နေရာရောက်ရောက် လူအကြည့်ခံရဖို့ ဇာတာပါလာသလားမသိ။ ကိုယ့်ဘာသာကိုယ် အာရုံနောက်နေရသည့်အထဲ အနားက အမူးသမားနှင့် ရန်ဖြစ်စကားများနေရသည်။

သိပ်မကြာ တစ်ဖက်လူက ရှူးရှူးရှဲရှဲနှင့် ပြန်အိပ်သွားသည်။ လမ်းခရီးတစ်လျှောက်လုံး နောက်ထပ် အရက်သမားနှင့် ပြဿနာမဖြစ်အောင် ကြိုးစားနေသည့်ကြားက စားသောက်ဆိုင်မှာ ကားရပ်တော့ ပြဿနာက လာငြိဖြစ်အောင် ငြိသေးသည်။

"လုပ်ပါဦးကွ ချာတိတ်၊ ငါ့ပိုက်ဆံအိတ် ဘယ်မှာကျန်ခဲ့မှန်းမသိလို့ မင်းပိုက်ဆံ ခဏလောက် ပေးသုံးစမ်းပါဦး"

"ဘာလဲဗျာ ရှုပ်ရှုပ်ယှက်ယှက်"



"မင်းပိုက်ဆံ ခဏချေးဖို့ပြောနေတာကွ၊ ပြီးရင် ပြန်ပေးမယ်"

မကြည်သလို မျက်နှာမှုန်မှုန်ဖြင့် အနားကလူကို မကျေမနပ် မနော မော့ကြည့်လိုက်သည်။

အရက်သမားပေမယ့် လူပုံက ခပ်ဖြောင့်ဖြောင့်။ ရုပ်ချောသလောက် သောက်စားမူးယစ်ပြီး ကိုယ့်ပိုက်ဆံအိတ် ဘယ်ကျလို့ကျမှန်းမသိသည့်လူ။ သူ့ရှေ့မှာ စားသောက်ထားသည့် ပန်းကန်တွေရှိရာ ရောက်သွားသည်။ လူက စီးကရက် အခဲမပျက်။ မနောသာ သူ့အတွက် လိုအပ်သည့်ပိုက်ဆံ ထုတ်မပေးလျှင် ဒီလူ ဘာတွေဘယ်လို ဆက်ဖြစ်မည်မသိ။

"ခင်ဗျားနဲ့မပတ်သက်ချင်လို့ ကိုယ့်ဘာသာနေတာဗျာ"

"ဟုတ်ပါပြီ၊ ကိုယ်ကလည်း မင်းကို ဇွတ်ပတ်သက်ချင်လို့မဟုတ်ဘူးကွ၊ အခုဟာက မင်းမြင်တဲ့အတိုင်း"

"လူစုံရင် ကားထွက်မယ်ဗျို့"

"ဒီမယ် ညီမလေး၊ အစ်ကို့အတွက် ဒီကညီလေး ရှင်းပေးလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်လူ"

"ဘယ်မှမသွားပါဘူးကွ၊ စီးကရက် မီးငြိမ်းမလို့ပါ"

မကြည်မသာနှင့်ပင် ကျသင့်ငွေကို ရှင်းပေးလိုက်ရသည်။ နေရာက ကားစထွက်သည်။

"ဘယ်လောက်ကျလဲကွ"

"ငါးထောင်"

"မှတ်ထားကွ"

"ဘာဗျ…ခုနကတော့ ခင်ဗျားပဲ ပြန်ပေးမယ်ဆို"

"ပေးမှာပါကွ၊ မင်းပိုက်ဆံကို အရင်းရောအတိုးပါ ပေးမှာ"

"ခင်ဗျား လူလည်မကျနဲ့နော်၊ ဘာအတိုးမှ မလိုချင်ဘူး၊ ခင်ဗျား အလွတ်သုံးထားတဲ့ ပိုက်ဆံအတိအကျပဲ လိုချင်တယ်"

"ပေးမယ်လို့ ပြောပြီးနေပြီပဲကွ"

"ဒါဆို အခုပေးဗျာ"

"အဟတ်…ဟား…ဟား"

တင်းမာမှုန်ကုတ်နေသည့် ကောင်လေး၏မျက်နှာကိုကြည့်



ပြီး သမိန်ထော် အော်ရယ်လိုက်သဖြင့် အကြည့်တွေက သူတို့ထံ စုပြုံရောက်လာသည်။

"ငါ့နာမည် သမိန်ထော်"

"ခင်ဗျားနာမည် ဘယ်သူမှမမေးဘူး"

"မင်းနာမည်ရော"

"ခင်ဗျားသိစရာမလိုပါဘူး"

သမိန်ထော် ပြုံးသည်။

"မင်းတစ်ကိုယ်လုံး ဒေါသချည်းပဲ၊ မင်းငါးထောင်ပြန်ပေးမှာပါကွ၊ လောလောဆယ် ငါ့ပိုက်ဆံအိတ် ပျောက်နေတာ မင်းလည်းအသိပဲ"

"အစထဲကရော ခင်ဗျားပိုက်ဆံအိတ် ပါလာရဲ့လား"

"နိုး"

"ထင်သားပဲ"

အထင်သေးရွံ့ချသည့် အမူအရာနှင့် ကောင်လေးအကြည့်ကို သဘောကျစွာ သမိန်ထော် ရယ်မိပြန်သည်။ ငွေမရှိရင် ဘာမဟုတ်တဲ့ကောင်လေးကတောင် သမိန်ထော်ကို အထင်မကြီး

www.burmeseclassic.com

www.burmeseclassic.com



ပါလား။

"မင်းပိုက်ဆံ မဆုံးစေရပါဘူးကွ"

"ဆုံးလည်း ဂရုမစိုက်ပါဘူး၊ ဒီလောက်ငွေတော့ လှူတယ်လို့ပဲ သဘောထားလိုက်ပါတယ်"

ကောင်လေးပုံစံက မထိတရီ။ မျက်နှာကို တစ်ဖက်လှည့်သွားပုံက သူ့လိုလူနှင့် အရောတဝင် အရေးလုပ် စကားမပြောချင်ဟန်။

သမိန်ထော် ပြုံးလျက် ပခုံးနှစ်ဖက်ကို တွန့်လိုက်သည်။

"မင်းကြည့်ရတာ သူဌေးထင်တယ်"

"ခင်ဗျားထက်စာရင်ပေါ့"

"အဟွန်း...ဟွန်း မင်းကတော့ တကယ်မလွယ်တဲ့ ကောင်ပဲ၊ စကားကို နည်းနည်းမှ အတင်အစီးမခံဘူး"

ဒီတစ်ခါတော့ မနော ဘာမှမပြော။

ဒီဝင်္ဂကြ မြန်မြန်ကျွတ်ဖို့ ဆုတ်ဆိတ်နေလိုက်သည်။

□ □ □

## အခန်း (၃)

"ဂိတ်ဆုံးပါပြီခင်ဗျာ၊ ခရီးသည်အားလုံး ဒီမှာဆင်းနိုင်ပါပြီ"

မနော အပါအဝင် ကားပေါ်က ခရီးသည်တွေအားလုံး လှုပ်လှုပ်ရှားရှား ကိုယ့်အဝတ်အိတ် ကိုယ်ဆွဲလျက် ကားပေါ်က ဆင်းကြသည်။

ရှီမီကို ဖုန်းဆက်အကြောင်းကြားထားသဖြင့် လူတွေကြားထဲ ဟိုဟိုဒီဒီ လိုက်ရှာကြည့်ပေမယ့် ဘယ်နေရာမှမတွေ့။ အနားကို လူတစ်ယောက် လာရပ်လို့ လှည့်ကြည့်လိုက်တော့ ကားပေါ်ကလူ။

"မင်းက ဘယ်ကိုသွားမှာလဲ"

"ဘာဖြစ်ဖြစ် ခင်ဗျားအပူမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ခရီးအတူတူဆိုရင် မင်းနဲ့ငါ ကားအတူစီးလို့ရမလားလို့ပါ"

မနောထံမှ ရူးလက်သောအကြည့်က မကျေမနပ်နှင့် သမိန်ထော်ဆိုသည့်လူထံ ဖျတ်ခနဲ ရောက်သွားသည်။ ဂျင်းဘောင်းဘီရှည်၊ တီရှပ်အနက်၊ ခရီးဆောင်အိတ်ပျော့တစ်လုံး လွယ်ထားသည့် သူ့ပုံစံက လူတွေကြားမှာ ထင်းခနဲ၊ ရှင်းခနဲ စတိုင်လ်မိမိလှပုံချောဖြင့် အကြောင်းမသိသူတွေအမြင်မှာ အထင်ကြီးစရာဖြစ်ပေမယ့် မနောကတော့ သမိန်ထော်ဆိုသည့်လူကို နည်းနည်းမှ အထင်မကြီးပါ။

"ဘယ်လိုလဲ ချာတိတ်၊ ကူညီနိုင်မယ်ဆိုရင်"

"ဘာမှမကူညီနိုင်ဘူးဗျာ၊ ဒီမှာ ကိုယ့်ဒုက္ခကိုယ် စိတ်ညစ်နေရတဲ့ကြားထဲ"

"သုံးထောင်လောက် ခဏပေးကွာ"

"ဘာလဲဗျာ၊ လူကို ခင်ဗျားငွေထုတ်စက်ထင်နေလား"

"တကယ်လိုအပ်လို့ပါကွ၊ မင်းကလည်း"

"ရှော့ဗျာ…ရှော့၊ နောက်ထပ် ဘာမှလာမပတ်သက်နဲ့"





ငွေသုံးထောင်ကိုထုတ်ပြီး သမိန်ထော်ဆိုသူလက်ထဲ ထည့်ပေးလိုက်သည်။

"ဒီလိုအပြတ်ပြောလို့ ဘယ်ဖြစ်မလဲကွ၊ မင်းဆီက ယူထားတဲ့ငွေ ပြန်ပေးရဦးမှာ"

"လိပ်စာပေးထား"

"ခင်ဗျား သွားစရာရှိတာသာ သွားစမ်းပါဗျာ၊ ဒီမှာ အာရုံနောက်နေရတဲ့ကြားထဲ"

"ငါ့ကြောင့်လား"

"ဟုတ်တယ်ဗျာ၊ ဟုတ်တယ်"

"မင်းနှင်လို့ သွားတာနော်၊ နောက်တစ်ခါ ပြန်ဆုံရင် တာဝန်မယူဘူး"

"အဟတ်…ဟား…ဟား"

သမိန်ထော်မျက်နှာကို မော့လှန်လျက် အားပါးတရ ရယ်ပစ်လိုက်သည်။ သူ့အဖြစ်တွေကို တစ်ခုပြီးတစ်ခု သဘောကျနေမိ၍ပါ။

"သွားပြီဟေ့ ချာတိတ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ်…ဒီလူ"

ပါးစပ်က ရိုးရိုးပြောတာမဟုတ်။

မနောခေါင်းက ဆံပင်ထိုးထိုးထောင်ထောင်လေးတွေကို သူ့လက်ကြီးနှင့် ဆွဲဖွလျက် ကျောခိုင်းသွားခြင်းဖြစ်သည်။

"တီ…တီ"

"ရှိမီ"

"ဆောရီး မနောရယ်၊ ရှိမီ နည်းနည်းနောက်ကျသွားတယ်၊ လာ ကားပေါ်တက်"

မနောနား ထိုးရပ်လာသည့် ကားပေါ်တက်လိုက်သည်နှင့် ကားလေးက ဝေါခနဲ ပြေးထွက်သွားသည်။

"ဆံပင်တွေ ညှပ်ပစ်လိုက်တာလား မနောရယ်၊ ရှင့်ဆံပင်တွေက လှကလှနဲ့ နှမြောစရာ"

ရှိမီက မနောဆံပင်တိုလေးတွေကိုကြည့်ပြီး နှမြောတာသနေချိန်မှာ အေးစက်ထုံပေနေသော မနောပုံစံလေးက ဘာကိုမှ ဂရုမစိုက်ဟန်အပြည့်။

"လူတောင် တစ်နေ့သေရဦးမှာပဲ ရှိမီရယ်၊ ဆံပင်တွေ





ညှပ်ပစ်လိုက်ရတာလောက်တော့ စာမဖွဲ့ပါဘူး"

"မနောပုံစံက လောကကြီးကို စိတ်ကုန်နေသလိုပါလား"

"ဖြစ်နိုင်ရင် ဘဝကို အစကကို ပြန်စချင်နေတာ ရှိမီ"

"ဒါနဲ့ပဲ မနောအိမ်ကလူတွေကို အသိမပေးဘဲ ထွက်လာတယ်ပေါ့ ဟုတ်လား"

"မနော ပျောက်သွားလို့လည်း ဘယ်သူကမှ စိတ်ပူကြမှာမဟုတ်ပါဘူး၊ မာမီကလွဲလို့ပေါ့၊ အားလုံးက မနောမရှိလို့ ပိုတောင် ပျော်နေကြဦးမှာ"

တကယ်ပါ။

မာမီကလွဲပြီး မနောကို ဘယ်သူမှ ကြည့်ရကြတာမဟုတ်။ မနောကလည်း ဘယ်သူက ကြည့်ရရ မရရ ဂရုကိုမစိုက်။ အမှန်တရားဘက်ကပဲ ကြိုးစားရပ်တည်ဖို့ ဆုံးဖြတ်ထားသည်။ ဒီကြားထဲက မနောကို တိုက်ရိုက်ထိခိုက်ပတ်သက်လာသည်ဆိုတော့ ရဂုံမြိုင်ကို ထားရစ်ခွန့်ခွာဖို့ ဖြစ်လာရခြင်းဖြစ်သည်။

"ကြည့်လေ…သူ့ကိုယ်သူ ဆရာမကြီးလိုလို ဘာလိုလိုနဲ့ ဟိုလူနဲ့ရန်ဖြစ်၊ ဒီလူနဲ့ရန်ဖြစ်လုပ်ပြီး သူ့အိတ်ထဲချည်း အပ့ါထည့်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ ကြိုးစားနေတာ မသိဘူးများ မှတ်နေသလားပဲ''

''လူက မနောဆိုပြီး တကယ်ဖြစ်နေတာက လောဘအိုး ဖြစ်နေတာ''

လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်လျက် မတာဆိုသည့် မိန်းမကို အပြတ်ရှင်းဖို့ သွေးတွေဆူဝေလာချိန်မှာ မနောလက် တစ်ဖက်ကို လာဆုပ်ကိုင်လာသူကြောင့် ဖျတ်ခနဲ လှည့်အကြည့်

''မာမီ''

မနောမျက်လုံးအိမ်မှာ မျက်ရည်တွေ ချက်ချင်းပြည့်တက် လာသည်။ မတာ ပြောသည့်စကားတွေကို မနောကြားသလို မာမီ လည်း ကြားသည်ဆိုတာ အဖြေက ရှင်းပြီပေါ့။

''စိတ်ကိုလျှော့လိုက်ပါ သမီးရယ်၊ ဘယ်သူတွေ ဘာပြောပြော ကိုယ့်လိပ်ပြာ ကိုယ်လုံဖို့ပဲ အရေးကြီးပါတယ်၊ သူတို့ ဖြစ်ချင်တာတွေ လိုချင်တာတွေ မရသ၍ ဒီလိုပဲ သူများကိုချည်း လက်ညှိုးထိုးနေကြဦးမှာပါ''

''မနော ဒီမှာဆက်မနေပါရစေနဲ့ မာမီ၊ ရဂုံမြိုင်နဲ့ဝေးရာကို မနော သွားပါရစေ''





''သမီးအပျိုအရွယ်လေးတစ်ယောက်တည်း မဟုတ်တာ ကွယ်၊ သမီး ဘယ်ကိုမှမသွားပါနဲ့၊ ဒီမှာ မာမီနဲ့ပဲနေပါ''

ပါးပြင်ပေါ် စီးကျလာသည့် မျက်ရည်တွေကို လက်ခုံဖြင့် ခပ်ကြမ်းကြမ်းပွတ်သုတ်ရင်း မာမီ့မျက်နှာကို ကြည့်သည်။

မာမီကိုယ်တိုင်ကလည်း ဘာတစ်ခုမှ တတ်နိုင်တာလည်း မဟုတ်ဘဲနှင့် မနောကို ဘယ်မှမသွားဖို့ တားနေသည်။ ရှေ့ဆက် လာမည့် ပြဿနာတွေက မသေးမှန်း မနောသိသလို မာမီလည်း သိရက်နှင့်။

သေချာစဉ်းစားပြီးမှ မနော ရဂုံမြိုင်ကနေ ဘယ်သူ့ကိုမှ အသိမပေးဘဲ ထွက်လာခဲ့သည်။ ရိုမီကိုတော့ ဖုန်းဆက်ပြီး လိုအပ် တာလေးတွေ လုပ်ပေးဖို့ အကူအညီတောင်းထားသည်။ အခု ရိုမီ လာကြိုသည်ဆိုတော့ စိတ်တစ်ဝက်မက သက်သာသွားသည်။

''မနောပြောတဲ့အတိုင်း တိုက်ခန်းငှားဖို့ကိစ္စ အဆင်ပြေရဲ့ လား ရိုမီ''

''မနော စိတ်ကြိုက်ဖြစ်အောင် အတတ်နိုင်ဆုံး ရိုမီ ကြိုးစားထားပါတယ်၊ ဒါပေမဲ့ မနောတစ်ယောက်တည်း''



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လဲ ရိုမီ၊ လူဆိုတာ လာတုန်းကလည်း တစ်ယောက်တည်း၊ ပြန်တော့လည်း တစ်ယောက်တည်း၊ ဘာမှ မဆန်းဘူး"

မနောမျက်နှာက တင်းသလို စကားပြောတာလည်း ပြတ်သည်။ မိသားစုပြသနာ အရှုပ်အထွေးကြားက လွင့်လာသော သူငယ်ချင်းလှလှလေးကိုကြည့်ပြီး ရိုမီ ဘာပြောရမှန်းမသိ သက်ပြင်းကျိတ်ချလိုက်သည်။

ရိုမီတို့အိမ်မှာ လိုက်နေပါဆိုတော့လည်း ပြောစကားနားမထောင်။ သူမဘာသာ လွတ်လပ်စွာ တစ်ယောက်တည်းနေချင်သည်ဆိုတာနဲ့ပဲ မနောအတွက် အိမ်ငှားပေးထားရသည်။

"ဒါလည်းဒါပေါ့ဟယ်၊ ကိုယ့်မှာ အဖော်အပေါင်းလေးနဲ့ ဘာနဲ့ဆိုတော့ အရေးအကြောင်းဆို တိုင်ပင်ရတာပေါ့"

"ရိုမီရှိနေတာပဲ၊ လိုအပ်ရင် မနော ဖုန်းဆက်လိုက်မယ်၊ အခု ဘယ်သွားနေတာလဲ"

"တစ်ခုခုအရင်စားမယ်လေ၊ ပြီးမှ မနောအတွက် ငှားထားတဲ့အိမ်ကို လိုက်ပြမယ်၊ နေရာကတော့ မနောအကြိုက်ဖြစ်မှာပါ၊





ပတ်ဝန်းကျင်လည်း သန့်တယ်"

"အိမ်ကတော့ လုံးချင်းပဲ၊ တစ်ခြမ်းကန့်ပြီးငှားမှာ"

"ကျေးဇူးပဲ ရိုမီ"

သူငယ်ချင်းနှစ်ယောက် ဆိုင်တစ်ဆိုင်မှာ ဝင်ပြီးအရင်စားကြသောက်ကြသည်။ ပြီးမှ ရိုမီက မနောအတွက် ငှားထားသော နှစ်ထပ်တိုက်အိမ်ကြီးကို လိုက်ပို့သည်။

"ဒီမှာတော့ အထဲမှာ မနောအတွက် ရိုမီ အားလုံးစီစဉ်ထားပြီးသား၊ သော့ဖွင့်ပြီး ဝင်နေရုံပဲ"

"လခရော"

"ရိုမီ ပေးပြီးပြီလေ၊ မနောအတွက် ဒီလောက်တော့ ရိုမီဘက်က ကူညီခွင့်ရမှဖြစ်မှာပေါ့"

"မဟုတ်သေးပါဘူး ရိုမီရယ်"

"ဟုတ်လိုက်ပါ မနောရယ်၊ အခုအချိန်မှာ မနော အရမ်းစိတ်ညစ်နေတာ ရိုမီ သိတယ်၊ တခြားဘာကိုမှ စဉ်းစားမနေနဲ့၊ ရိုမီ ပြောတဲ့စကားကိုသာ နားထောင်၊ ဟုတ်လား"

"ရိုမီရယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြုံးနေသည့် ရှိမီမျက်နှာလှလှလေးကို ကြည့်ပြီး မနော ဘာမှမပြောတတ်အောင် ရှိမီကို ကျေးဇူးတင်ပြီးရင်း တင်နေမိသည်။ ရှိမီသာ မကူညီရင် မနော ဘယ်လိုမှ အဆင်ပြေမည်မဟုတ်။

"ဟိုရှေ့က တိုက်အိမ်ပဲ မနော"

"ကျွီး"

သစ်ပင်ကြီးငယ်တို့ အုပ်စိုးမှိုင်းညို့နေသည့် ခြံဝင်းကြီးတစ်ခု ရှေ့မှာ ရှိမီ ကားလေး ရပ်သွားသည်။

"လာ...မနော၊ ဘွားအဲလာက အရင်တုန်းက ရှိမီတို့အိမ်မှာ အလုပ်လုပ်တာလေ၊ ဘွား လက်ထဲပေါ့၊ ဒီခြံနဲ့အိမ်က ဘွား အမွေရထားတာ"

"မနော နေရတာက အပေါ်ထပ်အခန်းဘေးမှာ လှေကား သီးသန့်လည်းပါတယ်"

"ဩော်"

အိမ်ကြီးက အုတ်ခံနှစ်ထပ်တိုက်အိမ်ကြီးပေမယ့် ဘာတစ်ခုမှ ပြန်လည်ပြုပြင်ခြင်းမပြုဘဲ ပစ်ထားသဖြင့် အကြည့်ရဆိုးပေမယ့် ခိုင်ခန့်နေပါသေးသည်။





"အောက်ထပ် ဒီဘက်အခြမ်းမှာက ဘွားအဲလာတို့မြေး အဘွားနေတယ်၊ မနောအတွက် အခန်းကို လိုက်ပို့မယ်"

"လာ"

မနောလက်ကိုဆွဲပြီး အပေါ်ထပ်အတွက် သီးသန့်ထုတ်ပေးထားသော လှေကားအတိုင်း ရှိမီက ဦးဆောင်တက်သွားသည်။

"ဒီအခန်းပဲ"

သော့ကို ရှိမီကပဲ ယူပြီးဖွင့်ပေးသည်။ အခန်းထဲမှာ လူတစ်ယောက်စာ အသင့်နေနိုင်အောင် ရှိမီက ခြင်ထောင်၊ စောင်၊ မွေ့ရာကအစ ရေသန့်ဗူး၊ ဆပ်ပြာ၊ ဖယောင်းတိုင်ကအစ အသေးစိတ် စီစဉ်ပေးထားသည်။

"ဘယ်လိုလဲ ဖြစ်ရဲ့လား"

"ဖြစ်ပါတယ်၊ ရှိမီကို သိပ်ကျေးဇူးတင်တယ်ဆိုတာကလွဲပြီး မနောမှာ တခြားဘာကိုမှ ပြောစရာမရှိတော့ဘူး"

"ပြောစရာမရှိရင် မပြောနဲ့ပေါ့၊ ခစ်...ခစ်"

ရှိမီကပဲ ဦးဆောင်ပြီး တစ်ယောက်အိပ်ခုတင်လေးပေါ်မှာ မွေ့ယာခင်း၊ ခြင်ထောင်ထောင် အားလုံး လုပ်ပေးနေသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မနောမှာ အားနာပြီးရင်း အားနာနေရသည်။

"တူ…တူ…တူ"

"ခဏလေးနော် မနော"

"မောင်လား၊ မှီကိုမစောင့်နဲ့လို့ ပြောထားရက်နဲ့ကွာ"

ဖုန်းက ရှိမှီချစ်သူဖုန်း။

ရှိမှီက မနောကို လက်ကလေးကာပြပြီး အခန်းအပြင် ထွက်သွားသည်။ တိုးတိုးတိုးတိုးနှင့် ဘာတွေပြောနေသည်မသိ အတော်လေးကြာမှ မနောရှေ့ ပြန်ရောက်လာ၏။

"မနောကို ဘာမှအားနာမနေနဲ့ ရှိမှီ၊ ဒီလောက်ဆို မနော အတွက် ပြည့်စုံလုံလောက်လွန်းလို့ ပိုတောင်ပိုနေပြီ၊ ရှိမှီချစ်သူ ခေါ်နေတာ သွားတော့"

"နောက်ရက်မှ ရှိမှီ လာခဲ့ဦးမယ် မနောရယ်၊ ဒီနေ့မအား လို့ မလာပါဘူးဆိုတာကို ဇွတ်ဂျီကျနေတာ၊ ကလေးကျနေတာပဲ"

"မနောကို ဘွားအဲလာနဲ့ ရှိမှီ မိတ်ဆက်ပေးခဲ့မယ်၊ လာ လိုက်ခဲ့ဦး"

ရှိမှီက မနောကို ဘွားအဲလာနှင့် မိတ်ဆက်ပေးပြီးမှ



လက်ကလေးတပြပြနှင့် ပြန်သွားသည်။ တစ်လမ်းလုံး ပန်းလာ သမျှ ရေချိုးအနားယူပြီး တဝကြီး အိပ်ပစ်လိုက်သည်။

□ □ □

[redacted]

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

"ဒုန်း"

"ဝုန်း"

"ဘာလဲ၊ ဘာဖြစ်တာလဲ"

နှစ်ခြိုက်စွာ အိပ်ပျော်နေရာက ဒုန်းခနဲ ဝုန်းခနဲ အသံတွေကြောင့် အိပ်ရာက အလန့်တကြားနိုးလာသူက မနော။

"အဟတ်...ဟား...ဟား"

"လောကကြီးက တယ်လည်း ရယ်စရာကောင်းပါလား ကွဟင်"

ယောကျ်ားတစ်ယောက်၏ ရယ်သံကျယ်ကျယ်နှင့် စကားပြောသံကြောင့် အိပ်နေရာက ဆတ်ခနဲ ခေါင်းထောင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါက ဘယ်လိုဖြစ်တာလဲ။

အပေါ်ထပ်မှာ မနောတစ်ယောက်တည်းလို့ ထင်နေထားတာ။ အခုတော့ မနောနှင့်အတူ တခြားတစ်ယောက်လည်း ရှိနေပါသေးလားဆိုသည့် အသိကြောင့် လူပါ အိပ်ရာက ဝုန်းခနဲ ထလိုက်မိလျက်သားဖြစ်သွားသည်။

"ဝုန်း"

"ခွမ်း"

ဟော...လုပ်ပြန်ပြီ။

အခန်းနံရံနှင့် တစ်စုံတစ်ရာ ထိမှန်သံက ဝုန်းခနဲ ခွမ်းခနဲ နီးနီးကပ်ကပ် ကြားနေရတော့ ရင်တုန်လာသည်။ ရှိမီပြောတော့ ဖြင့် ဒီနေရာက မနောအတွက် စိတ်ချရတယ်၊ သန့်တယ်ဆိုပြီး အခုတော့ ဘယ်လိုဖြစ်သည်မသိ။

လူမိုက်လူရမ်းကားတစ်ယောက် မနောရှိးနှင့် အိမ်ကြီး၏ အပေါ်ထပ်မှာ အတူရှိနေသည့်အဖြစ်က မယုံနိုင်စရာ။

"တစ်ဖက်ကလူရှိရင် ဆောရီးဟော့"

"ကျွတ်"



မနောနှုတ်က ကျွတ်ခနဲ အသံထွက်သွားသည်။ ဒီလိုပုံနဲ့ ရှေ့ဆက် ဘယ်လိုနေရမည်မသိ။ ကိုယ့်ပိုက်ဆံနဲ့ကိုယ် အိမ်ငှားနေရသည်ဆိုပေမယ့် တစ်ဖက်လူကို အားနာသင့်သည်။

မနောစိတ်ထဲ အိမ်ရှင်အဖွားကြီးကို ဖျတ်ခနဲ သတိရလိုက်သည်။ ဒီပြဿနာကို အိမ်ရှင်ကို အသိပေးတိုင်ကြားရမည်။

တစ်ဖက်ခန်းက အသံတိတ်အောင် စောင့်ပြီး အောက်ထပ်ကို ဆင်းခဲ့သည်။ ထင်သည့်အတိုင်း အိမ်ရှင်အဘွားကြီးက မရှိ။ ဒါကြောင့်လည်း ဒီလူ ဒီလောက်သောင်းကျန်းရဲတာကိုးဟု သိလိုက်သည်။

သော့ခတ်ထားသည့် အိမ်ရှင်အဘွား ဒေါ်အဲလာအခန်းကို ကြည့်ပြီး မနော ကိုယ့်အခန်းကို ပြန်တက်ခဲ့သည်။ ဒီတစ်ခါ ပြဿနာရှာလို့ကတော့ မနော ငြိမ်ခံမနေဘဲ တစ်ခုခုလက်တုံ့ပြန်ဖို့ ကြိုးစားထားသည်။ ငြိမ်ခံနေလျှင် ကြောက်တယ်ထင်ပြီး ပိုဆိုးလာမှာမျိုး အဖြစ်မခံနိုင်။

"မိန်းမ...မိန်းမ တယ်လည်းကြောက်စရာကောင်းတဲ့ မိန်းမတွေပါလားကွ ဟင်"

www.burmeseclassic.com

www.burmeseclassic.com



လူကိုတော့ မမြင်ရ။

တစ်ဖက်ခန်းကတော့ မိန်းမ မကောင်းကြောင်းပြောနေသည့်လူကို သူ့အလိုလို မနော မျက်စောင်းရောက်သွားသည်။

မိန်းမတွေ မကောင်းကြောင်းပြောနေတာ ကိုယ်နဲ့ဘာမှ မဆိုင်ပေမယ့် နာချင်သည်။ မနောကိုယ်တိုင်လည်း မိန်းမသားများစွာထဲက မိန်းမတစ်ယောက်ကိုး။

"ကဲကွာ"

"ခွမ်း"

"ဒုတ်"

"အမလေးဗျာ"

ဖြစ်ချင်တော့ တိုက်တိုက်ဆိုင်ဆိုင်။ မနော ကိုယ့်အခန်းကိုယ်အပြန် တစ်ဖက်က အခန်းထဲက ရုတ်တရက် ပျံဝဲတက်လာသည့် ဓာတ်ပုံမှန်ဘောင်လေးတစ်ခုက မနောနဖူးကို လာမှန်ပြီး ကြမ်းပေါ် ခွမ်းခနဲ ကျကွဲသည်။

"အာ…ဆောရီး ညီလေး၊ ရုတ်တရက် အစ်ကိုမမြင်…ဟင်…မင်း"





"ခင်ဗျား"

သမိန့်ထော်နှင့်မနော တစ်ယောက်မျက်နှာ တစ်ယောက် အံ့သြစွာကြည့်မိကြသည်။ တမင်ချိန်းထားရင်တောင်မှ လွဲချင်လွဲဦးမည်။ အခုတော့ ဘွားအဲလာရဲ့အိမ်ကိုမှ နှစ်ယောက်အတူ ငှားမိသည်အထိ ရေစက်က မကုန်နိုင်။

"ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲဗျာ ဟင်၊ ဒီမှာ ကျွန်တော့်နဖူးကွဲပြီး သွေးတွေထွက်လာပြီ"

"ဗဲရီးဆောရီး၊ အများကြီးတောင်းပန်ပါတယ်ကွာ၊ ငါ့ကြောင့် မင်း ဒီလိုဖြစ်သွားတာ လုံးဝစိတ်မကောင်းပါဘူး၊ အခု ငါ မင်းကို ဘာလုပ်ပေးရမလဲ၊ ဆေးခန်းလိုက်ပို့ရမလား၊ ဆေးပလာစတာ ဝယ်ပေးရမလား"

"ကြိုက်တာပြော၊ မင်းဒဏ်ရာ ဘယ်လောက်များသွားလည်းဆိုတာ ငါ့ကိုပြစမ်းပါဦး"

မနောရှေ့ လှမ်းခနဲရောက်လာပြီး နဖူးစောင်းက သွေးစို့နေသည့် ဒဏ်ရာကို ဖိအုပ်ထားသော မနောလက်ကလေးကို သူ့လက်ဖဝါးကြီး ဖျတ်ခနဲ ဆွဲယူလိုက်ပုံက မြန်လွန်း၍ ရှောင်ချိန်



www.burmeseclassic.com

www.burmeseclassic.com



ပင် မရလိုက်။

"ဒဏ်ရာက သိပ်တော့မများဘူးကွ၊ ဆေးခန်းသွားစရာ မလိုဘူးထင်တယ်"

"ဖယ်စမ်းပါဗျာ၊ ကျွန်တော့်အသားကို လာမထိစမ်းပါနဲ့"

ဖျတ်ခနဲ မနောရိုးက သမိန်ထော်လက်ကို ပုတ်ထုတ်လိုက်၏။

"ဟ…ဘာလဲကွ၊ ငါက စေတနာနဲ့ မင်းဒဏ်ရာကို ကြည့်ပေးတာ"

"ဘာစေတနာလဲ၊ ခင်ဗျားဆီက ဘာစေတနာမှ မလိုဘူး"

မွန်ကုတ်ဂျစ်ကန်သော မျက်နှာပေး၊ ကြည်သာခြင်းမရှိသော အထင်သေး ရွံ့ချအကြည့်များဖြင့် မနော သမိန်ထော်ဆိုသည့်လူကို ချာခနဲ ကျောအခိုင်းမှာ သမိန်ထော်ထံမှ ရယ်သံခပ်အုပ်အုပ် ကြားလိုက်ရ၏။

"ဟိတ်ကောင်လေး…မင်းနဲ့ငါက ရေးရေစက်ကြောင့် ပြန်ဆုံတာနော်၊ အဲဒါကိုတော့ မမေ့နဲ့"



"ကျွတ်"

နောက်ပါးက ပြေးလိုက်လာသည့် သမိန်ထော်အသံကြောင့် မနောမျက်နှာလှလှလေး ညိုမှောင်သွားသည်။ ကြံဖန်ပြီး လာဆုံရတာ ရေစက်လို့ဆိုပေမယ့် ဒီလိုလူမျိုးနှင့်တော့ ဘယ်နေရာရောက်ရောက် ရေစက်မဆုံချင်ပါ။

အိပ်ခန်းတံခါးကို ဒုန်းခနဲ ဆောင့်အပိတ်မှာ သမိန်ထော်က ကားပေါ်က ချာတိတ်နှင့် ပြန်တွေ့ရတာကိုပဲ သဘောကျစွာ လှိုက်လှိုက်လှဲလှဲ ရယ်လိုက်သည်။

ဒါပဲလေ ကံတရားဆိုတာ။

ကိုယ် ကြံစည်ချင်တိုင်းလည်း ဖြစ်ချင်မှဖြစ်တာမျိုး။ ဟော ကိုယ်က ဘာမှမကြံရမစည်ရပါဘဲနှင့်လည်း သူ့အလိုလို ဖြစ်ချင်ဖြစ်နေတတ်တာလည်း သမိန်ထော်ကိုယ်တွေ့။

ဘာပဲဖြစ်ဖြစ် ကားပေါ်မှာ ဆုံခဲ့သည့် ချာတိတ်လေးနှင့် တွေ့ရတာ သမိန်ထော်စိတ်ထဲ အလိုလိုပျော်နေမိ၏။ အထူးသဖြင့် သူ့ကို တစ်ခွန်းမခံ ပြန်ပြန်ပြောပြီး အနိုင်ယူသွားတတ်တာကို သဘောအကျဆုံးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတော့ စိတ်မကောင်း။

ကောင်လေး သူ့ကြောင့် ဒဏ်ရာရသွားသည့်အတွက် သူမှာ တာဝန်ရှိသည်။ ဒီကောင်လေးနေရာမှာ တခြားတစ်ယောက်ဆို လွယ်မှာမဟုတ်။

အင်း…ဒီကောင်လေးလည်း လွယ်တော့မလွယ်။ သမိန်ထော်ကို အရက်သမားအဖြစ် အထင်သေးအကြည့်တွေနှင့် မတူမတန်သလို ဆက်ဆံတာ သူ့အမြင် သူ့အသိ။

ဒါကလည်း ကောင်လေးအပြစ်မဟုတ်။

သမိန်ထော်ဆိုသည့် သူကိုယ်တိုင်ကလည်း လောကကြီးကို အရွဲ့တိုက်ချင်စိတ်နှင့် စိတ်ထင်တိုင်းကြပြီး ပေတေလေလွင့်နေသူ။

ချာတိတ်လေးရှိရာအခန်းကို တစ်ချက်လှမ်းကြည့်ပြီး သမိန်ထော် ပြုံးလိုက်သည်။

သူ့ကြောင့် နဖူးမှာဒဏ်ရာရသွားလို့ လူကောင်သေးသလောက် ဒေါသအင်မတန်ကြီးတတ်တဲ့ ကောင်လေးဘယ်လောက် ဒေါသဖြစ်နေမည်ဆိုတာကို တွေးမိ၍ပါ။



သမိန်ထော် သူ့အခန်းထဲ ပြန်ဝင်ပြီး နှစ်ခြိုက်စွာအိပ်ပစ်လိုက်သဖြင့် ဘာမှမသိတော့။ သူ အိပ်ရာကနိုးလာချိန်မှာ ညသန်းခေါင်ကျော်နေပြီ။

ဗိုက်ထဲက ဆာပေမယ့် သမိန်ထော်မှာ ဘာတစ်ခုမှ စားစရာမရှိ။ ရေအဝသောက် ဗိုက်မှောက်ပြီး ပြန်အိပ်လိုက်တာ မိုးစင်စင်လင်းမှ နိုးသည်။

သမိန်ထော် အိပ်ရာကနိုးချိန်က နေမြင့်နေပြီဖြစ်သလို တစ်ဖက်ခန်းက ကောင်လေးအခန်းမှာလည်း အပြင်က သော့ပိတ်ထားသည်။

တစ်ကိုယ်ရည် သန့်ရှင်း ရေချိုး၊ ခေါင်းလျှော်ပြီး ခေါင်းကဆံပင်ကိုပင် ရေစင်အောင်မသုတ်ဘဲ အောက်ထပ်ကိုဆင်းခဲ့သည်။ အောက်ထပ်မှာလည်း ဘယ်သူမှမတွေ့။ လမ်းထိပ်မှာ လက်ဖက်ရည်ဆိုင်ရှိသဖြင့် သမိန်ထော် လမ်းလျှောက်လာခဲ့သည်။

“ဟင်”

မြင်လိုက်ရသည့် မြင်ကွင်းကြောင့် သမိန်ထော် မျက်ခုံးထူတွေ အထက်သို့ မြင့်တက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ဟိုကောင်လေးက ဒီလိုတော့လည်း အစွံသားပါလား။

အနားမှာ ကောင်မလေးက အပြတ်သားနားလှပလျက်။ ကောင်လေးနှင့် ကိုယ်ချင်းပူးကပ် တိုးဝှေ့ထိုင်ရုံမက မျက်နှာချင်းပါ ထိလုမတတ် ချစ်စဖွယ် ရယ်မောစကားဆိုနေပုံက ဘေးလူတွေအမြင်မှာ တကယ့်ကို မနာလိုချင်စရာ။

ကောင်လေးရည်းစားပေါ့။

ထင်တော့မထင်ရ။

ကျွတ်ဆတ်မာကျောသော ကောင်လေးမှာ ဒီလိုလှပချောမောသော ချစ်သူရှိနေသည်ဆိုတော့ ကောင်လေးအစွမ်းအစကမနည်း။

သမိန်ထော်ကို မနောရိုးကမမြင်။

ရှိမီပြောသမျှကိုသာ ခေါင်းတညိတ်ညိတ်နားထောင်နေသည်။ ညက မာမီကိုယ်တိုင် ရှိမီဆီ ဖုန်းဆက်၍ မနော လာမလာမေးသည်။ ရှိမီကတော့ မနော သင်ထားသည့်အတိုင်း မရှိပါ၊ မသိပါဟုဖြေတော့ နောက်က မတာအသံနှင့် မာမီ့သမီး ယောကျ်ားနောက်လိုက်သွားတာနေမှာပေါ့ဟု ပြောသံကြားကြောင်း ရှိမီက

ဗိုး : ဗိုး : ၁၁၄၆



မနောကို သူမသိသမျှ ကြားသမျှ ပြောပြနေခြင်းဖြစ်သည်။

ယောင်းမတွေအားလုံး ဘယ်သူမှ အကျင့်မကောင်း။

ကိုယ်ကိုယ်တိုင် မိန်းမများဖြစ်ပါလျက် ဝဋ်လည်မှာကိုလည်း မကြောက်။ မတာမှာလည်း သမီးနှစ်ယောက်ရှိသည်။ သူများကို မှိုချိုးမှျစ်ချိုးပြောသည့်နေရာမှာတော့ မတာကို ဘယ်သူမှမမီ။

ယောက္ခမဖြစ်သည့် မာမီ့အပေါ်မှာလည်း တစ်ခုမဟုတ်တစ်ခု အမြဲပြဿနာရှာပြီး အမေနဲ့သားကြား အထင်မြင်လွဲအောင်လုပ်တတ်သည်။ တခြားအစ်ကိုတွေတော့ မိန်းမရလျှင် မိသားစုအပေါ် ဘယ်လိုဆက်ဆံသည်မသိ။

အိမ်ကအစ်ကိုတွေကတော့ မယားပြောသမျှ အကုန်အောင်မြင်သည်။ ယုံလည်းယုံကြသည်။ ဒါကြောင့်လည်း မိန်းမတွေကသူတို့ကို နိုင်သည်။ မိသားစုမှာရှိသည့် အမှားတစ်ခုခုကို လက်ညှိုးထိုး၍ မဆုံးနိုင်ပေမယ့် သူတို့သားမယားအပြစ်တွေကို မသိဟန်ဆောင်နေတတ်သည်။

ဘယ်တုန်းကမှ သူတို့မိန်းမတွေ မကောင်းကြောင်း မနော

ဦး : မိုး : ၈၁၄၆

www.burmeseclassic.com

www.burmeseclassic.com



တို့ရှေ့မှာ တစ်ခါမှမပြောဘူး။ သူတို့မိန်းမ ယောကျ်ားတွေကသာ လူလွယ်လျှင် ယောကျ်ားမကောင်းကြောင်း အပြင်မှာပြောကြသည်။

ရှေ့မှာတစ်မျိုး ကွယ်ရာမှာတစ်မျိုး။

"ရှိမ့်သဘောကတော့ မနော့မာမီကို မနော့ကိုယ်တိုင် ဖုန်းဆက်လိုက်၊ သူတို့ထင်သလို မဟုတ်ဘူးဆိုတာ မနော့ဘက်က သက်သေပြရမယ်လေ၊ ဒီလိုမှမဟုတ်ရင် မနော့ ယောင်းမတွေက မနော့အကြောင်း သူတို့ထင်ရာ လျှောက်ပြောရင် မနော့ပဲနစ်နာမှာ သိလား"

"မနော့က ဟုတ်မှမဟုတ်ဘဲ၊ သူတို့ကို ဂရုမစိုက်ပါဘူး"

"ဒါပေမယ့် မတာအကြောင်းလည်း မနော့ သိရဲ့သားနဲ့၊ တစ်စိတ်ကို တစ်အိတ်လုပ်နေကြဆိုတာ၊ မနော့မှန်ပေမယ့် အများ အမြင်မှာလည်း မှန်ဖို့လိုသေးတယ်လေ"

"အန့်တီ့ဆီ ဖုန်းသာဆက်လိုက်စမ်းပါ မနော့ရယ်၊ ရှိမီ ဖုန်းခေါ်လိုက်မယ်နော်"

မနော့ ဘာမှပြန်မပြောနိုင်ခင်မှာ ရှိမီက မာမ့်ဖုန်းကို လှမ်း ခေါ်သည်။



"ဟဲလို"

"အန့်တီလား၊ ရှိမီပါ အန့်တီ"

ဖုန်းလာကိုင်သူက မာမီကိုယ်တိုင်ဖြစ်နေသဖြင့် ရှိမီက မာမီကို အကျိုးအကြောင်းပြောပြီး ဖုန်းကို မနော့လက်ထဲလာထည့် သည်။

"မာမီ...မနော့ပါ"

"စိတ်ပူလိုက်ရတာ သမီးရယ်၊ ရှိမီဆီ သွားမယ်ဆိုလည်း ပြောဆိုသွားမှပေါ့"

"မာမီက ခွင့်မပြုမှာစိုးလို့ပါ"

"ဖြစ်မှဖြစ်ရလေ သမီးရယ်၊ သမီးက ဘာမှမပြောမဆို ပျောက်သွားတော့ အားလုံးက သမီးကို ယုန်ထင်ကြောင်ထင်တွေ ဖြစ်ကုန်တာပေါ့"

"မနော့သိပါတယ်၊ မနော့ကို ယောကျ်ားနောက်ကိုလိုက် သွားပြီလို့ ပြောကြတာမဟုတ်လား"

မနော့အသံထဲမှာ ဝမ်းနည်းတာရော၊ မကျေနပ်သံဖြင့် ရောထွေးလျက် အသံက တုန်သလို မျက်နှာကလည်း ပျက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းနည်းမနေပါနဲ့ သမီးရယ်၊ ဘယ်သူတွေ ဘာပြောပြော ကိုယ်က ဟုတ်မှမဟုတ်တဲ့"

"ဒါပေမယ့် မာမီ့ချွေးမ မတာက မနှောကို ရစရာမရှိအောင် ပြောပြီးပြီမဟုတ်လား"

"သမီး ဘယ်တော့ပြန်လာမှာလဲ၊ ဒါမှမဟုတ် မာမီ သမီးကို လာခေါ်ရမလား"

မာမီက မနှော ဝမ်းနည်းနေတာကိုသိ၍ စကားလမ်းကြောင်း ပြောင်းလိုက်သည်။

ဘယ်ချွေးမမှ မကောင်းတာသိပေမယ့် သားတွေကိုမပြတ်တော့ ဘာမှမတတ်နိုင်။ ဒီအတိုင်း လက်ပိုက်ကြည့်နေ၏။ အခုလည်း သမီးမနှောအကြောင်း မတာက သတင်းလျှောက်ဖွနေသည်။

မဟုတ်တဲ့ မပြောပါနဲ့လို့ ပြောလို့လည်းမရ။

သူ့စိတ်နဲ့သူ့သဘောဆိုတော့ ဒေါ်ကေသီလည်း မတတ်နိုင်။

"မနှော ဒီမှာပဲနေဦးမယ် မာမီ၊ ရန်ကုန်မြို့ကို ပြန်လာလည်း စိတ်ချမ်းသာရမှာမှမဟုတ်တဲ့"



ဒေါ်ကေသီ တစ်ချက်ငြိမ်သွားသည်။ သမီးပြောတာမှန်နေ၍ပါ။ ဖြစ်နိုင်လျှင် ဒေါ်ကေသီကိုယ်တိုင်လည်း ရန်ကုန်မြို့ကို စွန့်လွှတ်ချင်နေပါပြီ။ သားတွေသမီးတွေဆိုပေမယ့် သူ့စိမ်းဖက်လာတော့ ဘယ်သူမှ မိဘကို မမြင်တော့။

ဒီကြားထဲ ချွေးမတွေ၊ သားမက်တွေက မိဘနဲ့သားသမီးကြား သွေးကွဲအောင် ခွဲကြသေးသည်။ အားလုံးထဲမှာ အငယ်ဆုံးဖြစ်သော မနှောပဲ လူလွတ်ဆိုတော့ အမနှင့်တစ်ပေါင်းတစ်စည်းထဲ။ ဘယ်သူ့အပြောမှမခံ။ ကိုယ်တိုင်လည်း မဟုတ်တာမလုပ်တော့ အားလုံးက မနှောကို မုန်းကြတာ ဘာမှမဆန်း။

အိမ်ပြန်လာပါလို့လည်း သမီးကို မခေါ်ချင်။ ပြန်လာလျှင်လည်း စိတ်ချမ်းသာရမှာမဟုတ်။

"အေးလေ...သမီး ပျော်သလောက်နေပါ၊ ဒါပေမယ့် အကျိုးအကြောင်းသိအောင်တော့ မာမီ့ဆီကို ဖုန်းမကြာမကြာဆက်၊ ငွေလိုရင် ငွေပို့ပေးလိုက်မယ်"

"အခု သမီးမှာရော အသုံးစရိတ်ရှိရဲ့လား"

"ရှိပါသေးတယ် မာမီ၊ ငွေလိုမှပဲ မနှော ဖုန်းဆက်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါ့မယ်''

တခြားအကြောင်းအရာ နည်းနည်းပါးပါးပြောပြီး မနော ဖုန်းပိတ်လိုက်သည့် အချိန်မှာပဲ သူမရှေ့မြင်ကွင်းထဲကို လူတစ်ယောက် ဘွားခနဲ ရောက်လာ၏။

ထိုလူက တခြားသူမဟုတ်။ မနောကို ဒဏ်ရာရအောင် လုပ်သည့် အမှုးသမား သမိန်ထော်ဆိုသည့်လူ။

တမင်ပင် မမြင်ဟန်ဆောင်၍ အကြည့်ကို လွှဲလိုက်သည်။ ဒါကို သမိန်ထော်ကလည်း မြင်သဖြင့် မနောလုပ်ပုံကို သဘောကျစွာ အသံထွက်၍ ခပ်တိုးတိုးရယ်လိုက်၏။

□ □ □

## အခန်း (၅)

''ဒေါက်...ဒေါက်''

တစ်ယောက်တည်း အတွေးပေါင်းစုံနှင့် အိပ်ရာထဲ ငြိမ်နေသော မနောမှာ သူမအခန်းတံခါးကို တဒေါက်ဒေါက်လာခေါက်သံကြောင့် မျက်ခုံးတွန့်သွားသည်။

ရှီမီတော့မဖြစ်နိုင်။

ဒါဆိုဘယ်သူလဲ။

အိပ်ရာက လူးလဲထပြီး ပိတ်ထားသည့် အခန်းတံခါးကို ဖွင့်လိုက်တော့ အခန်းအပြင်မှာ မားမားကြီးရပ်နေသူက သမိန်ထော် ဆိုသည့်လူ။

''ဘာကိစ္စလဲ''

www.burmeseclassic.com

www.burmeseclassic.com



မနောအသံက မာသလို မျက်နှာကလည်း ထန်သည်။ သမိန်ထော်ဆိုသည့်လူနှင့် မပတ်သက်ချင်ဘူးဆိုမှ ဒီလူက လာလာပတ်သက်နေတာကို မကြိုက်။

သမိန်ထော်က သူ့မျက်နှာကိုမြင်သည်နှင့် တင်းမာမှုန်ကုတ်သွားသော သူ့မျက်စိရှေ့က ကောင်လေးကိုကြည့်ကာ တစ်ချက်ပြုံးလိုက်သည်။

သူနဲ့စတွေ့ထဲက ဒီကောင်လေးမှာ တစ်ချိန်လုံး တင်းမာမှုန်ကုတ်နေသည်မှာ ချောမောနုဖတ်နေသည့် မျက်နှာလေးနှင့် မလိုက်။

"ငွေချေးချင်လို့"

"ဘာဗျာ…ခင်ဗျားငွေလိုတိုင်း ကျွန်တော့်ဆီကပိုက်ဆံလာလာချေးနေရအောင် ခင်ဗျားက ကျွန်တော့်သူငယ်ချင်းလား"

"ဟုတ်တယ်"

"ဟင်"

"မင်းနဲ့ငါ လမ်းမှာ အသိမိတ်ဆွေဖြစ်ခဲ့ပြီးသားဆိုတော့ အခု သူငယ်ချင်းဖြစ်သွားပြီ"



ပြောပုံက ဗိုင်လိုက်တာ။

မနောကပဲ သူ့သူငယ်ချင်းဖြစ်ရဦးမည်ဆိုပါလား။

"ဒီမှာ ခင်ဗျားဘာသာ ခင်ဗျားနေရင် ကောင်းမယ်ဗျာ၊ စိတ်ညစ်နေရတဲ့ကြားထဲမှာ ပြဿနာလာမရှာနဲ့"

ပြောပြောဆိုဆို အခန်းတံခါးကို ဆွဲအပိတ်မှာ သမိန်ထော်က တံခါးချပ်ကို ဖျတ်ခနဲ ဆွဲယူလိုက်သဖြင့် တံခါးမပိတ်နိုင်ဘဲ ဖြစ်သွား၏။

"ခင်ဗျား ဘာလုပ်တာလဲဗျ"

"နေပါဦး ချာတိတ်ရာ၊ ငါက မင်းကို စကားအကောင်းပြောမလို့ပါ၊ မင်းဆီက ငွေချေးမယ်ဆိုတာက အလကားမဟုတ်ပါဘူး"

"ဟောဒီမှာ…ရော့၊ ဒါကိုယူထား"

ဖတ်ခနဲ အေးစက်လေးလံသည့် ပစ္စည်းတစ်ခု မနောလက်ထဲ ရောက်လာ၏။

"ဘာလဲဗျာ၊ ဘယ်ကနာရီကြီးလဲ၊ ပေါင်ချင်ရင်လည်း အပေါင်ဆိုင်မှာ သွားပေါင်၊ ကျွန်တော်က အပေါင်ဆိုင်မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ငွေတစ်သောင်း ခဏပေး"

"မပေးဘူးဗျာ၊ ခင်ဗျားနာရီလည်း မယူဘူး"

"မပေးရင် ငါလည်းမသွားဘူးကွာ၊ အခု ငါ့မှာ ငွေအရမ်းလိုနေတယ်၊ မင်းငွေတစ်သောင်းမပေးရင် မင်းရောငါရော ဒီအတိုင်းနေရုံပဲ"

မနောစိတ်မှာ ဒေါသစိတ်က လှိုက်ခနဲတက်လာ၏။ ဒီလူ့ပုံစံက ဘာအချိုးလဲ။ မနောကို မိန်းကလေးမှန်းသိလို့ တမင်ခြိမ်းခြောက်ချင်တာလား။ သူ့မျက်နှာကို စူးစိုက်ကြည့်ပြီး အကဲခတ်လိုက်တော့ သူ့ပုံစံက မနောထင်သလိုမဟုတ်။

သူ့ပုံစံက တကယ့်ငွေအရေးတကြီးလိုနေသည့်ပုံကလွဲပြီး တခြားဘာကိုမှ စိတ်ဝင်စားတာမရှိ။

"မြန်မြန်လုပ်စမ်းပါကွာ၊ ငါ အရက်သောက်ချင်နေပြီကွ"

"ဩော်"

အခုမှ မနော သဘောပေါက်သွားသည်။ အရက်သမား ပီပီ အချိန်ရောက်လာလို့ အရက်သောက်ချင်၍ ငွေအရေးတကြီး လိုနေတာကိုး။





"အရင်တစ်ခါက ခင်ဗျား ကျွန်တော့်ဆီက ယူထားတဲ့ ငွေနဲ့ဆို နှစ်သောင်းရှိပြီနော်"

"အေးပါ၊ မင်းငွေသာ အမြန်သွားယူစမ်းပါ"

"ဒါဆို ခင်ဗျားလက်ကြီးလွှတ်"

သမိန်ထော်က မနောပြောသည့်အတိုင်း ဆွဲထားသည့် တံခါးရွက်ကို လွှတ်လိုက်တော့ တံခါးက ဖျတ်ခနဲပိတ်သွားသည်။

လူကောင်သေးပေမယ့် ကောင်လေးကမလွယ်။ နေရာတိုင်းမှာ သူ့ကိုယ်သူ သတိအပြည့်ရှိသည်။ ဒါမှမဟုတ် သမိန်ထော်ကိုယ်တိုင်ကပဲ ကောင်လေးမျက်လုံးထဲမှာ သူခိုးကြမ်းပိုးရုပ်ပေါက်နေသလားမသိ။

ဒါပေမယ့် ကောင်လေးကိုတော့ သမိန်ထော် သဘောကျသည်။ ဂျစ်ကန်ကန်ပြောတာလေးကို နားထဲစွဲနေ၏။ မျက်နှာက တကယ့်လှူချော။ ဒါပေမယ့် သမိန်ထော်ကိုတွေ့တိုင်း မှုန်ကုတ်တင်းမာစွာ မသက်သာဟန်ကြည့်တတ်တာကိုတော့ သဘောအကျဆုံး ဖြစ်သည်။

"ရော့...ပိုက်ဆံ"



www.burmeseclassic.com

www.burmeseclassic.com



''သင့်ခ်ယူး''

''ခင်ဗျားနာရီကို ကျွန်တော် သိမ်းမထားနိုင်ဘူးဗျာ၊ ပိုက်ဆံတော့ မနက်ဖြန်ဖြစ်အောင်ပြန်ပေး၊ ဒါမှမဟုတ်လည်း ဒီနာရီကို အပေါင်ဆိုင်ပို့လိုက်''

''အေးပါကွာ၊ လောလောဆယ် ဒီနာရီ မင်းသိမ်းထားလိုက်ပါဦး၊ မနက်ဖြန် မင်းပိုက်ဆံ ပြန်ရမှာပါ၊ သွားပြီဟေ့''

မနောလက်ထဲက ပိုက်ဆံကို ဆတ်ခနဲဆွဲယူပြီး ခြေလှမ်းကျဲကြီးတွေနှင့် ကျောခိုင်းသွားသူကိုကြည့်ပြီး မနောမျက်နှာမှာ ပို၍ စိတ်ရှုပ်ထွေးသွားသည်။

လက်ထဲကနာရီကို စိတ်ပျက်လက်ပျက် စားပွဲပေါ်ပစ်ချလိုက်၏။ နာရီအမျိုးအစား တန်ဖိုးဘယ်လောက်ဆိုတာ လုံးဝစိတ်မဝင်စား။

အိမ်ရှင်နှင့်အိမ်ငှား ပြဿနာမှာ ဒီလိုအဖြစ်မျိုးရှိလာလိမ့်မည်ဟု ယောင်၍ပင် မတွေးဘူး။ အခုတော့ ဘွားဒေါ်အဲလာ၏ မြေးက သမိန်ထော်ဆိုသည့်လူ ဖြစ်နေသည်။

ခြောက်လစာ ငွေအားလုံးလည်း ပေးပြီးနေပြီ။ အခုမနေ





ချင်လို့ ထွက်သွားရမည်ဆိုလျှင် ငွေအားလုံး မနောဘက်က ဆုံးရှုံးရံသာရှိသည်။ သူတို့က မနော ဆင်းသွားတာနှင့် ချက်ချင်း လူငှားထပ်တင်မှာသေချာသည်။

မနောမှာသာ ဆုပ်လည်းစူး၊ စားလည်းရူးနှင့် သမိန်ထော်ဆိုသည့် အရက်သမားကြောင့် လူက စိတ်အိုက်ချွေးပျံချင်နေသည်။ ရိုမီကိုယ်တိုင်လည်း ဘွားဒေါ်အဲလာမြေးကိုမသိ။ မြင်လည်းမမြင်ဘူး။

မနောအတွက် ရုတ်တရက် စီစဉ်ပေးတာကိုပဲ ကျေးဇူးတင်ရဦးမည်။

''ဒီအမူးသမားနဲ့ မဖြစ်သေးပါဘူး၊ တစ်ခုခုတော့ လုပ်မှပဲ''

မနော စိတ်ထဲက တစ်ခုခုလုပ်မှဖြစ်မှာဆိုတာမျိုး အတွေးရောက်လာပေမယ့် လူက လက်တွေ့မှာ ဘာလုပ်လို့လုပ်ရမှန်းမသိ။ ပါလာသည့် ကျောပိုးအိတ်မည်းလေးကို ဆတ်ခနဲ ကောက်လွယ်ပြီး လမ်းပေါ် ပြေးဆင်းခဲ့သည်။

လောလောဆယ် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ဖို့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ရှာရမည်။ ရှိမီကိုချည်း နေရာတကာ အားကိုးနေလို့မဖြစ်။ ကိုယ့်ပြဿနာ ကိုယ်ရှင်း။ ကိုယ့်လမ်းကိုယ်လျှောက်ရန်သာရှိသည်။

ကိုယ့်အတွက်နှင့် ဘယ်သူမှ ဒုက္ခမရောက်စေရဆိုတာက မနောရဲ့ ဆုံးဖြတ်ချက်ပင်။ မြို့ထဲရောက်လာသည်။ လူတွေအများကြီးထဲ ရောလျှောက်ရင်း လူက ဟိုကြည့်ဒီကြည့်။

"ဟာ"

ရှောင်ပြေးရန် အချိန်မရလိုက်။

သမိန်ထော်ဆိုသည့်လူက မနောရှေ့တည့်တည့်မှာ ဝိတ်ရပ်နေတာမို့ မနောနှုတ်ဖျားက ကျစ်ခနဲ အသံထွက်သွားသည်။ မတွေ့ချင်ပါဘူးဆိုမှ ဒီလူနဲ့လာတွေ့နေသည်။

"ဘယ်ကိုသွားမလို့လဲကွ ချာတိတ်"

"ဘာဖြစ်ဖြစ်ဗျာ"

ဒေါသဖြင့် မနောအသံက မာဆတ်ဆတ်။

သူ့မျက်နှာကိုမြင်တာနှင့် မကြည်မသာ စူပုပ်နေသည့် မနောမျက်နှာကိုကြည့်ပြီး သမိန်ထော် သဘောကျစွာ ရယ်လိုက်သည်။



သမိန်ထော်ကိုယ်တိုင် ဒီကောင်လေးနှင့် လူတွေ ဒီလောက်အများကြီးထဲ ကြုံဖန်လာဆုံနေတာကို သဘောကျ၍ပါ။ ချိန်းထားလျှင်တောင် လွဲချင်လွဲဦးမည်။ အခုတော့ တိုက်တိုက်ဆိုင်ဆိုင်။

"အဖော်လိုရင် လိုက်ခဲ့မလို့ပါကွ၊ မင်းကလဲ"

"ဘာအဖော်မှ မလိုဘူး၊ ကျုပ်တော့်ရှေ့က ဖယ်စမ်းပါ"

သမိန်ထော်ကိုယ်ကြီး မနောရှေ့က ဖယ်လိုက်သော်လည်း ခြေလှမ်းကျဲကြီးတွေကတော့ မနောသွားရာနောက် အတူလျှောက်လိုက်လာသဖြင့် မျက်ခုံးတွန့်လျက် အနားကလူကို မနော မကျေမနပ် မော့ကြည့်လိုက်၏။

"ဘာလုပ်တာလဲဗျာ၊ နေခဲ့လေ"

"မင်းနောက်လိုက်တာ မဟုတ်ပါဘူးကွ၊ ငါ သွားမယ့်လမ်းကလည်း ဒီလမ်းဖြစ်နေလို့ပါ"

သမိန်ထော်ဆိုသည့် လူ၏စကားကို မနောတော့ လုံးလုံးမယုံ။ မနောနောက်လိုက်လာပြီး ဘာအကြံအဖန်လုပ်ဦးမလို့လဲမသိ။ အမြဲငွေလိုနေသည့် ဒီလူ့အကြောင်း မသိလျှင်ခက်မည်။ မနော သူ့ကို ဘာစကားမှ ထပ်မပြောတော့ဘဲ ခြေလှမ်းကို ပိုသွက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

"ဗိုက်ဆာလိုက်တာကွာ"

မနောထံမှ လှမ်းလက်စခြေလှမ်း တုန့်ခနဲရပ်သွားမတတ်ဖြစ်သွားသည်။ အနားကလူကို လှမ်းကြည့်လိုက်တော့ သမိန်ထော်ဆိုသည့်လူက မနောကို မကြည့်။ သူ့ဗိုက်ကိုပွတ်ပြီး စားသောက်ဆိုင်တွေရှိရာဘက် လှမ်းကြည့်နေတာနှင့် မနော စိတ်ရှုပ်သွားသည်။

ဒီလူနား ကြာကြာနေလျှင် ပြဿနာတစ်ခုမဟုတ် တစ်ခုဖြစ်တော့မှာဟု မနောစိတ်ထဲ အလိုလိုထင်နေ၏။

"ငါ့ကို တစ်ခုခု ဝယ်ကျွေးပါလား ချာတိတ်၊ ငါ့အတွက် ကုန်ကျမယ့်ပိုက်ဆံကို မင်းမှတ်ထားပေါ့၊ ငါပြန်ပေးမယ်"

ထင်သည့်အတိုင်း ပြဿနာတော့စပြီဟု တွေးလိုက်၏။

"ချာတိတ်"

မသိချင်ဟန်ဆောင်ပြီး မနော ဆက်လျှောက်သည်။

"ချာတိတ်"

"ခင်ဗျား ကျွန်တော့်ကို ပြဿနာမရှာနဲ့နော်"

"ငါတကယ် ဗိုက်ဆာနေလို့ပါကွ"



"ခင်ဗျားယူသွားတဲ့ပိုက်ဆံတွေရော"

"ခါးပိုက်နှိုက်ခံရလို့ ကုန်ပြီ"

"ဘာဗျ"

လှမ်းလက်စ ခြေလှမ်း တုန့်ရပ်သွားပြီး သမိန်ထော်မျက်နှာကို မနော မော့ကြည့်လိုက်၏။ ဒီတစ်ခါတော့ သမိန်ထော်ကလည်း မျက်နှာမလွှဲ။ မနောမျက်နှာကို ပြန်ကြည့်နေ၏။

သူ့မျက်နှာက တည်ကြည်ခန့်ညားခြင်းအပြည့်။ ပုံစံကလည်း အေးအေးဆေးဆေး သက်တောင့်သက်သာ။ မနောကို အကူအညီတောင်းနေသည်ဆိုပေမယ့် အသနားခံတာ အောက်ကျို့တာ ဘာဆိုဘာမှမရှိ။

"တကယ်ပြောတာကွ၊ ဘာလဲ မင်းက ငါပြောတာ မယုံလို့လား"

"ခင်ဗျားစကားကရော ယုံချင်စရာရှိလို့လား၊ တော်ပြီဗျာ ခင်ဗျားလမ်း ခင်ဗျားသွား၊ ကျွန်တော့်ကို လိုက်မနှောင့်ယှက်နဲ့"

"နှောင့်ယှက်တာမဟုတ်ဘူးကွ၊ တကယ် ဗိုက်ဆာလို့ ပြောနေတာ"

www.burmeseclassic.com

www.burmeseclassic.com



အနီးကပ်အပြောမှာ အရက်နံ့က ထောင်းခနဲ ထွက်လာသဖြင့် မနော နှာခေါင်းလေးရှုံ့သွား၏။

"ဆောရီး"

သမိန်ထော်ထံမှ တောင်းပန်စကားက မနောနားထဲ ခါးသွားသည်။ အနားက လူတချို့က မနောတို့နှစ်ယောက်အဖြစ်ကို ကြည့်နေ၏။ အရက်သမားနှင့် စကားပြောရတာလောက် စိတ်ပျက်စရာကောင်းတာမရှိ။ အိတ်ထဲက ငွေတစ်ထောင်ကို မထုတ်ပေးချင်ဘဲ ဆွဲထုတ်ပေးလိုက်ရ၏။

"ဒါ ခင်ဗျားအတွက် နောက်ဆုံးပဲ၊ နောက် ဘာဖြစ်ဖြစ် ကျွန်တော့်ကို လာမခေါ်နဲ့"

"ဟိတ်…နေပါဦးကွ"

နောက်ကို တစ်ချက်လှည့်မကြည့်ဘဲ ကားလမ်းတစ်ဖက် လူအုပ်ကြားထဲ တိုးဝင်သွားသော ကောင်လေးကို ကြည့်လျက် သမိန်ထော် ပြုံး၍ ပခုံးနှစ်ဘက် တွန့်လိုက်၏။

ဒီကောင်လေးနှင့် ရေစက်က တော်ရုံမဟုတ်တာသေချာသည်။ ရုပ်ကလေးက မင်းသားလို မှုန်နေအောင်ချောပေမယ့်





စကားပြောပုံကြတော့ ဂျွတ်ဆတ်ဆတ် မာသည်။

မျက်နှာထားကလည်း သူ့ရုပ်ရည်လေးနဲ့ မလိုက်အောင် ခက်ထန်တင်းမာမှုအပြည့်။ လူလေးက ဖြူဖြူနုနုနှင့်။ ပုံစံက ဘာတစ်ခုမှ အချိုးမပြေသည့် ထိုကောင်လေးကိုပဲ အခုလောလောဆယ် သမိန်ထော်လို ကျားကိုးစီးစားမကုန်နိုင်တဲ့လူက ပြန်အားကိုးနေရသည့်အဖြစ်ကလည်း ရယ်စရာ။

နောက်ကို တစ်ချက်လှည့်မကြည့်ဘဲ ပေစောင်းစောင်း ပုံစံ၊ မကြည်မသာမျက်နှာပေးနှင့် ထွက်သွားသည့် ချာတိတ်လေးကိုလည်း အပြစ်ပြောလို့မဖြစ်။

တကယ်အပြစ်ရှိသူက သမိန်ထော်ဆိုသည့် သူကိုယ်တိုင်ဖြစ်သည်။ လက်ထဲမှာ ပိုက်ဆံတစ်ပြားတစ်ချပ်မှ မပါဘဲ လောကကြီးကို စိန်ခေါ်အရွဲ့တိုက်ဖို့ ကြိုးစားခြင်းကိုက သူ့အမှားဖြစ်သည်။

ဒါကလည်း အားလုံးဝမ်းသာဖို့အတွက်။ အထူးသဖြင့် ဖေဖေ့ရှေ့မှာ သူဘယ်လို ပေတေလေလွင့်နေသည်။ အဘယ်မျှ ဆိုးမိုက်နေသည်ဆိုတာ ဖေဖေသိဖို့ဖြစ်သည်။

အခု သူ့လုပ်ရပ် အောင်မြင်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



သမိန်ထော်ဆိုသည့် သားဆိုးလူမိုက်တစ်ယောက်အတွက် ဖေဖေ့ရင်ထဲ နောင်တတရားတွေ ဝင်ရောက်လာအောင် သူလုပ်နိုင်ခဲ့ချိန်မှာ သမိန်ထော်၏မိထွေးတော် ဒေါ်နှင်းဆီ ဖျတ်ဖျတ်လူးကျန်ခဲ့သည်။

ဖေဖေ့ဘဝ၊ ဖေဖေ့အသည်းနှလုံးကိုသာမက ဖေဖေပိုင်ဆိုင်သမျှ ဘာတစ်ခုမှမကျန်အောင် သူတစ်ယောက်တည်း အနိုင်ယူသိမ်းပိုက်ချင်သည့် မိန်းမကြီး။ အခုလို ဖေဖေနှင့် သမိန်ထော်တို့ ထိပ်တိုက်ပြဿနာဖြစ်လာချိန်မှာ ဘာဆိုဘာမှ မတတ်နိုင်အောင် ဖြစ်ခဲ့ရသည်။

ဖေဖေက ဒေါ်နှင်းဆီ၏ ထိန်းချုပ်မှုအောက်မှ မလွတ်နိုင်သေးပေမယ့် သမိန်ထော်အပေါ်မှာ မိထွေးက သွေးထိုးခဲ့သမျှ တစ်ဖက်သတ် ဆုံးဖြတ်ခဲ့တာ သူ့ကိုယ်သူ မှားမှန်းသိနေခဲ့ပြီ။

သမိန်ထော်ကို အိမ်ပြန်လာဖို့ လူလွှတ်ပြီးခေါ်သည်။ သမိန်ထော်က မလိုက်။ သူဖြစ်ချင်တာဖြစ်ခွင့်မရမချင်း၊ သူတောင်းဆိုထားသမျှ ဖေဖေ့ဘက်က မလိုက်လျောမချင်း သမိန်ထော်က သူ့ဆုံးဖြတ်ချက်အတိုင်း နောက်ကြောင်းကို လုံးဝပြန်





မလှည့်။

သူ့ကို ဖေဖေ တကယ်ချစ်လျှင် သမိန်ထော့်ရင်ထဲက ခံစားချက်တွေကို ဖေဖေ အမှန်တကယ် စာနာနားလည်နိုင်ခဲ့ရင် သမိန်ထော် တောင်းဆိုသမျှ လိုက်လျောခွင့်ပြုနိုင်ရမည်။

ဖေဖေ့ဘက်က ဆုံးဖြတ်ချက်ကိုမပြင်သ၍ သမိန်ထော်ကလည်း သူ့ဆုံးဖြတ်ချက်ကို ပြင်ဆင်စရာမရှိ။ လောလောဆယ်တော့ သမိန်ထော်ဘဝက ခြေသလုံးအိမ်တိုင်ဖြစ်နေပေမယ့် သမိန်ထော်ပျော်သည်။သမိန်ထော်ပျော်သလို ဖေဖေနှင့် မိထွေးတော် ဒေါ်နှင်းဆီတို့ မေမေပိုင် နွေမိန်ဦးခြံကြီးထဲမှာ ပျော်ပျော်ကြီးစံနေမည့်အကြောင်းတွေးကာ လောကကြီးကို အရွဲ့တိုက်သောခပ်လှောင်လှောင်တစ်ချက် ရယ်လိုက်၏။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

အားလုံးက မနောကို ယောကျ်ားလေးဟု ထင်နေကြသည်။ မနောကိုယ်တိုင်ကလည်း ကိုယ့်အန္တရာယ်ကို ကာကွယ်ဖို့ သူမကိုယ်သူမ နုနုနယ်နယ်မိန်းမသားတစ်ယောက်အဖြစ် ဖွင့်မပြောဘဲ ရောင့်နေလိုက်၏။

အထူးသဖြင့် သမိန်ထော်ဆိုသည့်လူနှင့်အတူ တစ်တိုက်ထဲရှိနေချိန်မှာ သူမကိုယ်သူမ ပိုသတိထားပြီး ကိုယ့်ကိုယ်ကို လုံခြုံမှုအပြည့်ထားနေရသည်။ ဘွားအဲလာကိုတော့ မနောက သူမကိုယ်သူမ မိန်းကလေးဖြစ်ကြောင်း ဖွင့်ဟဝန်ခံထားပြီး ပြန်နှုတ်ပိတ်ထား၏။

ဘွားအဲလာက နှုတ်လုံသဖြင့် မနောအတွက် ရေချိုးခန်း



www.burmeseclassic.com

www.burmeseclassic.com



ကအစ ဘွားအဲလာဆီမှာ စိတ်ကြိုက်သုံးစွဲခွင့်ရထားသည်။ ဒါက လည်း ရှိမှီကျေးဇူးကြောင့်ပါ။ ရှိမှီသူငယ်ချင်းဆိုတာနှင့် ဘွားအဲ လာက အားလုံးပြီးသည်။

မပြီးနိုင်မစီးနိုင် လိုက်ရှာနေသူက မနော့ကိုလိုက်ပြီး ပြဿနာရှုပ်နေသည့် အရက်မူးသမား သမိန်ထော်ဆိုသည့်လူ ဖြစ်သည်။ ဒီလူကို မတွေ့ချင်၍ မနက်မိုးလင်းထဲကထွက်၊ မိုးချုပ် မှ ပြန်လာရသည့် အလုပ်ရသွားတာကိုပဲ ကျေးဇူးတင်နေရသေး သည်။

လခမများပေမယ့် ချွေချွေတာတာသုံးလျှင် လောက်င နိုင်သည့် အနေအထားမှာ ဘဝဆိုတာ ဒါပါလားဆိုသည့်အတွေးမျိုး ရင်ထဲရောက်လာသည့်အထိကို အရောင်းစာရေးမလေးအဖြစ် ပြောင်းလဲသွားသည့် မနော့အဖြစ်ကို ကိုယ့်ဘာသာ အံ့ဩသလို လို မယုံနိုင်သလိုလိုနှင့် ခပ်ပျော်ပျော် ချီတက်ခဲ့သည်။

မာမီနှင့် ကိုမြတ်သာ မနော့စိတ်ထင်ရာ လျှောက်လုပ်နေ တာသိလျှင် ရင်ထုမနာဖြစ်ကြမှာ သေချာသည်။ မနော့တစ်သက် စားမကုန်သည့် သူဌေးမလေးကနေ လမ်းဘေးစတိုးဆိုင်က အရောင်း





စာရေးမလေးအဖြစ်က မိုးနဲ့မြေလို ကွာချင်တိုင်းကွာသည်။

မနော့ရဲ့စိတ်ကူးယဉ်ဘဝထဲမှာလည်း ဒီအလုပ်မျိုးမပါ။ တစ်သက်လုံး ကိုယ့်စိတ်ကိုယ့်သဘောအတိုင်း ဆုံးဖြတ်လုပ်ကိုင်လာ ခဲ့ရသူပီပီ အလုပ်ရှင်နှင့် အလုပ်သမားဆိုသည့် ဘောင်ကျဉ်းကျဉ်း လေးထဲမှာ ဘာတစ်ခုမှ အံမဝင်ဂွင်မကျ။

ဒါကလည်း ကိုယ့်အကြံနှင့်ကိုယ်ပါ။ ဘွားအဲလာအိမ်က မပြောင်းနိုင်သ၍ သမိန်ထော်ဆိုသည့် အမူးသမားနှင့် မျက်နှာချင်း မဆိုင်ချင်တာနှင့် အလုပ်မရွေးဘဲ ရရာအလုပ်ဝင်ခဲ့ခြင်းမျှသာ။

မနက်မိုးလင်းတာနှင့် မနော့က လမ်းပေါ်ရောက်နေပြီ။ မိုးချုပ်မှ မနော့ ပြန်ရောက်လာတော့ လူမသိသူမသိ ကိုယ့်အခန်းထဲ အသာဝင်အိပ်နေရုံနှင့် ကိစ္စပြတ်သွားသည်။

မနက်စာရော ညစာပါ ထမင်းဝယ်စားသည်။

ချက်ရေးပြုတ်ရေးကအစ ဘာမှမပူမပင်ရ။

ဒီနေ့ မနော့နားရက်တစ်ရက်ရသဖြင့် မနက်အစောကြီး ထစရာမလိုတော့သော်လည်း အကျင့်ရပြီးသားမျက်ဝန်းအစုံက သူ့အချိန်အတိအကျ နိုးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ဘယ်ကိုသွားရမှန်းမသိ။

ရှိဓိက သူ့မိသားစုနှင့် ကော့သောင်းဂ ဆွေမျိုးတွေရှိရာ သွားလည်နေကြသဖြင့် တခြားသွားစရာနေရာစဉ်းစားရင်း ရေချိုး အဝတ်လဲလိုက်သည်။

"ဒေါက်…ဒေါက်"

မနက်စာစားဖို့ အပြင်ထွက်ကာနီး မနောအခန်းတံခါး လာခေါက်သံကြောင့် မျက်ခုံးတွန့်သွား၏။

"ဘယ်သူလဲ"

"ငါပါကွ"

အခန်းအပြင်က သမိန်ထော်အသံကြီးကြောင့် မနောကိုယ် လေး တွန့်ခနဲဖြစ်သွား၏။ ဘာကိစ္စ မနောအခန်းရှေ့ ရောက်နေပြန် သည်မသိ။ မတွေ့ချင်၍မရ။ မမြင်ချင်လည်း မြင်ရဦးမည့်အဖြစ် ကြောင့် သက်ပြင်းချရင်း မနောအကြည့်တွေက စားပွဲပေါ် ဒီအတိုင်း ပစ်ထားသည့် သမိန်ထော်ပေးထားသည့် နာရီထံ ရောက်သွားသည်။

အခုထက်ထိ ဒီလူနှင့်နာရီကိစ္စ မရှင်းရသေး။ အခုရက်ပိုင်း အတွင်း မနောကလည်း ကိုယ့်အာရုံနှင့်ကိုယ် အလုပ်အတွက်





အပြေးအလွှားသွား၊ အပြေးအလွှားပြန်နှင့် ရှုပ်နေသလို သမိန်ထော် ဘက်ကလည်း ငြိမ်နေတာနှင့် အခုချိန်ထိ နာရီအကြောင်း စကား မပြောဖြစ်သေး။

အခု ဒီလူရောက်လာပြီဆိုတော့ သူ့နာရီ ပြန်တောင်းရန်က လွဲပြီး ဘာမှမရှိ။ ပိုက်ဆံ ထပ်ချေးလို့လည်း ဒီတစ်ခါတော့ မနော ဘက်က လုံးဝထုတ်ပေးမည်မဟုတ်။

စိတ်မပါဘဲ စားပွဲပေါ် ဒီအတိုင်းပစ်ထားသည့် နာရီကို ကောက်ယူလိုက်၏။ ပြီးတော့ အခန်းတံခါးကို ဖျတ်ခနဲ ဆွဲဖွင့်လိုက် သည်။

"ရော့"

"ဟ…ဒါကဘာလဲ"

ဘာမပြောညာမပြော အခန်းတံခါး ဖြုန်းခနဲပွင့်လာပြီး သမိန်ထော်ကို လက်ကမ်းပေးလာသည့် ချာတိတ်ကြောင့် အယောင် ယောင်အမှားမှား လှမ်းအယူမှာ သူပေးထားသည့်နာရီက သမိန်ထော် လက်ထဲ ရောက်နေပြီဖြစ်သည်။

"ခင်ဗျားနာရီ ရပြီမဟုတ်လား၊ ကျွန်တော့်ပိုက်ဆံပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးပုံစံက ခပ်မိုက်မိုက်။ အရက်သမားဆိုပြီး သမိန်ထော်ကို အထင်အမြင်သေးသည့်အကြည့်၊ အဆက်အဆံ မလုပ်ချင်သည့် အမူအရာတွေ အထင်းသား။ သူ့မျက်နှာကိုမကြည့်ဘဲ မျက်နှာထားနှင့် စကားကို ခပ်လွှဲလွှဲပြောပုံကအစ ကြည့်လို့လှသည်။

စတိုင်လ်ကျသည်။

"နာရီလာတောင်းတာ မဟုတ်ဘူးကွ"

"ပိုက်ဆံလာချေးတာဆိုရင် တစ်သက်စာ ဆောရီးပဲ၊ ခင်ဗျားကိုပေးဖို့ပိုက်ဆံ ကျွန်တော့်မှာ လုံးဝမရှိဘူး"

ကောင်လေးအပြောကို သဘောကျပြီး သမိန်ထော်နှုတ်ခမ်းတွေ အလိုလိုပြုံးသွား၏။ ကောင်လေးကို သဘောကျသည့်ထဲမှာ ဒါတွေလည်းပါ၏။ သူငယ်ချင်း တင်ထွဋ်နှင့်တွေ့ပြီး စီစဉ်စရာရှိတာတွေ စီစဉ်ရတာနှင့် ဒီရက်ပိုင်းတွင်း ဒီကောင်လေးကိုပင် သတိမထားမိ။

သူသတိထားကြည့်မိသည့်အချိန်မှာ ကောင်လေးက သူ့အခန်းမှာမရှိ။ မိုးလင်းမိုးချုပ် ပျောက်နေသည်။ ဘာကြောင့်မှန်းမသိ နာမည်ပင်မသိရသေးသော ထိုကောင်လေးကို သမိန်ထော်စိတ်ထဲ သူ့အလိုလို သံယောဇဉ်ဖြစ်မိသည်။ ကိုယ့်ညီငယ်လေးတစ်ယောက်လို တွယ်တာမိတာကလည်း အံ့ဩစရာဖြစ်သည်။



ကောင်လေးပုံစံကြည့်ရတာလည်း သူ့စိတ်ထဲ တစ်မျိုးထူးခြားသလို ထင်မိသည်။ ဘာကဘယ်လို ထူးခြားနေမှန်းတော့မသိ။ ဒါပေမယ့် ဂျစ်ကန်ကန်၊ မိုက်ကမ်းကမ်းပုံစံ မျက်နှာပေးနှင့် သမိန်ထော်ကို သူနှင့်မတူသလို မတန်သလို အထင်အမြင်သေးသည့် အကြည့်အပြောနှင့် အဆက်အဆံခံရတာကိုတော့ သဘောအကျဆုံးဖြစ်သည်။

သမိန်ထော်ဘဝမှာ သူ့လိုလူတစ်ယောက်ကို ဒီလိုအပြုအမူ၊ အပြောအဆိုတွေနှင့် အဆက်အဆံခံရတာ ဒါပထမဆုံးဖြစ်သည့်အတွက်လည်း စိတ်ထဲ ထူးထူးခြားခြား ဖြစ်နေတာလည်းပါသည်။

သေချာတာက သမိန်ထော်စိတ်ကြိုက် ပုံသွင်းဖန်တီးလိုက်သော သူ့ဘဝထဲမှာ ဒီချာတိတ်လေးက ဘယ်သူနဲ့မှမတူသော အခန်းကဏ္ဍက ဝင်ရောက်ပတ်သက်လာခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကောင်လေးကို သမိန်ထော် စိတ်ဝင်စားသည်။ လှုပုံချောတာတစ်ခုထဲကြောင့်မဟုတ်။ သမိန်ထော် ကူညီခွင့်ရလျှင် ထိုကောင်လေးဘဝကို ကယ်ယူမြှင့်တင်ချင်တာမျိုး ဖြစ်သည်။

ထို့ကြောင့် ကောင်လေးကို သူ တမင်စောင့်တွေ့ခြင်းဖြစ်သည်။ ကောင်လေးပုံစံကတော့ သူ့ကို အမူးသမားတစ်ယောက်အဖြစ် လုံးဝမပတ်သက်ချင်သည့် ပုံစံက အထင်အရှား။ ကောင်လေးပြန်ပေးသည့် နာရီကို လက်မှာပတ်ရင်း ကောင်လေးမျက်နှာကို ပြုံးကြည့်လိုက်သည်။

''ပိုက်ဆံအရင်ပြန်ပေးလေဗျာ''

''ပေးမှာပေါ့ကွ၊ မင်းကလည်း ဖြည်းဖြည်းပေါ့''

''အပိုတွေ ပြောမနေနဲ့ဗျာ၊ အခု ကျွန်တော် မြို့ထဲသွားတော့မှာ''

''ငါပါ မင်းနဲ့အတူလိုက်မှာပေါ့ကွ၊ ငါလည်း မင်းလိုပဲ ခု မြို့ထဲသွားမလို့''

လှပ်ပြန်ပြီ ဒီလူတော့ဆိုသည့်အကြည့်နှင့် မနောက သမိန်ထော်မျက်နှာချောချောကို မကျေမနပ်ကြည့်သည်။ မနော





အကြည့်ကို သိနေသည့် သမိန်ထော်ကလည်း ခပ်ပြုံးပြုံးမျက်နှာနှင့် ပခုံးနှစ်ဘက်တွန့်ပြသည့်အတွက် မနော စိတ်ညစ်သွားသည်။

''ဒီမှာ ခင်ဗျားဘာသာ သွားချင်တဲ့နေရာသွားဗျာ၊ ကျွန်တော့်ပိုက်ဆံသာပေးခဲ့''

''မင်းက မလိုက်တော့ဘူးလား''

''မလိုက်ဘူးဗျာ၊ ပိုက်ဆံပဲပေး''

သူနှင့်မပတ်သက်ချင်၍ မနော အပြတ်ပြောပစ်လိုက်သည်။ မနော ဝေးဝေးရှောင်ရမည့်သူတွေထဲမှာ ဒီလိုလူမျိုးက ထိပ်ဆုံးကပါမှန်း မနောသိသည်။

သမိန်ထော်က ဘာမှမပြော။

သူ့အိတ်ကပ်ထဲက ပိုက်ဆံတစ်ထပ်ဆွဲယူရေတွက်ပြီး မနောကို လှမ်းပေးသည်။

''ရော့…မင်းပိုက်ဆံ''

မနောက ဘာမှမပြော။

သမိန်ထော်ပေးသည့် ပိုက်ဆံတစ်ထပ်ကို ဆွဲပြီး တစ်ရွက်ချင်း ရေတွက်ပြီး သူ့မပိုက်ဆံအိတ်ထဲ ခပ်တည်တည်ထည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းအကြွေး ကျေပြီနော်၊ ငါ့နာမည် သမိန်ထော်"

သိပြီးသားဖြစ်၍ မနောက သမိန်ထော်ကို လှည့်မကြည့်။ သူ့ရှေ့က ကွင်းရှောင်ပြီးထွက်သွားသော မနောနောက် သမိန်ထော် ပါလာသည်။

"မင်းနာမည် ဘယ်လိုခေါ်လဲ ချာတိတ်"

မနောက မဖြေ။

သမိန်ထော်ကို ဘာကိုသဘောကျမှန်းမသိ ရယ်လိုက်သည်။ ဒီကောင်လေးနှင့်တော့ တကယ့်ကိုမလွယ်။ သမိန်ထော် မေးတာကို မဖြေဘဲ မာနခပ်ကြီးကြီးပုံစံနှင့် သူ့ကို မတူမတန်သလို ထားကာ ရှေ့ဆက်လျှောက်သွားသဖြင့် သမိန်ထော်ရင်ထဲ နည်းနည်းတော့ အခံရခက်သွားသည်။

"ဘာလဲကွ မင်းက နာမည်မေးနေတာ မဖြေရအောင် မင်းမှာ နာမည်မရှိဘူးလား"

"ဟုတ်တယ်၊ ကျွန်တော့်မှာ နာမည်မရှိဘူး၊ အဲဒီတော့ ခင်ဗျား ဘာလုပ်ချင်လဲ"

"မိတ်ဆွေဖြစ်ချင်လို့ မေးနေတာကွ"



သူ့ဘက်က ကျွဲမြီးတိုဇွာ ဆောင့်အော်ပေမယ့် မနောက ဂရုမစိုက်။

"ဆောရီးပဲ၊ ကျွန်တော့်မိတ်ဆွေ ဖြစ်သင့်တဲ့လူထဲမှာ ခင်ဗျားလို အရက်သမား လုံးဝမပါဘူး"

"သွားမယ်ဗျာ၊ ကျွန်တော့်နောက်ကို ခင်ဗျားမလိုက်ခဲ့နဲ့"

"ဟ…ဒါကဘာလဲ"

သမိန်ထော်ကိုပြောပြီး မပြေးရုံ ခြေလှမ်းတွေသုံးကာ သူ့နှင့် ဝေးအောင် လျှောက်သွားသည့် ကောင်လေးကိုကြည့်ကာ သမိန်ထော် မခံချိမခံသာဖြစ်ကျန်ခဲ့သည်။

သူ့ဘဝမှာ တစ်ခါမှ မကြုံဘူးတဲ့အဖြစ်တွေက တစ်ခုပြီး တစ်ခု ဆက်တိုက်လာဖြစ်နေပါရောလား။ သမိန်ထော်ဆိုတာ တော်ရုံ လူစားထဲက မဟုတ်သလို တော်ရုံအနေအထားနှင့် လူကို အလွယ်တကူ လက်ခံသဘောကျဖို့ဆိုတာလည်း အင်မတန် ခဲယဉ်းသော လူတစ်ယောက်ဖြစ်ပါလျက်နဲ့ ဘာမှမဟုတ်တဲ့ ကောင်လေးနဲ့ကျမှ လှိမ့်ခံနေရသည့်အဖြစ်က သမိန်ထော်စိတ်ကို အတော် နိုးလိုးခုလု ဖြစ်ရသည့်ကိစ္စပါ။

www.burmeseclassic.com

www.burmeseclassic.com



သမိန်ထော်ရင်ထဲမှာ စပ်ဖျင်းဖျင်းနှင့် အခံရခက်စွာ သူ့နားက ထွက်သွားသည့်ကောင်လေး၏ နောက်ကျောပြင်ကို ငေးကြည့်နေခိုက်

"ဟိတ်"

"ဟာ"

"လုပ်ပါဦး ကျွန်တော့်ပိုက်ဆံအိတ် လုသွားပြီ"

"ဟိတ်လူ မပြေးနဲ့"

မြင်ကွင်းက တစ်ခဏအတွင်း ရုတ်ရုတ်သည်းသည်း ရှုပ်ထွေးသွား၍ သမိန်ထော် အံ့သြစွာကြည့်နေတုန်း ကောင်လေး ပိုက်ဆံအိတ်ကို လုပြေးသည့်လူက သမိန်ထော်မျက်စိရှေ့မှာပင် ကောင်လေးနားက ပြေးထွက်သွားသဖြင့် အော်ဟစ်အကူအညီ တောင်းခံသံနှင့်အတူ ပြေးလိုက်သွားသည့် ကောင်လေးနောက်ကို သမိန်ထော် ပါသွား၏။

"ဟိတ်ကောင်...ရပ်စမ်း"

ခါးပိုက်နှိုက်က မရပ်။

"ဦးသမိန်ထော် လုပ်ပါဦးဗျာ၊ ကျွန်တော့်ပိုက်ဆံအိတ်



ဆုံးတော့မယ်"

သူ့နာမည်ခေါ်သံကြောင့် ကောင်လေးရှိရာ တအားပြေးသွားပြီး ခါးပိုက်နှိုက်ကို လက်သီးနှင့်ဆွဲထိုး၍ ကောင်လေးကို သူ့ဘက်ပါအောင် ပြန်ဆွဲယူရင်း ထိုနေရာမှာ ရုန်းရင်းဆန်ခတ် ဖြစ်ကုန်သည်။

အခြေအနေက သူတစ်ပြန် ကိုယ်တစ်ပြန်ဆိုပေမယ့် သတ်ပုတ်ရာမှာ တစ်ဖက်လူက ပိုကျွမ်းကျင်နေ၏။

"ဟာ...ဟိုမှာဘာဖြစ်တာလဲ"

"ဟိတ်ကောင်တွေ မလုပ်နဲ့လေ"

သမိန်ထော်တို့ရန်ပွဲကို မြင်တွေ့သွားသည့် လူတချို့ ပြေးလာတာမြင်သည်နှင့် အခြေအနေမဟန်မှန်း သိသွားသည့် ခါးပိုက်နှိုက်က မနှောအိတ်ကို ပစ်ချပြီး သမိန်ထော်ခေါင်းကိုသာ တုတ်နှင့်ရိုက်ပြီး ထွက်ပြေးသွားသည်။

"ဒုတ်"

"အား"

"ဟာ...ဦးသမိန်ထော်၊ လုပ်ကြပါဦး၊ သူ့ခေါင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



သွေးတွေထွက်လာပြီ"

"ဆေးရုံပို့မှ ဖြစ်မှာကွ၊ ကားငှားလိုက်"

မနောကိုယ်တိုင် ဘာဖြစ်လို့ ဖြစ်လိုက်မှန်းပင် မသိလိုက်။ မနောကိုယ်မနော သတိထားမိချိန်မှာ လူတစ်ကိုယ်လုံး သွေးစုပ်ခံရသလို ဖြူဖျော့အေးစက်လျက်။ သူ့မမျက်စိရှေ့မှာ ခေါင်းက ပတ်တီးအဖွေးသားနှင့် သမိန်ထော်ဆိုသည့်လူကိုသာ တစ်ခါမှ မမြင်ဘူးသလို ငေးကြောင်တွေဝေစွာ စိုက်ကြည့်နေမိသည်။

"ဟိတ်ကောင် ချာတိတ်၊ သတိထားဦးလေကွာ၊ မင်း ဘာမှမဖြစ်ဘူး၊ ဖြစ်တာက ငါပါကွ"

"သတိထားဦးမှပေါ့"

သမိန်ထော်က အခြေအနေမဟန်မှန်း သဘောပေါက်၍ မနောကို ဖွတ်အတင်း ဖျစ်ညှစ်ဆုပ်ကိုင် ခါယမ်းလျက် မပြတ်သတိပေးမှ မနောကိုယ်ထဲ အသိက ဖျတ်ခနဲရောက်လာ၏။

"ဦးသမိန်ထော်"

"အေး...ငါ သမိန်ထော်ပဲ၊ မင်းသိပ်ကြောက်သွားတယ် ထင်တယ် ဟုတ်လား"





"အင်း"

ဒီတစ်ခါတော့ မနောအသံမထွက်ဘဲ ခေါင်းကိုသာ ညိတ်ပြလိုက်သည်။

"ခင်ဗျားဘာမှ မဖြစ်ဘူးနော်"

"မြင်တဲ့အတိုင်းပဲ"

"ဟိုလူတွေက ဘာဖြစ်လို့ ကျွန်တော့်ပိုက်ဆံအိတ်ကိုမှ လာလုရတာလဲ"

"ဟ...ပိုက်ဆံအိတ်လုပါတယ်ဆိုမှ ငွေလိုချင်လို့ပေါ့ကွ"

"အဲဒီလူရော ဘယ်ရောက်သွားလဲ"

"ငါလည်းမသိဘူး"

"ရဲစခန်းတွေဘာတွေ မပို့ပါနဲ့ဗျာ"

အရေးထဲ သူခိုးကိုသနားနေသော ကောင်လေးကြောင့် သူ့ကြောင့် နဖူးကွဲ၊ ဒူးကွဲဖြစ်ရသော သမိန်ထော်မှာ မျက်ခုံးတွန့်သွား၏။

သူမြင်ရတွေ့ရသည့် ပြဿနာက ပေါ့သေးသေးတော့ မဟုတ်။ မနက်ခင်း စောစောစီးစီး လူပြတ်နေတာကို အခွင့်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ယူပြီး သူ့ရှေ့မှာ လုယက်မှုဖြစ်ရသည်ဆိုတော့ သိပ်မလွယ်။ ကောင်လေးကြည့်တော့လည်း မျက်စိမျက်နှာပျက်နေ၏။

"ဒီမယ် မင်း ငါ့ကိုမှန်မှန်ပြောစမ်း၊ မင်းဘယ်သူလဲ"

"ဗျာ"

"ငါ့ကိုမလိမ်နဲ့နော်၊ မင်းအိမ်က ထွက်ပြေးလာတဲ့ အိမ်ပြေးလေးမဟုတ်လား"

သမိန်ထော်မျက်နှာကို မနော အလန့်တကြားလေး မော့အကြည့်မှာ မနောမျက်နှာလှလှလေးကို အနီးကပ် စူးစိုက်ငုံ့မိုးကြည့်နေသည့် သမိန်ထော်မျက်လုံးစူးစူးတောက်တောက်များကြောင့် မနောရင်ထဲ ဘယ်နေရာကမှန်းမသိဘဲ ဒုတ်ခနဲဖြစ်သွားသည်။

"ဟိတ်ကောင် မင်း ငါမေးတာဖြေလေ၊ ဘာအကြောင်းကြောင်း လုပ်နေတာလဲ"

သမိန်ထော်အသံက စိတ်မရှည်သံ။ ဘာမဆိုင်ညာမဆိုင် သူတို့ကိစ္စထဲ ဝင်ပါမိ၍ သမိန်ထော်နဖူးမှာ ကွဲသွား၍ သုံးချက်ချုပ်လိုက်ရသဖြင့် စိတ်ထဲက တယ်မကျေနပ်ချင်။

ကောင်လေးကြည့်လိုက်တော့လည်း ပြူးကျယ်ဝိုင်းစက်



သည့် မျက်လုံးပြာကြီးတွေနှင့် သူ့ကို ခပ်ကြောင်ကြောင်ပြန်ကြည့်နေပုံက အခုကိစ္စကပဲ သူနဲ့မဆိုင်သလိုလို ဘာလိုလိုမို့ သမိန်ထော်မျက်ခုံးထူတွေ တွန့်ကုတ်သွားသည်အထိ စိတ်ထဲက အားမလိုအားမရဖြစ်မိ၏။

"ဟိတ်ကောင် ချာတိတ်"

"ဖတ်…ဖတ်"

"ဘာလဲဗျာ၊ လူကို ဘာလို့လာရိုက်ရတာလဲ"

"မင်း ငုတ်တုတ်မေ့နေတာလားလို့"

"သွားစမ်းပါဗျာ၊ ဒီမှာ ကိုယ့်ကိုယ်ကို ဘာဖြစ်လို့ဖြစ်မှန်းမသိရတဲ့ကြားထဲ"

ထိုစကားကို မနော တကယ်ပြောတာပါ။

မနော တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှ မကြုံဘူးတာတွေ လာကြုံနေရတာ။ ကိုယ့်ကိုယ်ကို အခုချိန်ထိ အိပ်မက်လား၊ တကယ်လားဆိုတာ ဝေခွဲရခက်ခက်ဖြစ်နေသည်အထိပါ။

"ဘာလဲကွ မင်းစကားက"

"ကျွန်တော် အမှန်အတိုင်းပြောနေတာ ဦးသမိန်ထော်၊

www.burmeseclassic.com

ခါးပိုက်နှိုက်ဆိုတာ ရုပ်ရှင်ထဲမှာပဲမြင်ဖူးတာ"

"အခု မင်းကိုယ်တွေ့ဖြစ်သွားပြီ မဟုတ်လား"

"ကြောက်စရာကြီးဗျာ၊ စိတ်ထဲ ဘယ်လိုကြီးဖြစ်သွားမှန်းမသိဘူး"

ထိုစကားကို မနော တကယ်ပြောနေခြင်းဖြစ်သည်။ ဘယ်လိုလူလဲ မနောလည်းမသိ။ စောစောစီးစီး လူပြတ်နေချိန် မနောအိတ်ကို လုပြေးတာကိုပဲ အံ့ဩနေမိသည်။

"ဟိတ်ကောင်လေး ငါမေးတာ မဖြေသေးဘူးနော်"

"ဘာလဲဗျာ"

"မင်း အိမ်ကထွက်ပြေးလာတဲ့ အိမ်ပြေးလေးမဟုတ်လား"

"ခင်ဗျားကို ဘယ်သူက အဲဒီလိုပြောလို့လဲ"

"မင်း ငါ့ကိုလာလိမ်မနေနဲ့ ကောင်လေး၊ မင်းဟာ အိမ်ပြေးပဲ၊ ဟုတ်တယ်မဟုတ်လား"

"သြော်…အရေးထဲမှာ ခင်ဗျားကလည်းတစ်မျိုး"

"ငါပြောတာ မဟုတ်လို့လားကွ၊ မင်းကြောင့် ငါ့ခေါင်း



ဒဏ်ရာရတာလဲ ကြည့်ဦး"

ကြည့်ဦးဆို၍ သမိန်ထော်ဦးခေါင်းက အဖြူရောင်ပတ်တီးရှိရာ မနော လှမ်းကြည့်လိုက်ပါသည်။ သူ မနောကို ဝင်ကယ်လို့သာပေါ့။ သမိန်ထော်ဆိုသည့်လူသာ အဲဒီအချိန်က မနောနားမှာ မရှိရင်ဟုတွေးရင်း မနော ကြက်သီးထသွား၏။

"ခင်ဗျားကို ကျေးဇူးတင်ပါတယ် ဦးသမိန်ထော်"

"ဒီလောက်လေးပြောရုံနဲ့ ပြီးမလားကွ၊ ဒီမှာ လူတစ်ကိုယ်လုံး အသက်နဲ့ရင်းထားရတာ၊ ငါ့ဘဝမှာ ဘယ်လိုလူနဲ့မှ ရန်ဖြစ်ဖူးတာမဟုတ်ဘူး"

ဒီလူတော့ လုပ်ပြီ။

မနောဘက်က ကျေးဇူးတင်ပါတယ်ဆိုပြန်တော့လည်း မရ။ ကြည့်ရတာ အမြဲငွေပြတ်နေသည့်လူဆိုတော့ မနောဆီက ကျေးဇူးတုံ့ပြန်သည့်အနေနဲ့ ငွေလိုချင်တာလားမပြောတတ်။

မနော ဘာမှ သူနဲ့အခြေအတင်ပြောမနေတော့ဘဲ လွယ်ထားတဲ့အိတ်ထဲက ပိုက်ဆံအိတ်ဆွဲထုတ်ပြီး ငွေတစ်ထောင်တန်တစ်ထပ် ထုတ်ပေးလိုက်၏။

www.burmeseclassic.com



“ဘယ်လိုမှတော့ သဘောမထားနဲ့ဗျာ၊ ခင်ဗျားကို ကျေးဇူးတင်တဲ့အနေနဲ့ ဒီငွေကိုယူပါ၊ ပြီးတော့ ခင်ဗျားကျေးဇူးကိုလည်း ကျွန်တော် ဘယ်တော့မှမမေ့ပါဘူး”

“ဒါကဘာလဲ၊ မင်းက ငါ့ကို ငွေနဲ့တန်ဖိုးဖြတ်တာလား”

“မဟုတ်ပါဘူးဗျာ၊ တစ်ယောက်အခက်အခဲကို တစ်ယောက် အပြန်အလှန်ကူညီတဲ့အနေနဲ့”

“ဒါဆို မင်းငွေတွေ အခုပြန်သိမ်းလိုက်”

တင်းမာခက်ထန်နေသည့် သမိန်ထော်အကြည့်များကြောင့် လက်ထဲက ငွေစက္ကူတစ်ထပ်ကို မနော ပြန်သိမ်းလိုက်၏။

“ခင်ဗျားစေတနာကို စော်ကားသလိုဖြစ်သွားရင် ဆောရီးဗျာ၊ ခင်ဗျား အကူအညီလိုချိန်ကြရင်လည်း ကျွန်တော် တတ်နိုင်တာဆို ကူညီပါရစေ”

“အေး…မင်းကတိကို မမေ့နဲ့”

မနော ဘာမှမပြောဘဲ ငြိမ်နေလိုက်သည်။

ပြောသာပြောရသည်။ မနော ကြုံတွေ့လိုက်ရသည့် အဖြစ်အပျက်တွေကြောင့် အခုထိ ရင်တုန်နေတာ မပျောက်သေး။



“ခင်ဗျားမှာလည်း ဒဏ်ရာနဲ့မဟုတ်လား၊ အိမ်ပြန်မယ် ဗျာ”

“မင်းကရော”

“ကျွန်တော်လည်း ပြန်မှာပေါ့”

အငှားကား အတူစီးပြီး အိမ်ကို ပြန်ခဲ့ကြသည့်လမ်းတစ်လျှောက် ဘယ်သူမှ စကားမပြော။ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေကြသည်။ မနောက ကိုယ့်အကြောင်းကိုယ်တွေးလာသလို သမိန်ထော်ကလည်း သူ့နားက ကောင်လေးဟုထင်နေသော မနော အကြောင်း တွေးလာ၏။

ဒီကောင်လေးက ဘယ်လိုကောင်လေးပါလိမ့်ဆိုသည့် အတွေးနှင့် မနောမျက်နှာကို မကြာခဏ လှမ်းလှမ်းကြည့်နေတာ မနောကမသိ။

ကားရပ်တာနှင့် ကိုယ့်အခန်းကိုယ်ဝင်ပြီး အသံတိတ်ငြိမ်သက်စွာ အိပ်စက်အနားယူလိုက်ကြသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

"ချာတိတ်"

"ကျွန်တော့်နာမည် မောင်နှော"

ရုပ်လေးနှင့် မလိုက်ဖက်သော နာမည်ကြောင့် မောင်နှော ဟု သူ့ကိုယ်သူ ပြောလာသည့် မနှောမျက်နှာလှလှလေးကို သမိန်ထော် စိုက်ကြည့်လိုက်၏။ မနှောက သူ့ကိုမကြည့်။

တစ်ဖက်ကို မျက်နှာလွှဲထားသဖြင့် ဘေးတိုက်အနေအထား လှမ်းမြင်နေရသည့် မောင်နှောဆိုသည့် ကောင်လေးကို သေချာ ကြည့်ဖြစ်သွား၏။

ဘယ်လိုပဲနေနေ၊ ဘယ်အချိန်ပဲကြည့်ကြည့်၊ မောင်နှောဆို သည့် ချာတိတ်က လူချောလေးတစ်ယောက်ဆိုတာကိုတော့ ဝန်မခံ

မိုး ၊ မို ၊ ၈ ၁ ၄ ၀

www.burmeseclassic.com

www.burmeseclassic.com



ချင်လို့မရ။ သူ့ကိုယ်သူ အိမ်ပြေးတစ်ယောက်ပါဟု မောင်နောက ဝန်မခံပေမယ့် သမိန်ထော်ကတော့ ထိုသို့ပဲ ခံယူထားသည်။

"နာမည်က မောင်နော ဟုတ်လား၊ နာမည်နဲ့လူနဲ့ မလိုက် လိုက်တာကွာ၊ တစ်ပွဲစားဦးနောပဲ ကြားဖူးပါတယ်၊ အိမ်ပြေး မောင်နောလို့တော့ မကြားဖူးပါဘူး"

သမိန်ထော်စကားကြောင့် မနောကိုယ်လေး နည်းနည်း တော့ တွန့်သွားသည်။ မနောကိုယ်မနော အိမ်ပြေးမဟုတ်ပါဘူးလို့ ဘယ်လိုပဲရှင်းပြရှင်းပြ ဒီလူက မရ။ မနောကို ဖွတ်အတင်း အိမ်ပြေး လေးအဖြစ်ပဲ သတ်မှတ်ယူဆထားသည်။

မနောမှာ မခံလည်းမခံချင်။ တကယ်ဖြစ်ပျက်နေတဲ့ ဘဝ ကလည်း အိမ်ပြေးသာသာမို့ ဘာဆိုဘာမှ ပြန်မပြောဘဲ နေချင်ပေ မယ့် မဟုတ်မခံ ပြန့်စွာတတ်သော မိန်းမစီဇအတိုင်း သမိန်ထော် ပြောသမျှ ခပ်စွာစွာ နှုတ်တုံ့ပြန်မိ၏။

"အိမ်ပြေးမဟုတ်ပါဘူးဆိုဗျာ၊ ဒါပဲခင်ဗျားပြောနေ"

"မောင်နောဆိုတာရော မင်းနာမည်အစစ်ဟုတ်ရဲ့လား"

"မဟုတ်ဘူးဗျာ"



"အဲဒီလို အမှန်အတိုင်း ဝန်ခံရဲမှပေါ့ကွ၊ သိပ်လည်း မစိုးရိမ်ပါနဲ့လေ၊ မင်းလိုပဲ ငါလည်း အိမ်ပြေးတစ်ယောက်ဆိုတော့ အဖော်ရတာပေါ့"

"ဟင်"

မနောက သမိန်ထော်ဆိုသည့်လူကြီးမျက်နှာကို မနော အံ့သြစွာကြည့်မိသည်။ ဘယ့်နှယ် ဒီအရွယ်ကြီးတောင့်ကြီးမားက အိမ်ပြေးဆိုတော့ သိပ်မယုံချင်။ မနောကို လာရောချင်လို့ တမင် သူ့ကိုယ်သူ အိမ်ပြေးဆိုပြီး ဇာတ်လမ်းလာတွင်တာလားဆိုသည့် အကြည့်နှင့် မနောစိတ်ထဲ သိပ်မသင်္ကာချင်ဖြစ်လာ၏။

"ဟုတ်မှလည်း လုပ်စမ်းပါဗျာ၊ ခင်ဗျားအသက်အရွယ် ကြီးနဲ့ အိမ်ပြေးစရာလိုလို့လား"

"လိုလို့ပြေးတာပေါ့ကွ၊ ဘာလဲ မင်းက ငါအိမ်ပြေးဆိုတာ မယုံလို့လား"

"မယုံဘူးဗျာ"

မနောအဖြေကို သမိန်ထော်က သဘောကျစွာရယ်သဖြင့် သူ့မျက်နှာကို မနော ငေးခနဲ ကြည့်ဖြစ်သွားသည်။ တော်တော်ချော

www.burmeseclassic.com

www.burmeseclassic.com



တဲ့လူပဲ။ ရှုပါက ပုံလာသလောက် မူးရူးပြီး ဖြစ်ချင်ရာဖြစ် ပေတော့ လေလွင့်နေတာ ဆိုးသည်။

မနော့သာ သူ့လိုယောက်ျားတစ်ယောက်ဖြစ်ကြည့် ဘဝကို အကောင်းဆုံး၊ အအောင်မြင်ဆုံးဖြစ်အောင် စိတ်ကြိုက်ဖန်တီးတည် ဆောက်ပစ်မှာ သေချာသည်။ အခုတော့ မနော့ဆိုတာ ဘာတစ်ခု မှ လွတ်လပ်ခွင့်မရှိသည့် အစစအရာရာနစ်နာဖို့ချည်းဖြစ်လာသော မိန်းမသားဘဝ။

"မင်းက ငါ အိမ်ပြေးဆိုတာ မယုံဘူးဆိုတော့ ငါ့ကို ဘယ်လိုထင်နေလို့လဲ"

"ထင်တာမဟုတ်ပါဘူး၊ ကျွန်တော်မြင်တာ ပြောရရင် ခင်ဗျားပုံစံက လောကကြီးကို တမင်အရွဲ့တိုက်နေသလိုပဲ"

ဒီတစ်ခါတော့ သမိန်ထော် မနော့ ထင်မြင်ယူဆချက်ကို ဘာတစ်ခုမှ ပြန်မပြောဘဲ ရယ်နေသဖြင့် ရှိရင်းအသက်ထက် များစွာနုပျိုသွားပုံက တစ်မျိုးကြည့်ကောင်းသည်။

"မင်းထင်တာ ဆိုးတော့မဆိုးဘူး၊ တစ်ခါတလေတော့ လည်း ကိုယ်ဖြစ်ချင်သလို မဖြစ်ဘဲ သူဖြစ်ချင်သလိုဖြစ်နေတဲ့



လောကကြီးကို အရွဲ့တိုက်ရတာ တစ်မျိုးတော့ ပျော်စရာကောင်း တယ်လို့ ဆိုရမှာပဲ"

"တစ်မျိုးပျော်စရာကောင်းတယ် ဟုတ်လား၊ ကျွန်တော် ဖြင့် နည်းနည်းမှ မပျော်ပါလားဗျာ"

"မင်းကိုယ်မင်း အိမ်ပြေးဆိုတာ ဝန်ခံပြီပေါ့ ဟုတ်လား"

ကိုယ့်စကားနှင့်ကိုယ် မိသွားသဖြင့် မနော့ ဘယ်လိုရှေ့ ဆက်ရမှန်းမသိဖြစ်လျက် အိုးတိုးအန်းတန်း ဖြစ်သွားတာကိုကြည့် ပြီး သမိန်ထော်က သူ့ဦးခေါင်းကို ခပ်ဖြည်းဖြည်းခါယမ်းလျက် ပြုံးသည်။

"သိပ်လည်း မစိုးရိမ်ပါနဲ့ကွာ၊ မင်းရော ငါရော အိမ်ပြေး ဆိုတာ တို့အချင်းချင်းပဲသိတာပါ၊ မင်း ဘာဖြစ်လို့ မင်းအိမ်က ထွက်ပြေးလာတာလည်းဆိုတာ ငါမမေးဘူး၊ အဲဒီလိုပဲ ငါ့အကြောင်း ကိုလည်း မင်းကို ပြောပြမှာမဟုတ်ဘူး၊ ကျေပြီမဟုတ်လား"

"အင်း"

ဒီတစ်ခါတော့ မနော့ကိုယ်တိုင် စိတ်လိုလက်ရ ခေါင်းညိတ်ဖြစ်လိုက်သည်။ စိတ်ထဲကလည်း သမိန်ထော်ဆိုသည့်

www.burmeseclassic.com

www.burmeseclassic.com



လူကြီးကို ခင်မင်မိသလိုလို ဘာလိုလို နည်းနည်းတော့ဖြစ်သွားသည်။

ဒါပေမယ့် ဒီလူက အရက်သမားဆိုသည့်အသိက မနော စိတ်ထဲက ခင်မင်မှုလေးကို ဖျက်ဆီးချိုးဖဲ့ပစ်သည်။ ကိုယ်က နုနုငယ်ငယ် မိန်းမသားလေး။ သူ့လို မူးရူးနေသည့် အရက်သမားနဲ့ မိတ်ဆွေဖြစ်ဖို့ဆိုတာ တော်မှမတော်ဘဲ။

နှစ်ယောက်အတူ ဆေးခန်းသွားပြီး သမိန်ထော်နဖူးက ဒဏ်ရာကို ဆေးထည့်လာခြင်းဖြစ်သည်။ ဒဏ်ရာက သုံးချက်ချုပ်ထားရသဖြင့် ချုပ်ရိုးမပြေရသေး။ နောက်ထပ်နှစ်ရက်နေမှ ပြေရမည်။

ဒီကြားထဲ သမိန်ထော်အတွက် ဆေးကုသစရိတ်ကို မနောက အကုန်ကျခံပြီး ဆေးကုရမည်။ ဆေးခန်းကအပြန်မှာ တစ်ခုခုဝင်စားပြီး ခပ်အေးအေး လမ်းလျှောက်ပြန်လာကြခြင်းဖြစ်သည်။

ညခုနစ်နာရီမှာ အချိန်က ခပ်မှောင်မှောင်။

လူပြတ်ပေမယ့် သိပ်တော့မကြောက်။

ဆေးခန်းနှင့် မနောတို့ငှားနေသည့်အိမ်က သိပ်မဝေး။





"ကျွိုး"

ကားအနက်တစ်စီး မနောတို့နှစ်ယောက်နား ထိုးဆိုက်ရပ်လာ၍ မနော လန့်ပြီး သမိန်ထော်နောက်ကွယ်မှာ ဝင်အရပ် ကားပေါ်က လူငါးယောက် တဝုန်းဝုန်းဆင်းလာသဖြင့် မနော မျက်နှာလေး ဖွေးခနဲဖြူသွား၏။

ဟိုတစ်ခါက ခါးပိုက်နှိုက်က တစ်ယောက်တည်း။ အခု ငါးယောက်ဆိုတော့ ပြေးနိုင်မှလွတ်တော့မည်ဟု ကိုယ့်ဘာသာ သဘောပေါက်ထားသည်။

"သမိန်ထော်ဆိုတာ မင်းလား"

ခေါင်းဆောင်နှင့်တူသော လူတစ်ယောက်က သမိန်ထော် နာမည်ကိုမေးပြီး သူ့ရှေ့တည့်တည့် လာရပ်သဖြင့် သမိန်ထော် အံ့သြနေခိုက်…

"ဟာ…ဟိုမှာ တစ်ယောက်ပြေးပြီ ဆရာ"

"မလွတ်စေနဲ့၊ နှစ်ယောက်စလုံး တစ်ခါထဲမိအောင်ဖမ်းစမ်း"

"ခင်ဗျားတို့က ဘာတွေလဲ"



www.burmeseclassic.com

www.burmeseclassic.com



သမိန်တော် အမေးမဆုံးလိုက်ရ။

"ခွပ်"

"ဒုတ်"

"အား"

အများနှင့်တစ်ယောက်။

သမိန်တော်ဘက်က ဘာတစ်ခုမှ လှုပ်လှုပ်ရှားရှားမလုပ်ရသေးခင် သမိန်တော်ဦးခေါင်းမှာ ဒုတ်ခနဲ အသံကြားလိုက်ရပြီး တစ်ခါထဲ မှောက်သွားသဖြင့် လောကကြီးနှင့် အဆက်ပြတ်သွား၏။

သမိန်တော်အသိတရားထဲ ပထမဆုံးဝင်လာသည့်အသံက တရှပ်ရှပ်ငိုနေသည့် မောင်နှောဆိုသည့် ကောင်လေး၏ငိုသံ။ ပြီးတော့ လင်းပျပျသာမြင်နိုင်သော အခန်းတစ်ခု။ လူကအလှုပ် ဦးခေါင်းထဲ ဆစ်ခနဲနာသွားသည်။

"အား...ကျွတ်...ကျွတ်"

သမိန်တော်ထံမှ ညည်းသံသဲ့သဲ့ကြောင့် စိတ်ဆင်းရဲခြင်းကြီးစွာ ငိုရှိုက်နေရာက မနော မျက်ရည်စီးကြောင်းလေး တန့်ရပ်သွား၏။



"ဦးသမိန်တော်...ဦးသမိန်တော်"

"ဟင်"

"ခင်ဗျားသတိရပြီနော်၊ ဝမ်းသာလိုက်တာဗျာ"

မနောအသံက တုန်တုန်ရီရီ။

ပါးပြင်ပေါ် စီးကျလာသည့် မျက်ရည်တွေကို လက်ခုံဖြူဖြူလေးနှင့် ကမန်းကတန်း ပွတ်သုတ်ရင်း သမိန်တော်ကိုယ်ကြီးကို ဆွဲယူထူမဖို့ ကြိုးစားကြည့်ပေမယ့် မရ။

"ခင်ဗျား...ထနိုင်ရဲ့လား"

"ငါတို့ ဘယ်ရောက်နေတာလဲ မောင်နှော"

"ကျွန်တော်လည်းမသိဘူး၊ ကျွန်တော်သတိရတော့ ခင်ဗျားနဲ့ ဒီအခန်းထဲ ရောက်နေတာပဲ"

"အား...ကျွတ်...ကျွတ်"

သမိန်တော်ခေါင်းကို လက်နှင့်ဖိကိုင်လျက် လဲလျောင်းငြိမ်သက်နေရာက ကျုံးအထမှာ မနောလည်း အယောင်ယောင်အမှားမှားနှင့် သူ့လက်မောင်းကြီးကို ဆွဲယူမထူမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါတော့ ပိုက်ဆံမယူဘဲ လူကိုဖမ်းတဲ့လူတွေ ဖြစ်နေပါလား မောင်နော"

"ကျွန်တော်မသိဘူး"

"ကျွိး"

သူတို့နှစ်ယောက် ပြောနေတုန်း ပိတ်ထားသည့် အခန်းတံခါးပွင့်လာပြီး လူနှစ်ယောက် ဝင်လာသဖြင့် စကားပြောရပ်၍ ဝင်လာသူတွေကို ကြည့်လိုက်သည်။

"မင်းတို့နှစ်ယောက်ထဲက သမိန်ထော်ဆိုတာ ဘယ်သူလဲ"

သမိန်ထော်က သူ့နာမည် အတိအကျမေးလာသည့်လူကို သေချာကြည့်လိုက်သည်။ သူ တစ်ကြိမ်တစ်ခါမှ မမြင်ဘူးသည့် ရုပ်ရည်ခပ်ကြမ်းကြမ်းနှင့် လူတစ်ယောက်အဖြစ်ထက် ဘာမှပိုမသိ။

"ခင်ဗျား ဘယ်သူလဲ"

"မင်းက သမိန်ထော်ပေါ့ ဟုတ်လား"

တစ်ဖက်လူက သမိန်ထော်မေးတာကို ပြန်မဖြေဘဲ သူသိချင်တာကို ပြန်မေးသဖြင့် သမိန်ထော် ဒေါသဖြစ်သွားသည်။



ဒီလူတွေက ဘာလဲ။ ခါးပိုက်နှိုက်မဟုတ်တာတော့ သေချာသည်။

"ဒီကောင့်ကိုခေါ်သွား ဂျင်မီ"

"ဟင်"

ဒီတစ်ခါ လန့်သွားသူက သမိန်ထော်မဟုတ်ပါ။ မနော ကိုယ်တိုင်ဖြစ်သည်။ သမိန်ထော်ကို ခေါ်ထုတ်သွားလို့မဖြစ်။ အခန်းထဲမှာ မနောတစ်ယောက်တည်း ကျန်ရစ်မည်ဆိုလျှင် မနောအဖြစ်က မတွေးဝံ့စရာ။

"ဒီကောင်လေးကရော ဆရာကြီး"

"ငါ့တာဝန်ထားလိုက်ပါ"

"ဟင်"

မနောမျက်နှာ သွေးမရှိသလောက် ဖြူဖျော့လျက် လူတစ်ကိုယ်လုံးလည်း အေးစက်သွားသည်။ မနောတာဝန်ကို ဆရာကြီးဆိုသူက ယူမည်ဆိုပါလား။

အသက်ကြီးကြီး ရုပ်ဆိုးဆိုး ဆရာကြီးဆိုသူကိုကြည့်ပြီး မနောမှာ သူ့အလိုလို သမိန်ထော်ကိုယ်ကြီးနှင့် သူမကိုယ်လေးကို ဖွတ်ကွယ်ထားမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်လူ…လာခဲ့"

ဂျင်မီဆိုသည့် ဒုတိယလူက သမိန်ထော်ကို လှမ်းခေါ်ခြင်း ဖြစ်သည်။

"ဦးသမိန်ထော် ခင်ဗျား ဘယ်မှလိုက်မသွားနဲ့နော်"

မနောက သမိန်ထော်အင်္ကျီစကို ကျစ်ကျစ်ပါအောင် ဆွဲကိုင်ထားရင်း အသံတုန်တုန်ဖြင့် သူ့နားနားကပ်ပြောလိုက်မိ၏။ အစတုန်းကတော့ မနောကိုယ်တိုင်လည်း ဒီလူတွေကို ဟိုတစ်နေ့က မနောတို့ဆီက ငွေလုချင်တဲ့လူတွေလို့ပဲ ထင်ထားခဲ့တာပါ။

အခုတော့ အဖြစ်က မနောတို့ထင်သလို မဟုတ်။ ဒီလူတွေက သမိန်ထော်ဆိုသည့်လူကို အန္တရာယ်ပြုဖို့ ရောက်လာကြသည့်လူတွေ ဖြစ်နေ၏။

ဒါကလည်း အရေးမကြီး။ အရေးကြီးတာက မနောအပေါ် ကျရောက်လာမည့် အသက်အန္တရာယ်နှင့် အရှက်အန္တရာယ်ဖြစ်သည်။

"မင်းက သူ့ကို ဘာတွေကပ်ပြောနေတာလဲ ကောင်လေး၊ အသားမနာချင်ရင် နောက်ဆုတ်စမ်း"



"ဟိတ်လူ…ထစမ်း"

ဂျင်မီဆိုသည့်လူက ခပ်ကြမ်းကြမ်း သမိန်ထော်ကို ဆွဲယူဖို့ ကြိုးစားသည်နှင့် သမိန်ထော်လက်တစ်ဖက်က လေထဲကို ဝှီးခနဲ မြောက်တက်သွားသည်။

"ဒုတ်"

"အား"

ဒီတစ်ခါခံရသူက သမိန်ထော်မဟုတ်။ ဂျင်မီဆိုသည့်လူ။ သူ့ကို အထင်သေးပြီး အနားကပ်လာသည့်လူ၏ လက်ကို နောက်ပြန်ဆွဲယူ လိမ်ချိုးနေရာက ဝုန်းခနဲခုန်အထမှာ မနောကလည်း ကြောက်ကြောက်ရွံ့ရွံ့နှင့် သမိန်ထော့်နောက်မှာ ပါလာ၏။

"ခင်ဗျားလူ ဘာမှမဖြစ်စေချင်ရင် ကျုပ်တို့ကို အခုလွှတ်ပေး"

"အဲဒီလောက်လွယ်နေရင် မင်းတို့ကို ဒီနေရာရောက်တဲ့အထိ ခေါ်လာပါ့မလားကွ၊ ဂျင်မီကို မင်း ဘာလုပ်ချင်သလဲ၊ ကြိုက်သလိုသာလုပ်လိုက်"

"ဟင်"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးဆိုသူက စီးကရက်ပင် အခဲမပျက်။ ဂျင်မီဆိုသည့် သူ့တပည့်နှင့် သမိန်ထော်တို့ဖြစ်ပျက်နေပုံကို သွေးအေးစွာ စောင့်ကြည့်နေသဖြင့် သမိန်ထော် ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။

“ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ဘာဖြစ်လို့ ကျုပ်တို့ကို အခုလို ဖမ်းထားရတာလဲ”

“ကျုပ်တို့ ဘယ်သူဆိုတာ မင်းတို့မသိလေ ပိုကောင်းလေလို့ မှတ်ထားလိုက်ပါ၊ ဘာဖြစ်လို့ မင်းတို့ကို ခေါ်ထားရတာလဲဆိုတော့ ကျုပ် တာဝန်ယူလက်ခံထားတဲ့ အလုပ်ကိစ္စလေးတွေရှိလို့ပဲ ဆိုပါတော့”

“အဓိက ကျုပ်တို့လိုချင်တဲ့လူက မင်းပဲ သမိန်ထော်၊ ဟိုကောင်လေးကတော့ အခြေအနေအရ သတင်းပေါက်ကြားမှာစိုးလို့ မင်းနဲ့အတူ ထိန်းသိမ်းထားတဲ့သဘောပဲ”

“ကိစ္စပြီးတာနဲ့ မင်းတို့ကို ကျုပ် ပြန်လွှတ်မှာပါ၊ လောလောဆယ် ကျုပ်တို့ပြောသလိုနေ၊ ခိုင်းသလိုလုပ်၊ ပြီး လိမ်လိမ်မာမာနေတာ အကောင်းဆုံးလို့ ကျုပ်ထင်တယ်”

“ဖြောင်း...ဖြောင်း...ဖြောင်း”



လက်ခုပ်သံ သုံးချက်ဆက်တိုက် မြည်သွားသည်နှင့် သမိန်ထော်တို့ရှိနေသည့် အခန်းထဲကို နောက်ထပ်လူလေးယောက် အပြေးဝင်လာသဖြင့် သမိန်ထော်လက်ထဲက ဂျင်မီကို စိတ်ပျက်လက်ပျက် လွှတ်ပစ်လိုက်ရသည်။

“ဘာတွေလဲဗျာ၊ ခင်ဗျားတို့က လူဆိုးတွေလား”

“တာဝန်အရ မင်းကို ထိန်းသိမ်းထားရတဲ့ လူလို့ပဲ မှတ်ထားပါ၊ ကိစ္စပြီးရင် မင်းသွားချင်တဲ့နေရာကို သွားလို့ရပြီ”

“ဘာကိစ္စလဲ၊ ဘာတာဝန်လဲဗျာ”

“ဒါကတော့ Top Secret(ထိပ်တန်းလျှို့ဝှက်ချက်)ဖြစ်နေလို့ မပြောနိုင်တာ ဆောရီးပဲ”

ပြဿနာက သူတို့ထင်သလို ပေါ့ပေါ့လေးမဟုတ်။ သမိန်ထော်ကိုယ်တိုင် နားမလည်နိုင်သော နက်ရှိုင်းရှုပ်ထွေးမှုတို့ ပါဝင်နေခြင်းကို တဖြည်းဖြည်း သဘောပေါက်လာ၏။

မနောကတော့ သမိန်ထော်မျက်နှာကို တစ်လှည့်၊ ဆရာကြီးဆိုသူ၏ မျက်နှာကိုတစ်လှည့် ကြည့်ပြီး ဒူးတွေရင်တွေတုန်နေသည်။ ပြဿနာက ဘာပြဿနာမှန်းမသိ။ ဆရာကြီးဆိုသူနှင့်

www.burmeseclassic.com

www.burmeseclassic.com



သူ့လူတွေပုံစံကြည့်ရတာကတော့ ကြောက်စရာဖြစ်သည်။

"ကဲ…မင်းသိချင်တာ သိရပြီဆိုတော့ ကျုပ်တို့ကို နောက်ထပ် ဘာပြဿနာမှ မရှာဘဲ ဂျင်မီနောက်ကို အေးအေး ဆေးဆေး လိုက်သွားလိုက်ပါ"

"မင်းတစ်ယောက်တည်းနော်၊ ဟိုကောင်လေး မပါဘူး"

"ဦးသမိန်ထော်"

"ကျွန်တော်တစ်ယောက်တည်း ဒီမှာမနေခဲ့ဘူး၊ ခင်ဗျား ဘယ်သွားသွား ကျွန်တော်ပါအတူလိုက်မယ်"

သမိန်ထော်လက်တစ်ဖက်ကို မလွတ်တမ်း ဆွဲကိုင်ထား သည့် မနောကို သမိန်ထော်က တစ်ချက်ငုံ့ကြည့်ပြီး ဆရာကြီးဆိုသူ ဘက် မျက်နှာထားတည်တည်နှင့် ပြန်ကြည့်သည်။

"ခင်ဗျားတို့ ကျုပ်ကို ဘယ်ခေါ်သွားမလို့လဲ"

"အလုပ်ကိစ္စရှိတဲ့နေရာကို သွားရမှာဆိုပါတော့"

"ကျုပ်တစ်ယောက်တည်း မသွားနိုင်ဘူး၊ ဒီကောင်လေး ကိုပါခေါ်မှ လိုက်မယ်"

ဆရာကြီးဆိုသူက တစ်ချက်ငြိမ်သွားသည်။ သမိန်ထော်





နှင့် မနောမျက်နှာကို တစ်လှည့်စီကြည့်ပြီး စီးကရက်အခဲမပျက် ငြိမ်နေရာက သူ့လူတွေဘက် တစ်ချက်လှမ်းကြည့်သည်။

"ခေါ်သွားလိုက်စမ်းကွာ၊ ဟိုရောက်မှ အခြေအနေ ကြည့်စီစဉ်တာပေါ့၊ မင်းတို့နှစ်ယောက် ဂျင်မီနောက်လိုက်သွား"

အခုမှ မနောရင်ထဲ စိုးရိမ်မှုက ဝုန်းခနဲလျော့ကျသွားသည်။ ရှေ့က ဦးဆောင်သွားနေသည့် ဂျင်မီဆိုသည့်လူနောက်က နှစ်ယောက်အတူ အသံတိတ်လိုက်ပါလာရင်း သူတို့ရောက်နေသည့် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်နေသည်။

ဘေးတစ်ဖက်တစ်ချက်မှာ ပိတ်ထားသည့် တံခါးတွေက လွဲပြီး တခြားဘာမှမတွေ့။ တိုက်ဟောင်းကြီးတစ်ခုဆိုတာပဲသိ သည်။

"ကားပေါ်တက်"

ကားဘေးပြတင်းပေါက်တွေကို နေရောင်ကာလိုက်ကာ တွေ ကွယ်ထားသည့် မှန်လုံးကားပေါ် တက်ခိုင်းသဖြင့် သမိန်ထော် က ရှေ့က ဦးဆောင်တက်သွား၏။

မနောကတော့ တစ်ချိန်လုံး သမိန်ထော်အင်္ကျီစကို မလွှတ်



www.burmeseclassic.com

www.burmeseclassic.com



တမ်းဆွဲပြီး လိုက်နေသူဖြစ်သည့်အတိုင်း အခုလည်း သမိန်ထော် အင်္ကျီစကို မလွှတ်ဘဲ သူ့ဘေးမှာ အသာဝင်ထိုင်လိုက်၏။

သူတို့နှစ်ယောက်၏ ဘေးတစ်ဖက်တစ်ချက်မှာ ဂျင်မီနှင့် တခြားလူတစ်ယောက် ပါလာပြီးနောက် ရှေ့ခန်းကားမောင်းသူနေရာမှာ လူနှစ်ယောက်ပါလာသည်။ ဆရာကြီးဆိုသူကတော့ သမိန်ထော်တို့နှင့်အတူ လိုက်မလာပါ။

ကားက ဝေါခနဲ လမ်းအတိုင်း ပြေးထွက်သွားပေမယ့် ပတ်ဝန်းကျင်ကို ဘာတစ်ခုမှ မမြင်ရသဖြင့် သမိန်ထော်နှင့် မနောတို့ကို ဘယ်နေရာခေါ်သွားမှန်း မသိကြပါ။

သမိန်ထော်မျက်နှာချောချောကို ကြည့်လိုက်တော့ စိတ်ရှုပ်ထွေးသည့် အမူအရာနှင့် တင်းမာခက်ထန်နေသည့် မျက်နှာထားကို ကြည့်ပြီး မနောပါ အသံတိတ် ကြောက်လန့်နေမိ၏။

သမိန်ထော်ဆိုတာ ဘယ်လိုလူလဲ။

ဘာဖြစ်လို့ သူ့ကို လူဆိုးတွေက ဖမ်းချုပ်ထားရတာလဲ။ မနောတို့ကို ဘယ်ခေါ်သွားမှာလဲ။ ပြီးတော့ ဦးသမိန်ထော်မပါဘဲ မနောတစ်ယောက်တည်း ကျန်ခဲ့ရင်ဆိုသည့် အတွေးပေါင်းစုံနှင့်



မနောကိုယ်လေး အေးစက်ကာ ဖောချွေးပျံလာ၏။

စိတ်ထဲကတော့ လူပေါင်းတော့မှားပြီဟု တွေးနေမိသည်။

အို...အဲဒီလိုလည်း မဟုတ်သေးပါဘူး။

မနောဒုက္ခရောက်တုန်းကလည်း သူကူညီတာပဲ။ အခုလို သူ့ကို ဆွဲကြလွဲကြနှင့် ဖွတ်အတင်းဖမ်းကြတော့ မနောပါ သူနှင့်အတူ ပါလာသည်။ သမိန်ထော်ဆိုသည့်လူကြီးက မနောအဖြစ်နှင့် အတူတူဆိုတော့ သူ့တစ်ယောက်တည်း ကြိတ်ပြီး အပြစ်တင်နေလျှင် မနောဘက်က မတရားရာရောက်တော့မည်။

အပြစ်ခြင်းအတူတူ ဘဝတူအချင်းချင်း ရိုင်းပင်းရုံအပြင် တခြားမရှိ။ သမိန်ထော်ကို ဖမ်းမိသည့်လူတွေထဲ မနောက ဘာမဆိုင်ညာမဆိုင် အတူပါလာတာက အရေးမကြီး။

မနောဆိုတာ မိန်းမသားတစ်ယောက်သာဖြစ်ကြောင်း သမိန်ထော် အပါအဝင် ဒီလူတစ်စုလုံး မသိမှဖြစ်မည်။ မနောဘက်က တစ်ခုခုမှားလို့ကတော့ အန္တရာယ်ဆိုတာ မနောနဲ့ လက်တစ်ကမ်း အလိုမှာဆိုတာ မနောသာ အသိဆုံးမို့ ဘယ်သူမှမသိအောင် ကျိတ်သက်ပြင်းချလိုက်၏။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ပတ်ဝန်းကျင်တစ်ခုလုံး ဘယ်လိုပဲ အကဲခတ်ကြည့်ကြည့် သစ်ပင်ကြီးများ အုံ့ဆိုင်းမှိုင်းညို့နေတာပဲ မြင်ရတွေ့ရသည်။ ခြံကြီးက ကျယ်သလောက် ပြုပြင်ရှင်းလင်းထားတာ ဘာတစ်ခုမှမရှိ၍ ချုံနွယ် ပိတ်ပေါင်းတွေက အပြည့်။

ဒီကြားထဲ ရေတွင်းပျက်ကြီးတစ်ခုကို ဖြတ်ကျော်ရချိန် မနောစိတ်ထဲ သူ့အလိုလို ကျောချမ်းလာ၏။ အလွန်ရှေးကျအိုမင်းနေပြီဖြစ်သော တိုက်ဟောင်းကြီးက ပစ်ထားတာ ဘယ်လောက်ကြာပြီမသိ။

ယိုင်ရွဲ့ပြုတ်ကျနေသော တံခါးရွက်များ၊ မှန်ကွဲများဖြင့် မြင်တာနှင့်ပင် စိတ်ထဲ တစ်မျိုးကြီးဖြစ်နေ၏။ ဒီလိုနေရာမျိုးက

ပိုးမိုး ၀၁၆၀

www.burmeseclassic.com

www.burmeseclassic.com



ဒုစရိုက်အမျိုးမျိုးကို ကျူးလွန်ချင်စရာဖြစ်အောင် လက်ယပ်ခေါ်နေသည်မှာ ဘာမှမဆန်း။

ဆန်းနေသည်က မနောတို့ကို ပထမဖမ်းချုပ်ထားသည့် နေရာထက် ပိုဆိုး၍ လူသူလုံးဝကင်းပြတ်သော ဤနေရာသို့ ရွှေ့ပို့လိုက်သော ဆရာကြီးဆိုသူ၏ အကြံဉာဏ်ဖြစ်သည်။

"မင်းတို့နှစ်ယောက်စလုံး ဒီအထဲမှာ ငြိမ်ငြိမ်နေနော်၊ ထွက်ပြေးဖို့ လုံးဝမစဉ်းစားနဲ့၊ မင်းတို့ဘက်က တစ်ခုခုပြဿနာရှာလာလို့ကတော့ ငါတို့ကလည်း လက်တုံ့ပြန်ဖို့ဝန်လေးမှာ မဟုတ်ဘူးဆိုတာ မှတ်ထား"

"ဂျိမ်း"

မနောနှင့် သမိန့်ထော်ကို ဂျင်မီဆိုသည့်လူက မျက်နှာထားတင်းတင်း၊ လေသံမာမာဖြင့် ခြိမ်းခြောက်စကားဆိုပြီး မနောတို့နှစ်ယောက်ကို အိပ်ခန်းတစ်ခန်းထဲ ထည့်၍ အပြင်က သော့ခတ်လိုက်သံ ကြားလိုက်ရသည်။

"ဘာလဲကွာ၊ ဒါက ဘာအထာလဲ"

"ဝုန်း"

စိုး : မိုး : စာ ၇ ၄ ပ



"ဒုန်း"

သမိန့်ထော်အသံက မကျေနပ်ခြင်း၊ ခံပြင်းဒေါသဖြစ်ခြင်းတို့ ကြီးစိုးနေသလို တည်ကြည်ခန့်ညားသော မျက်နှာချောချောကလည်း ဘာမှန်းမသိသော အဖြစ်အပျက်များကြောင့် တင်းမာနေသည်။

အနားမှာရှိနေသည့် ကုလားထိုင် အကျိုးအပဲ့တွေကို သမိန့်ထော် ခြေဖြင့် တအားပစ်ကန်လိုက်သည့်အတွက် တိတ်ဆိတ်မှုကြီးစိုးနေသည့် ပတ်ဝန်းကျင်မှာ ထိုအသံက ပဲ့တင်ထပ်သွား၏။

ဂျင်မီဆိုသည့်လူ ရောက်လာမလားလို့ မနောစိတ်ထဲ တွေးပူကြောက်လန့်မိပေမယ့် ဂျင်မီရော သူ့တပည့်တွေပါ ရောက်မလာပါ။ မနောစိတ်ထဲ နည်းနည်းတော့ သက်သာရာရသွားပေမယ့် ဘာများဖြစ်ဦးမှာပါလိမ့်ဆိုသည့် အတွေးကြောင့် လူတစ်ကိုယ်လုံး စိုးရိမ်ထိတ်လန့်ခြင်းဖြင့် တွေ့သမျှမြင်သမျှ ကြားရသမျှအားလုံးကို ကြောက်လန့်နေမိသည်။

"ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ ဦးသမိန့်ထော်"

"ဘာမှဆက်လုပ်လို့မရလို့ ဒီအတိုင်း လက်ပိုက်ကြည့်နေ

စိုး : မိုး : စာ ၇ ၄ ပ

www.burmeseclassic.com

www.burmeseclassic.com



ရတာပေါ့ကွ ကောင်လေးရ”

“ဘယ်လိုလူကများ ငါ့ကို ဖမ်းလားချုပ်လား လုပ်နေတယ်မသိပါဘူး”

“ခင်ဗျားအိမ်က နေမှာပေါ့”

“ဘာ”

မောင်နောဆိုသည့် ကောင်လေးမျက်နှာကို သမိန်ထော် အလန့်တကြား ကြည့်လိုက်သည်။ မောင်နောအမည်ခံ မနောက လည်း သမိန်ထော်ကို အကြည့်မလွှဲဘဲ တုံ့ပြန်ကြည့်နေသဖြင့် အကြည့်ချင်းဆုံသွား၏။

“ခင်ဗျားပဲ ခင်ဗျားအိမ်က ထွက်လာတာဆို”

“အဲဒါနဲ့ ဘာဆိုင်လဲ”

“ဘယ်လိုဆိုင်လဲဆိုတာတော့ ကျွန်တော်မသိဘူး၊ ဒါပေမယ့် အကြောင်းတစ်ခုခုရှိနေလို့ ခင်ဗျားကို အခုလို ဖမ်းချုပ်နိုင်းထားတာတော့ သေချာတယ်”

“ခင်ဗျားဆီက ရစရာအမွေတွေ ဘာတွေရှိလား”

“အမွေ”





အလွှန်ငွေမက်သော မိထွေး၏မျက်နှာက သမိန်ထော် အာရုံထဲ ဘွားခနဲ ရောက်လာ၏။ ငွေသာရမယ်ဆိုကတော့ ဒေါ်နှင်းဆီတို့က ဘနဖူးသိုက်တူးမဲ့သူတွေထဲ ထိပ်ဆုံးကနေရာယူထားမည့် မိန်းမစားမျိုးဖြစ်သည်။

ဖေဖေ့မှာ တစ်ဦးတည်းသော အမွေဆက်ခံသူအဖြစ် သမိန်ထော်ဆိုသည့် သားတစ်ယောက်ပဲရှိသည်။ မိထွေးဖြစ်သူ ဒေါ်နှင်းဆီက မေမေပိုင်သည့် ရွှေမိန်ဦးခြံကြီးနှင့် သုံးထပ်တိုက်ကြီးကို သူ့နာမည်နှင့် လွှဲပြောင်းပေးဖို့ ဖေဖေ့ကို အမျိုးမျိုး နားပူအောင် ပြောနေတာ သူသိသည်။

ဖေဖေက တခြားနေရာမှာ ဒေါ်နှင်းဆီအတွက် တိုက်တစ်လုံး သီးသန့်ဝယ်ပေးထားပေမယ့် ဈေးပေါသောထိုတိုက်အိမ်ကို ဒေါ်နှင်းဆီက သဘောမကျ။ ရွှေမိန်ဦးလို နေရာမှ တစ်ဖဝါး မခွာလိုသူဖြစ်သည့်အတိုင်း မေမေ့အိမ်ကြီးပေါ်က လုံးဝမဆင်း။

အကြောင်းအမျိုးမျိုးပြပြီး ဖွတ်အတင်း တွယ်ကပ်နေသဖြင့် ဒေါ်နှင်းဆီကိုယ်စား သမိန်ထော်က ထိုအိမ်ကြီးပေါ်က ဆင်းခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သိန်းပေါင်းထောင်ချီတန်သည့် အိမ်ကြီးထဲ ဖေဖေနှင့် မိထွေးတော်တို့ ကျန်ခဲ့သည်။ သမိန်ထော်က နောက်ကို လုံးဝပြန် လှည့်မကြည့်တော့။ ဒေါ်နှင်းဆီ နွေမိန်ဦးခြံကြီးထဲက အပြီးအပိုင် ထွက်သွားပြီဆိုမှ အိမ်ပြန်လာမည်ဖြစ်ကြောင်း သမိန်ထော်ကိုယ်တိုင် ဖေဖေ့ကို ပြတ်သားစွာ ပြောခဲ့သည်။

အချိန်တွေသာ ကုန်သွားသည်။ ဒေါ်နှင်းဆီက နွေမိန်ဦး ဆိုသည့် မေမေပိုင် အိမ်ကြီးပေါ်မှာ ရှိနေဆဲဖြစ်သလို သမိန်ထော် ကိုယ်တိုင်ကလည်း ဖေဖေ့ကို အရွဲ့တိုက်ရင်း ဘဝကို ဖြစ်သလို နေပြနေဆဲ အခုလို ဘာ့မှန်းမသိ ညာမှန်းမသိသော လူတစ်စု၏ ဖမ်းဆီးချုပ်နှောင်ခြင်းအဖြစ်ကို ခံရခြင်းဖြစ်သည်။

အခုလို အဖမ်းအဆီး အချုပ်အနှောင်ခံနေရတာဟာ မိထွေး တော် ဒေါ်နှင်းဆီလက်ချက်များလား။ ဖြစ်တော့ဖြစ်နိုင်သည်။ ဒီမိန်းမကြီးက အစထဲက စိတ်ထားကောင်းသူမဟုတ်။ သမိန်ထော် နှင့်လည်း မတည့်။

ဂုဏ်မက်၊ ငွေမက်၍ ဖေဖေ့လို အသက်ကြီးကြီး အဘိုး အိုတစ်ယောက်ကို အပိုင်သိမ်းထားသည့် မိန်းမဆိုတော့ ဘယ်သူမှ မကြံစည်နိုင်သည့် ဒီအကြံအစည်ကို သူပဲ ကြံစည်တာဖြစ်နိုင် သည်။

"ဦးသမိန်ထော်"

"ဟင်"

"ကျွန်တော်တို့ သိပ်မသက်ဘူးဗျ၊ ဒီလောက်ချောင်ကျ ပြီး လူသူမရှိတဲ့နေရာကို တမင်ရွေးခေါ်လာတယ်ဆိုထဲက ကျွန်တော် တို့အသက်ကိုများ ရန်ရှာမလို့လားမသိဘူး"

မောင်နော်ဆိုသည့် ကောင်လေးစကားကြောင့် သမိန်ထော် ဘာမှပြန်မပြောနိုင်ဘဲ တွေဝေငေးငိုင်သွားသည်။ လက်ရှိအနေ အထားက ဘာကိုမှ တပ်အပ်သေချာပြောလို့မရ။ တစ်ခုမဟုတ် တစ်ခု ဖြစ်နိုင်သည့် အနေအထားမှာ သမိန်ထော်တို့ အသက် အန္တရာယ်ကို ရန်ရှာသည့်အထိ ဖြစ်နိုင်သည်။

သမိန်ထော်နားက မောင်နော်ဆိုသည့် ချာတိတ်လေး၏ မျက်နှာကို ကြည့်လိုက်တော့ ဖြူဖျော့ကာ မျက်စိမျက်နှာပျက်နေ တာမြင်ရတော့ ကောင်လေးအတွက် သမိန်ထော်ရင်ထဲ မကောင်းဘဲ ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ အခုကိစ္စက မောင်နှောဆိုသည့် ကောင်လေးနှင့် ဘာမှဆိုင်တာမဟုတ်။ သမိန်ထော်ကိုဖမ်းဆီးရင်း သူနှင့်အတူပါလာသည့် ချာတိတ်လေးပါ ဓားစာခံဖြစ်လာရခြင်းဖြစ်သည်။

"မင်းကြည့်ရတာ သိပ်ကြောက်နေသလိုပဲ"

"ကြောက်တာပေါ့ဗျာ၊ ကိုယ့်အသက်ကို အန္တရာယ်ပြုမယ့်ကိစ္စမျိုး၊ ခင်ဗျားကိုယ်တိုင်ရော သေမှာမကြောက်လို့လား"

"ကြောက်နေလို့ ပြီးသွားမှာမှမဟုတ်ပဲ၊ သေတစ်နေ့ မွေးတစ်နေ့ဆိုတာ မင်း မကြားဖူးဘူးလား၊ ဖြစ်လာသမျှ ကိုယ့်ဘက်က အကောင်းဆုံး ရင်ဆိုင်ဖြေရှင်းရတာကိုက ဘဝရဲ့အနှစ်သာရပဲ"

"အိုဗျာ...အရေးထဲ ဘဝတွေ၊ အလှတွေပြောပြီး ဘာလုပ်ရမှာလဲဗျာ၊ ခင်ဗျားက ခင်ဗျားကိစ္စနဲ့ သေရလို့ဘာမှမဖြစ်ဘူး၊ ကျွန်တော်က ကြားထဲက ဘာမဆိုင်ညာမဆိုင် ခင်ဗျားအတွက်နဲ့ ကျွန်တော့်အသက်ကို အလကား အဆုံးရှုံးမခံနိုင်ဘူးဗျာ သိလား"

"ကျွန်တော်ပါ အခုလိုအဖမ်းခံနေရတာ ခင်ဗျားကြောင့်





ခင်ဗျားနဲ့သာ မပတ်သက်ခဲ့မိရင် ကျွန်တော်လည်း အခုလို အဖမ်းခံရမှာမဟုတ်ဘူး"

ပြောရင်း မနှောအသံလေးက ဝမ်းနည်းစိတ်ဖြင့် တုန်ရီလာ၏။ တကယ်လည်း မနှော ငိုချင်သည်။ ကိုယ့်ပြဿနာနှင့်ကိုယ် လူရောစိတ်ရော ဒုက္ခရောက်နေချိန်မှာ တခြားသူတစ်ယောက်၏ ဒုက္ခကိုပါ ဘာမဆိုင်ညာမဆိုင် လာခံနေရသည်ဆိုတော့ မနှော ဘယ်လိုမှ သည်းမခံနိုင်အောင်ဖြစ်လာသည်။

"အစထဲက ခင်ဗျားနဲ့ မဆုံဖြစ်ခဲ့ကြရင် သိပ်ကောင်းမှာဗျာ၊ အခုတော့ ခင်ဗျားကြောင့် ကျွန်တော်ပါ ဒုက္ခရောက်နေရပြီ"

စိတ်ကိုတင်းထားသည့်ကြားက ဖြူအုနုညက်နေသော မနှောပါးပေါ် မျက်ရည်ပေါက်ကြီးတွေ စီးကျလာ၏။ မနှော အခုလို ဖြစ်နေတာ မေမေနှင့် ကိုမြတ်သာသိလျှင် ရင်ကျိုးရှာပေတော့မည်။

မနှောကို အခုလိုဖြစ်စေသည့် အဓိကတရားခံက မနှော မိသားစုဖြစ်သည်။ မောင်နှမတွေ မကောင်း၍ မနှော ရဂုံမြို့က လွင့်ထွက်လာသည်။ အခုတော့ တစ်ဆင့်တက်၍ သမိန်ထော်ဆိုသည့်လူနှင့်အတူ အဖမ်းခံရသည်။ မနှောပတ်ဝန်းကျင်မှာရှိနေသူ



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ယောက်ျားတွေချည်း။ အားလုံး လူဆိုးလူမိုက်များဖြစ်သဖြင့် မနောကို မိန်းမသားတစ်ယောက်အဖြစ် သိသွားမှာကို အစိုးရိမ် အထိတ်လန့်ဆုံးဖြစ်သည်။

"ဆောရီး...မောင်နော့ရာ၊ မင်း အခုလိုငိုနေတော့ ငါလည်း စိတ်မကောင်းပါဘူး၊ ဟိုလူတွေ မင်းကို အမြန်ဆုံးပြန်လွှတ်ပေးဖို့ ငါပြောပါ့မယ်"

"ယောက်ျားပဲကွာ၊ သတ္တိရှိရှိနေပေါ့၊ မငိုနဲ့ တိတ်...တိတ်"

သမိန်ထော်က သူတတ်သလောက် မှတ်သလောက် မနောကို ချော့ပေမယ့် မနောက အငိုမရပ်။ ကိုယ့်အဖြစ်ကိုယ်တွေးပြီး ဝမ်းနည်းစိုးထိတ်စွာ တသိမ့်သိမ့်ငိုမိသည်။

မနောသာ မာမီ့စကားနားထောင်ပြီး ရင်္ဂုန်မြို့မှာဆက်နေဖြစ်လျှင် ဒီနေ့ ဒီလိုအဖြစ်တွေနှင့် ကြုံဆုံရမည်မဟုတ်။ အခု မနောအနားမှာရှိနေသူက အမူးသမား။ အပြင်မှာက လူဆိုးအုပ်စု။ ဘယ်လိုတွေးတွေး စိတ်သက်သာစရာ ဘာတစ်ခုမှမတွေ့။

သမိန်ထော်က သူ့ကိုကျောပေး၍ ယောက်ျားဖြစ်ပြီး မိန်းမတစ်ယောက်လို ငိုရှိုက်နေသော မနောကျောပြင်ကိုကြည့်ကာ





စိတ်ရှုပ်နေသည့်ကြားက တစ်ချက်ပြုံးဖြစ်အောင် ပြုံးလိုက်မိ၏။

တွေ့စထဲက မိန်းမချောချောသော ဤကောင်လေးမှာ သူတို့အသတ်ခံရတော့မည်အထင်နှင့် ငိုနေပုံက တကယ့်မိန်းကလေးတစ်ယောက် ငိုနေတာနှင့် တူပဲတူနိုင်လွန်းသည်။ သူချော့မော့ပြောနေသည့်ကြားက ငိုကြွေးရှည်လျက် တော်တော်နှင့်မရပ်။

သမိန်ထော်ကိုယ်တိုင် ဤမျှအငိုသန်သောကောင်မျိုး တစ်ခါမှမမြင်ဘူး။ ကြာတော့ စိတ်ကမရှည်။ အပြင်က လူဆိုးအုပ်စုကို ဘယ်လိုဉာဏ်သုံးပြီး လွှတ်အောင်ကြံစည်ရမည့်စိတ်ကူးမှာ တအီအီငိုသံကြား ဘာတစ်ခုမှ စိတ်ကူးမရဘဲဖြစ်နေ၏။

"ဟိတ်ကောင် မင်းက အဖခြောက်မို့လို့ ဒီလောက်ငိုနေတာလား၊ မင်းယောက်ျားဆို ငိုတာအခုရပ်စမ်း"

"အခုချိန်က ငိုနေရမယ့်အချိန်မဟုတ်ဘူးကွ နားလည်လား"

"မငိုရအောင် ရယ်နေရမှာလားဗျာ၊ ကားပေါ်မှာစတွေ့ထဲက လူကို ဒုက္ခပေးလာလိုက်တာ အခုချိန်ထိ ပြီးကိုမပြီးနိုင်ဘူး"

"ခင်ဗျားက ကျွန်တော့်အတွက် နတ်ဆိုးဗျာ့ သိလား"



www.burmeseclassic.com

www.burmeseclassic.com



မနောလေသံက မာဆတ်ဆတ်။ မျက်ရည်တွေကို လက်ခုံဖြင့် ဆွဲယူပွတ်သုတ်လိုက်ရပေမယ့် မနောကို လေသံမာကြီးနှင့် တစ်ပြန်စီး အပြစ်တင်ခံရတာကို မကျေနပ်တာနှင့် သမိန်ထော်ကို ခပ်တည်တည် ပြန်ကြည့်ပစ်လိုက်၏။

ဒီတော့မှ သမိန်ထော်လည်း ကိုယ့်အပြစ်ကိုယ်ကောင်လေးပြောတာလည်း သိပ်တော့မလွန်ပါလားဟု တွေးကာ ကျဉ်းကြပ်နေသော စိတ်ကို တစ်ဝက်မက ဖြေလျှော့ချလိုက်သည်။

"မင်းအမြင်မှာ ငါက မင်းပြောသလို ဖြစ်ချင်ဖြစ်နေမှာပဲ မောင်နော၊ ဒါပေမယ့် မင်းကို မြင်မြင်ချင်း ကိုယ့်ညီလေး တစ်ယောက်လို ချစ်သွားမိတာလည်းပါပါတယ်"

"ခင်ဗျားညီလည်း မဖြစ်ချင်ပါဘူး"

ဘာမှသွေးမတော်သားမစပ်ဘဲ မနောကို ဒီလောက်ဒုက္ခပေးနေသေးလျှင် မနောသာ သူ့ညီဖြစ်လျှင် ဘယ်အထိအောင် သူ့ဝဋ်ဒုက္ခခံရမည်မသိ။ ဒါက မနောအတွေး။

သမိန်ထော်ကလည်း မကြည်မသာမျက်နှာဖြင့် မနောစိတ်အတွေးကို လှမ်းမြင်ရသလို တစ်ချက်ပြုံးလိုက်သည်။

"အေးပါ...ငါကလည်း စကားအဖြစ်ပြောတာ၊



မင်းကြောင့် မင်းကို ဒုက္ခရောက်ပါစေလို့ လုံးဝမရည်ရွယ်ဘူးဆိုတာတော့ မင်းယုံ"

"ကျွန်တော်ယုံတာ မယုံတာ အရေးမကြီးပါဘူးဗျာ၊ အခုဒီနေရာကလွတ်အောင် ဘယ်လိုကြံစည်ကြမှာတုန်း"

"တီ...တီ"

"ဟော...ကားဟွန်းသံကြားတယ်၊ ဆရာကြီးဆိုတဲ့လူလိုက်လာပြီထင်တယ်"

နှစ်ယောက်အတူ ငြိမ်သွားပြီးနောက် ကားတစ်စီးရပ်သံ၊ ကားတံခါးဖွင့်သံ ပိတ်သံတွေကို နားစွင့်နေမိသည်။ အထူးသဖြင့် မနောစိတ်ထဲမှာ ဆရာကြီးဆိုသူ၏ မျက်နှာကို နောက်ထပ် မမြင်ချင်မတွေ့ချင်အောင် ကြောက်ရွံ့ထိတ်လန့်နေ၏။

မနောတာဝန်ကို သူယူမယ်ဆိုတဲ့ ဆရာကြီး။

အမလေး အတွေးနှင့် လူက ဓာချွေးပျံချင်လာ၏။ ထိုဆရာကြီးလက်ထဲမှာ မနောတစ်ယောက်တည်း ကျန်ရစ်ခဲ့လို့ ဘယ်နည်းနဲ့မှမဖြစ်။

"ဦးသမိန်ထော်"

"ဘာလဲ မောင်နော"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကိုထားပြီး ခင်ဗျားတစ်ယောက်တည်း ကိုယ်လွတ်ရုန်းပြေးဖို့ လုံးဝမစဉ်းစားနဲ့နော်၊ အဲဒီလိုဖြစ်လာလို့ကတော့ ခင်ဗျားကြီးကို ဘယ်ဘဝရောက်ရောက် လိုက်သတ်မှာ"

"အရေးထဲမှာ မင်းကတစ်မျိုး၊ ဘယ်သူက မင်းကိုတစ်ယောက်တည်း ထားခဲ့မယ်ပြောနေလို့လဲ"

"ခြေသံတွေ ကြားတယ်ကွ၊ မင်းမျက်နှာကိုပြင်ပြီး ခပ်တည်တည်နေစမ်း မောင်နော၊ ဒီလူတွေက မင်းကြောက်မှန်းသိရင် ပိုခြောက်ပြလိမ့်မယ် နားလည်လား"

သမိန်ထော်စကား မှန်နေသဖြင့် မနော ခေါင်းညိတ်လိုက်သည်။ ကြောက်စိတ်ဖြင့် ထိတ်လန့်တုန်လှုပ်နေသော မျက်နှာထားအမူအရာကို တည်ငြိမ်ရဲရင့်သောအသွင်သို့ ပြောင်းလဲပြင်ဆင်ခိုက်မှာ ပိတ်ထားသော အခန်းတံခါးက ဝုန်းခနဲ ပွင့်သွား၏။

မနောထင်သည့်အတိုင်း အခန်းပေါက်ဝမှာ မားမားကြီးရပ်နေသူက ဆရာကြီးဆိုသူနှင့် သူ့တပည့်များဖြစ်နေသဖြင့် မနောကိုယ်လေး တွန့်ခနဲဖြစ်သွားသည်။

□ □ □

## အခန်း (၉)

"မင်းတို့ ဒီနေရာက အမြန်ဆုံးသွားချင်ရင် ဒီစာချုပ်မှာ လက်မှတ်ထိုး၊ ပြီးတာနဲ့ ကြိုက်တဲ့နေရာသွားလို့ရပြီ"

သမိန်ထော်မျက်စိရှေ့တည့်တည့်သို့ စာချုပ်နှစ်စောင် ရောက်လာ၏။ ဘယ်စာချုပ်တွေမှန်းမသိဘဲ လက်မှတ်ထိုးရမည်ဆိုတော့ စိမ်းမှောင်ထူထဲသော သမိန်ထော်မျက်ခုံးအစုံ တွန့်ကုတ်သွားသည်။

"ဒါက ဘာစာချုပ်လဲ၊ ပြီးတော့ ဘာကိစ္စ ကျုပ်က ဒီစာချုပ်မှာ လက်မှတ်ထိုးရမှာလဲ"

"မေးမြန်းတာတွေ ရှုးစမ်းတာတွေ သိပ်လုပ်မနေနဲ့ သမိန်ထော်၊ မင်းမေးတိုင်းဖြေရအောင် တို့က မင်းတပည့်တွေမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ဘူး''

''ကျုပ်ကလည်း ဘာစာချုပ်မှန်းမသိဘဲ လက်မှတ်မထိုးနိုင်ဘူးဗျာ''

''လေသံက မာလှချည်လား''

ဆရာကြီးဆိုသူ အကြည့်က စူးလက်စွာ သမိန်ထော်ထံ ရောက်လာ၏။ သမိန်ထော်ကလည်း ဂရုမစိုက်။ ဆရာကြီးဆိုသူက ခပ်တည်တည်မျက်နှာပေးနှင့် ပြန်စိုက်ကြည့်တော့ ဆရာကြီးက သူ့တပည့်တွေရှိရာ မျက်လုံးဝေ့လိုက်သည်။

''မင်းကိုကြည့်ရတာ အသားနာချင်မယ်မထင်ဘူး၊ အဲဒီတော့ အသားအနာခံပြီးမှ လက်မှတ်ထိုးမလား၊ ဒီအတိုင်းလက်မှတ်ထိုးမလား၊ အချိန် သုံးမိနစ်ပေးမယ်''

''ဦးသမိန်ထော်''

မနောနှုတ်က အလန့်တကြား သမိန်ထော်အမည်ကို ခေါ်လိုက်မိသားဖြစ်သွားသည်။ သမိန်ထော် ကြားပေမယ့် မလှုပ်။ မျက်လုံးကတော့ ဂျင်မီနှင့် သူ့လူတွေကို မပြတ်အကဲခတ်နေ၏။ အချိန်က တရွေ့ရွေ့ကုန်သွားသည်။

စိုးမိုး ၁၁၄ ပ



''ကိုင်း...အချိန်ပြည့်ပြီ''

သမိန်ထော်က ခပ်တည်တည်။

ဂျင်မီနှင့် သူ့တပည့်တွေက သမိန်ထော်နှင့် မနောတို့ရှိရာ တိုးလာသဖြင့် မနော မျက်လုံးဝိုင်းသွားသည်။ မနောက နုနုငယ်ငယ် မိန်းမသား။ ဘယ်တုန်းကမှလည်း အုပ်စုဖွဲ့ရန်ဖြစ်ဖူးသူမဟုတ်။

ဒါမျိုး ရုပ်ရှင်တွေထဲမှာပဲ မြင်ဖူးသည်။ အခုတော့ မနော ကိုယ်တွေ့ဆိုတော့ ချွေးပျံလာသည်။ ကြောက်ကြောက်နှင့် ဟိုဟိုဒီဒီ လျှောက်အကြည့် ပျက်စီးကျိုးပဲ့နေသော စားပွဲခုံမှ သစ်သားတစ်စ ကို တအားပြေးယူပြီး လက်နှစ်ဖက်နှင့် တင်းကြပ်စွာ ဆုပ်ကိုင်ထား လိုက်သည်။

သမိန်ထော်ကို ကာကွယ်ဖို့မဟုတ်။

ကိုယ့်ကိုယ်ကို ကာကွယ်ရန်ဖြစ်သည်။

''ဟိတ်''

''ဝုစ်''

''ဖျောင်း''

အသံတွေ ဆူညံသွားသလို လူတွေလည်း ရောထွေးသွား

စိုးမိုး ၁၁၄ ပ

www.burmeseclassic.com

www.burmeseclassic.com



သည်။ မနောကတော့ ဘာမှမစဉ်းစား။ မည်းမည်းမြင်သမျှ လက်ထဲက တုတ်နှင့် တအားသွဲ့ရိုက်ဖို့ ကြိုးစားသည်။

ထိသလား၊ မထိသလားတော့ သေချာမသိ။ မနောဘာသာ ကိုယ့်တုတ်နှင့်ကိုယ် ချာချာလည်ပြီး သမိန်ထော်ကိုယ်ကြီးကို အွတ်ခနဲ ဝင်တိုက်မိသွား၏။

"ဒုတ်"

"အား"

"ဟာ"

သမိန်ထော်မှာ ရှေ့ကိုမဲပြီးချနေရာမှ နောက်ကို သတိမထားနိုင်ဖြစ်နေတုန်း မနောလက်ထဲကတုတ်က သူ့ခေါင်းကို တည့်တည့်လာရိုက်မိသလို ဖြစ်ကာ မိုက်ခနဲ ပုံအကျ မနောလည်း လန့်ဖြန့်ပြီး လက်ထဲကတုတ်ကို လွှတ်ချလိုက်သည်။

"ဦးသမိန်ထော်…ဦးသမိန်ထော်"

"လုပ်ကြပါဦး၊ ဒီမှာ ဦးသမိန်ထော်ကို ခေါ်လို့မရတော့ဘူး"

အဖြစ်အပျက်က မြန်ဆန်လွန်း၍ ဘယ်သူမှမလှုပ်။ မနော





သာလျှင် သူမလက်ချက်ဖြင့် မလှုပ်မယှက် လဲကျနေသော သမိန်ထော်ကိုယ်ကြီးကို အလန့်တကြား လှုပ်ခါအော်ဟစ်နေခြင်းဖြစ်သည်။

ဂျင်မီက ဆရာကြီးကို လှမ်းကြည့်သည်။ ဆရာကြီးက အခုပဲငိုချလိုက်တော့မလိုမျက်နှာနှင့် မနောကိုတစ်လှည့် သမိန်ထော်ကိုတစ်လှည့် ကြည့်နေစဉ် ဖုန်းသံမြည်လာသဖြင့် နားထောင်လိုက်၏။

"ဟဲလို"

"ဟုတ်ပါတယ်"

တစ်ဖက်က ပြောသူအသံကို မကြားရ။ ဆရာကြီးပြောတာကိုသာ နားစွင့်နေကြသည်။ စိတ်မဝင်စားသူက မနော။ သို့သော် နားက ကြားနေရ၏။

"ဦးသမိန်ထော်…ဦးသမိန်ထော်"

"ဟိတ်ကောင်လေး တိတ်တိတ်နေစမ်း"

ဆရာကြီးက လှမ်းအော်ငေါက်လိုက်သဖြင့် မနောမှ သမိန်ထော်နာမည်ကို ထပ်မခေါ်ရဲတော့ဘဲ အသံတိတ်နည်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်ကြီးကိုသာ ဖွတ်လူပ်နှိုးနေမိသည်။

"ခင်ဗျားပြောတဲ့အတိုင်း ကျုပ်တို့ ကြိုးစားနေတာပဲ၊ ချက်ချင်းကြီးမဖြစ်နိုင်တာ ခင်ဗျား နားလည်ရမှာပေါ့"

"ခင်ဗျားပြောသလောက် လွယ်နေရင် ဒီအလုပ်ကို ကျုပ်တောင် လုပ်နေစရာမလိုဘူး"

"ဟုတ်ပြီလေ၊ ခင်ဗျားလိုချင်တာ ရရစေမယ်လို့ ကျုပ် ပြောပြီးပြီပဲ၊ ကိစ္စအောင်မြင်တာနဲ့ ခင်ဗျားဆီကို ကျုပ် ချက်ချင်း အကြောင်းကြားမယ်"

"ကျုပ်ဆီ ခဏခဏဖုန်းမဆက်ပါနဲ့၊ ဒါပဲ"

"ဟိတ်ကောင်တွေ ဟိုကောင့်မျက်နှာကို ရေနဲ့လောင်းချလိုက်"

"ဟုတ်ကဲ့ ဆရာကြီး"

ဆရာကြီးက ဖုန်းပိတ်ပြီး သူ့တပည့်တွေကို အမိန့်ပေးလိုက်သဖြင့် အားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွား၏။ မနောကတော့ သမိန်ထော်ကို ဖမ်းဆီးခိုင်းသူကို ဘယ်သူဘယ်ဝါမှန်းမသိသော်လည်း မေတ္တာနာနာပို့နေမိသည်။



"ဟိတ်ကောင် ဖယ်စမ်း"

"ဗွမ်း"

သမိန်ထော်မျက်နှာပေါ် ရေတွေဝေါခနဲသွန်ချလိုက်ရာ အနားမှာရှိနေသည့် မနောကိုယ်ပါ ရေတွေစိုကုန်၏။

"ဝူး…ဖရူး…ဖရူး"

"ဦးသမိန်ထော်"

ရေမွှန်းနေသည့် ကြွက်စုတ်နှင့်တူသော သမိန်ထော်နား မနော အပြေးရောက်သွားသည်။

"ဦးသမိန်ထော် သတိရပြီနော်"

"အား…ကျွတ်…ကျွတ်၊ ခေါင်းထဲက နာလိုက်တာ"

သူ့ခေါင်းကို ဖိကိုင်ပြီး ညည်းညူလိုက်သည့် သမိန်ထော်ကိုကြည့်ပြီး မနောမျက်နှာပျက်သွားသည်။

"ခင်ဗျားတို့ သတ္တိရှိရင် လူချင်းယှဉ်ချပါလား ဗျာ၊ သတ္တိကြောင်ပြီး လူကို နောက်က ချောင်းရိုက်ရတာလဲ"

"ဘာကွ"

"ဟာ…မဟုတ်ဘူး၊ ဦးသမိန်ထော်ကိုရိုက်တာ သူတို့

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး"

"ဒါဖြင့် ငါ့ခေါင်းကို ဘယ်သူဝင်ရိုက်သွားတာလဲ"

"ဟို…အဲဒါက ကျွန်တော် အရှိန်လွန်ပြီး ဦးသမိန်ထော်ခေါင်းကို"

"ဘာ"

"ငါ့ခေါင်းကိုရိုက်တာ မင်းဟုတ်လား"

"ဟုတ်"

"ကောင်းကွာ"

မျက်နှာငယ်လေးနဲ့ ခေါင်းညိတ်ပြနေသည့် မောင်နော်ဆိုသည့် ကောင်ကိုကြည့်ကာ သမိန်ထော် စိတ်ပျက်သွားသည်။

"ဘယ်သူ့လက်ချက်လဲဆိုတာ ကြားတယ်နော် ကိုယ့်လူ၊ ကျုပ်တပည့်တွေ လက်ရာကလည်း မင်းကောင်လေးထက်တော့ မညံ့ပါဘူး"

"ကဲ…တပည့်တို့"

"မင်းဗျားတို့ ဦးသမိန်ထော်ကို ဘာလုပ်ကြဦးမလို့လဲ၊ အခု သူ့ခေါင်းမှာ ကျွန်တော့်ကြောင့် ဒဏ်ရာရနေပြီဗျာ"

ဝိုး:မိုး:ဝ၁



"ဟိတ်ကောင်လေး မင်းပါမနာချင်ရင် ဘေးဖယ်နေစမ်း"

သမိန်ထော်ရှေ့က ဝင်ရပ်ပြီး မနော ကာကွယ်ပြောပေမယ့် မရ။ ဆရာကြီးဆိုသူ၏ အမိန့်ကြောင့် မနောရှေ့မဆက်ရဲဘဲ မျက်နှာပျက်သွား၏။ မနောသာ ယောကျ်ားဆိုရင် ဘာဖြစ်ဖြစ်ပြန်ချလို့ ဘာမှမဖြစ်ပေမယ့် အခု မနောက မိန်းမသားဆိုတော့ သူတို့ယောကျ်ားအုပ်စုကို ဒါထက်ပိုပြီး ဆက်အာခံလို့မဖြစ်။

သမိန်ထော်မျက်နှာကို တစ်ချက်ကြည့်ပြီး သူ့ရှေ့က ဖယ်ပေးလိုက်သည်။ ဒါကလည်း ဆရာကြီးနှင့် သူ့လူတွေကို ကြောက်လို့ပါ။

"ကဲ…သမိန်ထော်၊ မင်းသဘောက ဘယ်လိုလဲပြော၊ စာချုပ်မှာ လက်မှတ်ထိုးမှာလား၊ မထိုးဘူးလား"

"မထိုးဘူးဗျာ"

"ဒီလောက်တောင် ခေါင်းမာတာ"

"ကဲကွာ"

"ဖတ်"

ဝိုး:မိုး:ဝ၁၉ပ

www.burmeseclassic.com

www.burmeseclassic.com



"ဗိုး"

"ဒုန်း"

"အမလေး...ဦးသမိန်ထော် သေပါပြီ"

"သူ့ကိုမလုပ်ပါနဲ့၊ မလုပ်ကြပါနဲ့"

"ဟော့...တော်ပြီ"

မနောအော်သံကို ဘယ်သူမှ ဂရုမစိုက်။ သူတို့စိတ်ကြိုက် သမိန်ထော်ကို ဝိုင်းပညာပေးပြီး မလှုပ်နိုင်မှ ရပ်လိုက်သည်။

"ဒီထက်ပိုပြီး ခေါင်းမာနေရင် ဒါထက်ဆိုးမယ်ဆိုတာ မှတ်ထား၊ စဉ်းစားဖို့ အချိန်တစ်ရက်ပေးမယ်၊ ဒါကိုမှ မရသေးရင် မင်းသေတွင်း မင်းတူးတယ်လို့ပဲ မှတ်လိုက်"

"သွားကြမယ်"

"နေဦး"

သမိန်ထော်ထံမှ တားမြစ်သံကြောင့် ဆရာကြီးက လှမ်းကြည့်သည်။

"ကျုပ်ကို အခုလိုလုပ်နိုင်းတာ ဘယ်သူလဲ"

"မင်းအမေးကို ငါမဖြေနိုင်ဘူး သမိန်ထော်၊ ဒါပေမယ့်





အဲဒီအဖြေကို မင်းဘာသာစဉ်းစားကြည့်ရင် ပိုကောင်းမယ်"

ဆရာကြီးဆိုသူက သမိန်ထော်တို့နားက ထွက်သွားသဖြင့် သူ့လူတွေပါ သူနဲ့အတူ ပါသွားသည်။ စုစုပေါင်း လေးယောက်။ နောက်ကို ဘယ်သူမှ တစ်ချက်လှည့်မကြည့်။

အနားကကြမ်းပြင်ပေါ် သမိန်ထော် အရုပ်ကြိုးပြတ်လဲကျသွား၏။

"ဦးသမိန်ထော်"

မနောက အချိန်မီ ပြေးပွေ့သော်လည်း မမှီတော့။ သမိန်ထော်နားမှာ မနောရောက်သွား၏။ မျက်နှာပေါ်ကဒဏ်ရာကို မြင်ရတော့ မနော စိတ်မကောင်းဖြစ်သွားသည်။

"ကျွန်တော့်အများကြီးတောင်းပန်ပါတယ် ဦးသမိန်ထော်၊ ကြောက်ကြောက်လန့်လန့်နဲ့ လူဆိုးတွေကို ရိုက်လိုက်တာ အရှိန်လွန်ပြီး"

"တော်စမ်းပါကွာ၊ လူကောင်သေးသေးလေးနဲ့ တော်တော်လက်စပြင်းတဲ့ကောင်၊ မင်းကြောင့် ငါ့ခေါင်းက အဲလူးဘု ဘယ်လောက်ကြီးတယ်ဆိုတာ သိလား"



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာငယ်လေးနှင့် မနော ခေါင်းငုံ့နေမိသည်။ သမိန်ထော် ဒါထက်မက ပြောလည်းခံရဖို့အသင့်ပါ။ အပြစ်က မနော အပြစ်။ တမင်ရည်ရွယ်ပြီး လုပ်ရင်တောင် ဒီလိုဖြစ်မှာမဟုတ်။

"ခင်ဗျားမကျေနပ်ရင် ကျွန်တော့်ကို ပြန်ရိုက်ဗျာ၊ ကျွန်တော် စိတ်မဆိုးဘူး"

"ငါက မင်းလို မိန်းမလိုမိန်းမရကောင် မဟုတ်ဘူးကွ နားလည်လား"

"ဒါဆိုလည်း သူတို့ပေးတဲ့စာချုပ်မှာ လက်မှတ်ထိုးပေးလိုက်ဗျာ၊ နောက်မှ တရားဥပဒေအရ ပြန်ရှင်း၊ အခုပုံအတိုင်းဆို သူတို့နှိပ်စက်တာနဲ့ ခင်ဗျားသေလိမ့်မယ်"

"သေလည်းဂရုမစိုက်ဘူး"

"ဟင်"

မနောက သမိန်ထော်ကို အထူးအဆန်းသတ္တဝါတစ်ကောင်လို ပြန်ကြည့်သည်။

"ငါ့အသက် သေချင်သေပါစေ၊ အဲဒီမိန်းမ ဖြစ်ချင်တာတွေ ဘာတစ်ခုမှ ဖြစ်မလာစေရဘူး၊ မှတ်ထား"





"အဲဒီမိန်းမဆိုတာက"

"ငါ့မိထွေး"

"ဘယ်သူ့သွေးက ပိုရဲသလဲဆိုတာ စမ်းကြည့်ကြတာပေါ့၊ ခင်ဗျားကြီးကို ကျုပ် ဘယ်တော့မှ အရှုံးမပေးဘူးသိလား"

"အား...ကျွတ်...ကျွတ်"

သမိန်ထော်တစ်ကိုယ်လုံး မိထွေးဖြစ်သူ ဒေါ်နှင်းဆီကြောင့် ဒေါသတွေ ပွက်ဆူနေသလို ခန္ဓာကိုယ်ပေါ်က ဒဏ်ရာဒဏ်ချက်တွေကြောင့်လည်း နာကျင်မှုကို စုတ်တံသပ်သပ်ဖြစ်နေပါသည်။

မနောမှာသာ ကြားထဲက မြေစာပင်အဖြစ် ဘာလုပ်၍ ဘာကိုင်ရမှန်းမသိဘဲ စိတ်အညစ်ကြီးညစ်နေမိသည်။ ပြဿနာ၏ အရင်းအမြစ်ကို အတိအကျမသိရသော်လည်း မိထွေးဖြစ်သူနှင့် သမိန်ထော်တို့တိုက်ပွဲက ပြင်းထန်မှုအပြည့်။

သူ့ဘာသာ အသေခံတာက အရေးမကြီး။ ကြားထဲက မနောက ဘာမဆိုင်ညာမဆိုင် ဘဝပျက်မှာ ကြောက်သည့်အတွက် ဒီနေရာက ကိုယ့်နည်းကိုယ့်ဟန်နဲ့ အမြန်ဆုံးထွက်ပြေးလွတ်မြောက်အောင် ကြိုးစားမှဆိုသည့် အတွေးဝင်လာပေမယ့် ထင်သလောက်မလွယ်။



www.burmeseclassic.com

www.burmeseclassic.com



အတွေးမှာ အတွေးသာဖြစ်၍ လက်တွေ့နှင့် တခြားစီဖြစ်သည့်အတိုင်း ပိတ်ထားသည့်တံခါးများနှင့် သံဟိုင်များကိုကြည့်၍ ရင်မောသွား၏။

"အခု...ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ ဦးသမိန်ထော်၊ ဟိုဆရာကြီးဆိုတဲ့လူက ခင်ဗျားကို တစ်ရက်ပဲ အချိန်ပေးတာမဟုတ်လား"

"ခင်ဗျား ခေါင်းမာပြီး သူနိုင်းတဲ့အတိုင်း လက်မှတ်မထိုးရင် ခင်ဗျားအသက်ကိုပါ ရန်ရှာမယ်ထင်တယ်"

"သတ်ရဲရင် သတ်စမ်းပါစေ၊ ဒီလူတွေ ဒီလောက်သတ္တိမရှိပါဘူးကွ"

"သူတို့က လူဆိုးဂျပိုက်တွေဗျ၊ ရန်သူကို လျှော့မတွက်စမ်းပါနဲ့၊ ကျွန်တော့်သဘောကတော့"

"လက်မှတ်ထိုးပေးလိုက်ပါလို့ ဆက်ပြောဦးမလို့လား"

မနောခေါင်းကို ခပ်သွက်သွက်ညိတ်လိုက်တော့ သမိန်ထော် မျက်ခုံးတွန့်သည်။

"မင်းကြည့်ရတာ သေရမှာတော်တော်ကြောက်ပုံပဲ၊ လူဆိုတာ တစ်ဘဝမှာ တစ်ခါပဲ သေရတယ်၊ အေး မင်းလိုကြောက်





တဲ့လူတွေကတော့ နှစ်ခါပြန်သေရတတ်တယ်ကွ၊ နားလည်လား"

"ခင်ဗျားကတော့ ပြောအားရှိမှာပေါ့ဗျာ၊ ခင်ဗျားအကြောင်းနဲ့ ခင်ဗျားကို၊ ကျွန်တော့်နေရာမှာ ခင်ဗျားဆိုရင် ဒီလိုပြောနိုင်မလား"

"နားညည်းလိုက်တာကွာ၊ မင်းပါးစပ်ကိုပိတ်ပြီး ငြိမ်ငြိမ်နေစမ်း၊ ငါခေါင်းမူးလို့ အိပ်ဦးမယ်"

မျက်လုံးပိတ်ပြီး ငြိမ်သက်သွားသော သမိန်ထော်ကိုကြည့်ပြီး မနောမှာ မကျေနပ်သော်လည်း ကိုယ့်အပြစ်နဲ့ကိုယ် ပြန်ရန်မတွေ့ဘဲ ငြိမ်နေလိုက်သည်။

သိပ်မကြာလိုက်။ ရေစိုအဝတ်တွေနှင့်ပင် ကြမ်းပြင်ပေါ်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသူထံမှ အသက်ရှူသံ ခပ်မှန်မှန် ကြားရသည်။

ဒီလူ တကယ်အိပ်သွားပြီလား။ ခေါင်းထဲက မူးသည်ဆိုတော့ သူပြောသလို မနော ရိုက်ချက်ပြင်း၍ အခုလိုဖြစ်တာနေမှာဆိုသည့် အတွေးနှင့် မနောစိတ်ထဲကျိတ်ပြီး လိပ်ပြာမလုံဖြစ်သွား၏။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"မရလို့ပေါ့ ဒေါ်နှင်းဆီရယ်၊ ခင်ဗျားပြောသလိုသာ လွယ်နေရင် ကျုပ်ကိုယ်တိုင် အခုလိုဒုက္ခခံနေမှာမဟုတ်ဘူး"

"ဒါဆိုလည်း အပြတ်ရှင်းလိုက်ပါလားရှင့်၊ ဒီလောက် ခေါင်းမာနေတာ"

"ကျုပ်လိုချင်တာက ငွေပဲ၊ လူသတ်တဲ့အထိတော့ ကျုပ် မလုပ်ဘူး"

"ရှင်လိုချင်တဲ့ငွေကို ရှင်တောင်းသလောက်ပေးမယ်ဆိုရင် ရောရှင်"

ဒေါ်နှင်းဆီဆိုသည့်မိန်းမ သွေးဆူပေါက်ကွဲနေပုံကိုကြည့်ပြီး ဦးရှန်ထွန်း ရယ်လိုက်သည်။ ငွေဆိုတာ လူသားတိုင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်းခြေကြိုက်ဆိုပေမယ့် လူတစ်ယောက်အသက်ကို ဖက်ရွက်လေးလောက်မှ တန်ဖိုးမထားဘဲ ရက်ရက်စက်စက် သတ်ပစ်ရအောင် ဦးရှိန်ထွန်းမှာ လူစိတ်မပျောက်သေး။

ပြီးတော့ ဒေါ်နှင်းဆီပြောသလို ကိစ္စတုံးလက်စဖျောက်ပစ်ရမည့်လူက သမိန်ထော်တစ်ယောက်တည်းမဟုတ်။ သူတို့ကိစ္စပေါ်သွားမှာစိုး၍ သမိန်ထော်နှင့်အတူပါလာသည့် ကောင်လေးကိုပါ ဖမ်းဆီးချုပ်နှောင်ထားရတာဆိုတော့ မလွယ်။

လွယ်သည့်တိုင်အောင် လူသတ်ပြီးမှ ရမည့်ငွေကို မမက်မော။ လူသတ်ချင်သည်အထိ ဒေါသ မောဟ လောဘ အလိုရမ္မက်တွေ ပြင်းထန်စွာဖုံးလွှမ်းနေသည့် ဒေါ်နှင်းဆီမျက်နှာကို ကြည့်လိုက်၏။

"ကျွန်မကို ကူညီစမ်းပါရှင်"

"ရှင့်အတွက် ကျွန်မ တာဝန်ယူပါတယ်"

"ဘယ်လိုတာဝန်ယူတာလဲ"

ပါးစပ်ထဲက စီးကရက်ငွေ့ကို လုပစွာမှုတ်ထုတ်ရင်း အမိပ္ပာယ်ပါပါ အကြည့်တွေနှင့် ဦးရှိန်ထွန်း ပြန်မေးလိုက်တော့





ဒေါ်နှင်းဆီကိုယ်လေး မတ်ခနဲတွန့်သွား၏။

မြောက်မြားလှစွာသော ဥစ္စာပစ္စည်းများနှင့်တကွ သုံးမကုန်နိုင်သော ငွေကြေးချမ်းသာမှုအစုစုတို့ သူမတစ်ဦးတည်း ရယူပိုင်ဆိုင်လိုဇောနှင့် လူဆိုးလူမိုက်အဖြစ် နာမည်ကြီးနေသော ဦးရှိန်ထွန်းနှင့် ဆက်သွယ်မိရာမှ အခုလို ပြန်အမေးခံလိုက်ရမှ ဒေါ်နှင်းဆီသူမစကားမှားသွားမှန်း သိလိုက်၏။

"ရှင့်အတွက် ခိုင်လုံတဲ့ငွေကြေးရဖို့ ကျွန်မတာဝန်ယူတယ်လို့ပြောတာ၊ ရှင်ကိုယ်တိုင် လူသတ်ပြီး ထောင်ကထွက်လာတဲ့လူပဲ၊ ဒီကိစ္စက ရှင့်အတွက် လွယ်မှာပါ"

ဟိုတုန်းက ဦးရှိန်ထွန်း လူသတ်ဆိုတာက အကြောင်းမဟုတ်။ သူ့မှာရှိသည့် မာန်မာနကို ရစရာမရှိအောင် နှိမ့်ချစော်ကားခံရသဖြင့် ဒေါသနှင့် လက်တုံ့ပြန်ရာမှ လွန်သွားခြင်းဖြစ်သည်။ အခုလို အမွေကိစ္စနှင့် ဘာမှမဆိုင်။

"မင်းပဲ သူ့လက်မှတ်ရရင် တော်ပြီဆို"

"အခု ကျွန်မ အစီအစဉ်ပြောင်းသွားပြီ၊ သူ့ကို လက်စမပေါ်အောင် အပြတ်ရှင်းပစ်လိုက်၊ ဒီကိစ္စကို ရှင်နဲ့ကျွန်မ နှစ်ယောက်

www.burmeseclassic.com



ထဲသိရင်ရပြီ၊ အဘိုးကြီးရဲ့ သေတမ်းစာကို ကျွန်မ ဖတ်ပြီးပြီရှင့်၊ သူ့သားကို အကုန်လွှဲထားပြီးသား၊ ကျွန်မအတွက် အိမ်အခွဲပဲပေးထားတာလေ''

''ဒါဖြင့် မင်းလိုချင်တဲ့လက်မှတ်ဆိုတာက''

''သူ့အဖေပိုင် ဘသော်ကုမ္ပဏီကို ကျွန်မကို အပိုင်ပေးတဲ့အကြောင်း''

''မဟုတ်သေးဘူးထင်တယ်''

''ဟုတ်တယ်၊ ကျွန်မလည်း အစတုန်းက စာချုပ်စာတမ်းပေါ်မှာ သူ့လက်မှတ်ပါရင် ပိုင်ပြီဆိုပြီးကြံတာ၊ အခု သူမရှိရင်အားလုံး ကျွန်မပိုင်ပြီ၊ ဒါထက်ကောင်းတာ ဘာမှမရှိဘူး''

''ရှင် သူ့ကို အပြတ်ရှင်းလိုက် ဦးရှန်ထွန်း၊ အဘိုးကြီးပစ္စည်းတွေ ကျွန်မပိုင်ရင် ရှင့်အတွက် နေစရာအိမ်၊ စီးစရာကား၊ ဘဏ်အပ်ငွေ၊ အိုး အားလုံး ကျွန်မ စီစဉ်ပေးမယ်''

ဒေါ်နှင်းမျက်နှာက လောဘဖြင့် ဝင်းဝင်းလက်နေပုံကမီးထွက်မတတ်။ ဦးရှန်ထွန်းအတွက် ပါးစပ်ထဲမှာ ပုံပေးထားတဲ့ငွေက မက်လောက်စရာဆိုပေမယ့် ဒေါ်နှင်းဆီလိုမိန်းမကို ဦးရှန်



ထွန်း မယုံ။ ဒီလိုမိန်းမတွေက ဘယ်တော့မှ သစ္စာရှိတတ်ကြတာမဟုတ်။

''အေးလေ...ကျုပ်တို့စဉ်းစားကြသေးတာပေါ့၊ အခုကိစ္စတွေ ခင်ဗျားအဘိုးကြီး သိသွားမှာ ခင်ဗျားမကြောက်ဘူးလား''

ဦးရှန်ထွန်း၏ သွေးထိုးစကားကို ဒေါ်နှင်းဆီက နှာခြည်းရှာ တစ်ချက်ရယ်လိုက်၏။

''ဘာလဲ...ရှင်က ကျွန်မကို ခြိမ်းခြောက်တာလား''

ဦးရှန်ထွန်း ဘာမှမပြော။

ဒေါ်နှင်းဆီမျက်နှာကို ပြုံးကြည့်နေလိုက်သည်။

''အဘိုးကြီးသိသွားလည်း ကျွန်မအတွက် ဘာမှမထူးဘူး၊ ကွာရှင်းလိုက်လို့ရမယ့် ပိုက်ဆံ ဒါပဲလေ၊ သိပ်လည်တဲ့အဘိုးကြီး''

''သူ့ကိုရှင်းလိုက်ရင်ရော''

''ဘာလဲ...ရှင်က ကျွန်မကို လမ်းဘေးရောက်သွားစေချင်တာလား''

''ကျွန်မပြောသလိုသာလုပ်ပါ၊ ရှင့်အတွက်ရော ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



အတွက်ပါ အကျိုးရှိတယ်''

ဒေါ်နှင်းဆီ ဆတ်ကော့လတ်ကော့နှင့် ပြန်သွားသည်။ ကားမောင်းသည့် ဒေါ်နှင်းဆီ၏ဒရိုင်ဘာက လူမချောပေမယ့် လူက ဆိုက်ဂိုက်ကောင်းကောင်းနှင့် ဒေါ်နှင်းဆီကို ပျာနေအောင် ဂရုစိုက်တာ သတိထားလိုက်မိသည်။

ဘာကြောင့် ဒေါ်နှင်းဆီ ဒီယုန်မြင်လို့ ဒီချုံထွင်တာလည်း ဆိုတာကို အခုမှ ဦးရှုန်ထွန်း ပိုသဘောပေါက်သွားသည်။

ငွေကိုတော့လိုချင်သည်။ ဘာအငြိုးအတေးမှမရှိဘဲ လူမသတ်ချင်တော့သဖြင့် ဦးရှုန်ထွန်း သက်ပြင်းရှိုက်လိုက်၏။ သမိန်ထော်တို့ကိစ္စကို ဘယ်လိုဆက်ကိုင်ရမှန်းမသိ ဖြစ်နေခိုက် အခန်းထဲသို့ ဂျင်မီ ပျာယီပျာယာဝင်လာ၏။

''ဆရာကြီး ဖိုးကျော်တို့ကို တင်ကျီးတို့အုပ်စု ပညာပေးသွားပြီ''

''ပစ္စည်းတွေရော''

''အကုန်ပါသွားပြီ ဆရာကြီး''

''ဘာကွ''

စိုး : မိုး : ၁၃၈၀



ဦးရှုန်ထွန်း ထိုင်ရာက ဖုန်းခနဲထရပ်လိုက်ပြီး ခြေလှမ်းကျဲကြီးတွေနှင့် ရပ်ထားသည့်ကားရှိရာ လျှောက်သွားသည်။

''အခု အဲဒီကောင်တွေ ဘယ်မှာလဲ''

''ကျားကြီးတို့ခြံထဲမှာလို့ ပြောပါတယ်''

''မိုးဇက်တို့ဆီ ဖုန်းဆက်ပြီး အခုလိုက်ခဲ့လို့ ပြောလိုက်''

''ဟုတ်ကဲ့ ဆရာကြီး''

''ကဲ…မောင်းတော့''

ရှိသည့်လူအကုန် ကားပေါ်ရောက်သွားချိန်မှာ ကားက နေရာက ဝေါခနဲပြေးထွက်သည်။ ဂျင်မီက ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်လျက် ကားပေါ်ပါလာ၏။

''ဖုန်းခေါ်လို့မရဘူး ဆရာကြီး''

''မင်းဖုန်းစုတ်ကို လွှင့်ပစ်လိုက်''

ဒီတစ်ခါတော့ ဂျင်မီထံက ဟုတ်ကဲ့ဆိုသည့် စကားသံထွက်မလာတော့။ ဖုန်းခလုတ်တွေကိုသာ တစ်ခုပြီးတစ်ခု အဆက်မပြတ် နှိပ်ပစ်သည်။

''ဒီကောင်တွေ အရေးဆို ဘယ်ရောက်နေလဲမသိဘူး

စိုး : မိုး : ၁၃၈၀

www.burmeseclassic.com

www.burmeseclassic.com



တောက်''

ဂျင်မီ စိတ်မရှည်သလို ဆရာကြီးကလည်း ဒေါသဆူဝေနေသည်။ တင်ကျိုးဆိုတာ ဦးရှန်ထွန်း ပြိုင်ဘက်။ လုပ်ငန်းတူ၊ စီးပွားတူဆိုပေမယ့် ငွေရလျှင် ဘနဖူးသိုက်တူးဖို့ ဝန်လေးသူမဟုတ်။

စည်းမရှိ၍ မကြာခဏ ဟိုလူနဲ့ပြဿနာတက်၊ ဒီလူနဲ့ ပြဿနာတက်ဖြစ်နေပေမယ့် ဘယ်တော့မှ အမှတ်မရှိ။ ဒီတစ်ခါတော့ မှတ်လောက်အောင် ပညာပေးမည်ဟု ဆုံးဖြတ်ပြီး ကားကို သမိန်ထော်တို့ကို ဖမ်းချုပ်ထားသည့် တိုက်ပျက်ကြီးရှိရာသို့ ဦးတည်နှိုင်းလိုက်သည်။

အရေးဆို ဖုန်းတွေက အသုံးမကျ။

ခေါ်မရပြုမရနှင့်။ မိုးဇက်တို့အုပ်စုကို သမိန်ထော်တို့ကို စောင့်ကြည့်ဖို့ တာဝန်ပေးထားသည့်အတွက် တစ်ခါထဲ ဝင်ခေါ်ခြင်းဖြစ်သည်။

''တီ...တီ''

ဆူညံသော ကားဟွန်းသံက တိတ်ဆိတ်ခြင်းကို ဖြိုခွင်းသွားသဖြင့် မနောနှင့် သမိန်ထော်အတွက် ရေနှင့်စားစရာလာပို့



သောလူမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားသလို သမိန်ထော်တို့ကိုယ်တိုင်လည်း အံ့သင့်အနေအထားအဖြစ် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်၏။

''ကျွိုး''

''ဝုန်း''

''ဟိတ်ကောင် မိုးဇက်၊ ဟိုမှာ ဖိုးကျော်တို့ ပြဿနာဖြစ်လို့ အခုသွားမှဖြစ်မယ် လိုက်ခဲ့''

''ဆရာကြီးပါလား''

''အေး''

''ဟိတ်ကောင်တွေ သွားမယ်''

ကားတံခါးဖွင့်သံ၊ ပိတ်သံ၊ ခြေသံပြင်းပြင်းနင်းလျှောက်လာသံနှင့် စကားပြောသံတွေအဆုံးမှာ သမိန်ထော်တို့ကို ဘယ်သူမှ ဂရုမစိုက်နိုင်ဘဲ ဝုန်းဒိုင်းကြဲလျက် ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့် ထွက်သွားသဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ကျန်ခဲ့သည်။

''ဦးသမိန်ထော်''

''ဘာလဲကွ''

www.burmeseclassic.com

www.burmeseclassic.com



"အပြင်မှာ ဘယ်သူမှမရှိတော့ဘူးထင်တယ်ဗျ၊ အသံအားလုံးတိတ်သွားပြီ"

မနောအသံက တိုးတိုးလေး နှစ်ကိုယ်ကြားလေသံဖြစ်၍ သမိန်ထော်ခေါင်းထဲ အကြံတစ်ခု လက်ခနဲပေါ်လာသည်။

"မင်း ဒီမှာငြိမ်ငြိမ်လေးနေဦး၊ ငါအပြင်မှာ လူရှိမရှိ စမ်းလိုက်ဦးမယ်"

"ဟိတ်လူတွေ…ဒီမှာ ကျုပ်တို့အတွက် ရေဗူးဗူးထပ် ပေးပါဦးဗျ၊ ရေလိုချင်တယ်"

သမိန်ထော်အသံက အကျယ်ကြီး။ တစ်ဖက်က ဘာတုံ့ပြန်သံမှမရှိ။ သူတို့ဘာသာ ပြဿနာဖြစ်ပြီး သမိန်ထော်တို့ကိုထားပြီး ထွက်သွားကြသည်မှာ အစောင့်ပင်ထားခဲ့ဟန်မတူ။ ဒါကိုက သူတို့အတွက် လွတ်မြောက်ဖို့အခွင့်အရေး ဖြစ်နေသဖြင့် မနောနှင့် သမိန်ထော် အားတက်သွား၏။

"ဟိတ်လူတွေ…ဟိတ်လူ"

"ဘယ်သူမှမရှိတာ သေချာပြီဗျ၊ ဦးသမိန်ထော် အခုချိန် ကျွန်တော်တို့ ထွက်ပြေးကြအောင်"



"တံခါးကို သော့ခတ်ထားတယ်ကွ၊ နေဦး ငါကြိုးစားပြီး ဖွင့်ကြည့်ဦးမယ်"

သော့ခလောက်ဖွင့်ရန် ထုစရာနက်စရာပစ္စည်း လိုက်ရှာတော့ ဘယ်နေရာမှမတွေ့။ နောက်ဆုံး အခန်းပြတင်းပေါက်မှာ ဆွေးယိုင်နေသည့် သံတိုင်တစ်ခုကို စမ်းမိပြီး နှစ်ယောက်သား ဝိုင်းဆွဲအဖြုတ်…

"ဒုတ်"

"ခွမ်း"

"အား"

"ဝုန်း"

"အမလေး…သေပါပြီဗျာ"

အင်္ဂတေဆွေးနေသဖြင့် သံတိုင်က ပြုတ်အထွက် မနောနှင့် သမိန်ထော်တို့မှာလည်း အင်အားဖြင့် နှစ်ယောက်အတူ ဆောင့်ဆွဲသည့်အရှိန်ဖြင့် ကြမ်းပြင်ပေါ် လုံးထွေးကျသွား၏။

သမိန်ထော်က အောက်ကဖြစ်ပြီး မနောက အပေါ်က ဖြစ်နေသဖြင့် မနောမှာ ဘာမှမထိခိုက်သော်လည်း တစ်ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် တင်းကျပ်စွာ ပွေ့ဖက်ထားသည့် အနေအထားအတိုင်း တစ်ပတ်လည်သွား၍ မနောကိုယ်ပေါ် သမိန်ထော်ကိုယ်ကြီး ပိသွားသည်။

"ဖြွ"

"ဟာ"

မနောဝတ်ထားသည့် အပေါ်အင်္ကျီကြယ်သီးနှစ်လုံး ပြုတ်ထွက်သွားသဖြင့် မနောမျက်နှာလေး ရဲခနဲဖြစ်သွား၏။ တစ်ဆက်တည်းမှာပင် သမိန်ထော်ကိုယ်တိုင် အိတွေးမွေးမြသည့် မနော၏ အတွေ့မှာ အံ့သြမင်သက်နေတုန်း ဖြူဖွေးဝင်းဝါသည့် အသားစိုင်တို့ ရှန်းကြွနေသော မနောအလှကို တွေ့မြင်သွား၏။

"ဟိတ်…မင်း…မင်း"

"ဖယ်စမ်းဗျာ"

ရှက်ရှက်နှင့် သမိန်ထော်ကိုယ်ကြီးကို တွန်းအထုတ် တစ်ဖက်သို့ တိမ်းရှောင်ရင်း နေရာက လူးလဲထလိုက်သည်။ မနောကိုကြည့်လျက် သမိန်ထော်မှာ သူ့မျက်လုံး သူမယုံနိုင်ဖြစ်နေ၏။

"မင်း…မင်းက မိန်းကလေးပဲ"



"ဟုတ်တယ်၊ အဲဒါဘာဖြစ်လဲ"

"ဟာ"

မနောမျက်နှာထားက တင်းမာခက်ထန်လျက် ကြယ်သီးပြုတ်သွားသည့် သူမအင်္ကျီနှစ်ဘက်ကို လက်နှင့်ဆုပ်ကိုင်ရင်း သမိန်ထော်ကို ခပ်မိုက်မိုက်ကြည့်နေပုံက မပြောင်းလဲ။

"လူကို မိန်းကလေးဆိုပြီး ရီးတီးယားတားလုပ်မယ်တော့ မကြံနဲ့နော်၊ အသက်ချင်းလဲပစ်လိုက်မယ် သိလား"

"ဟာ…ဘလိုင်းကြီးပါလား၊ မင်းကို ဘယ်သူက ဘာလုပ်နေလို့လဲ"

မနော ဘာမှမပြော။

တကယ့်အရေးကြီးမှ မနောဘာဝအမှန်က ဘွားခနဲပေါ်သွားတာကိုပဲ ငိုချင်သည်။

"အခုဘာဆက်လုပ်မှာလဲ၊ လူကို ဒီအတိုင်းပဲကြည့်နေတော့မှာလား"

"ဆောရီး…ရုတ်တရက်ဆိုတော့ အံ့သြသွားလို့ပါ"

"နေဦး…တံခါးသော့ကို ဒီအတိုင်း ရိုက်ဖျက်ကြည့်ဦး

www.burmeseclassic.com

www.burmeseclassic.com



မယ်"

တိတ်ဆိတ်သော ပတ်ဝန်းကျင်မှာ သံနှင့်သံချင်း ထိရိုက်သံက ဆူညံကျယ်လောင်သွားသလို မနော ရင်ခုန်သံတွေလည်း ဆူညံနေပါသည်။

ဟိုတုန်းကတော့ သမိန်ထော်ရှေ့မှာ တကယ့်ယောကျ်ားတစ်ယောက်လို ခပ်တည်တည်ခပ်တင်းတင်း နေပြနိုင်ခဲ့ပေမယ့် အခု မနောဆိုတာ မိန်းမသားတစ်ယောက်မှန်း သူသိသွားပြီမို့ ရှေ့ခရီးအတွက် ရင်လေးသွားသည်။

"ဒေါင်း"

"ချွင်"

"ဟာ…သော့ပွင့်သွားပြီကွ၊ လာ…လာ"

"အို…မနောလက်ကိုလွှတ်ပါ"

"အာ…ဆောရီး"

သော့ပွင့်သွား၍ ဝမ်းသာစိတ်နှင့် အနားမှာရှိနေသည့် မနောလက်ကလေးကို သမိန်ထော်က သူ့လက်ကြီးနှင့် လာဆွဲတာမို့ မနောက ဖျတ်ခနဲ ပုတ်ထုတ်ပစ်လိုက်ပုံက ဆတ်ဆတ်ထိမခံ။



သမိန်ထော်နှင့် စတွေ့ထဲက မောင်နောဆိုသည့် ကောင်လေးက သူ့စိတ်ထဲ ထူးခြားနေမိတာ ဒါကြောင့်ကိုးဆိုသည့် အတွေး ဖျတ်ခနဲရောက်လာပေမယ့် ထိုအတွေးကို ကြာကြာမတွေးနိုင်။

"ဟိုလူတွေမလာခင် ဒီကပြေးမှဖြစ်မယ်"

"ဩော်…နေဦး မင်းနာမည်"

"မနော"

"မောင်နောမဟုတ်ဘူးလား"

"ခင်ဗျားနော်"

"အဟတ်…ဟား…ဟား အလကားစတာပါကွ၊ မင်းကလည်း လာ သွားကြမယ်"

ဒီလိုအခြေအနေမှာ မနောကို စဖြစ်အောင်စလိုက်သော သမိန်ထော်ကို မနော မကျေနပ်ပေမယ့် ခြေလှမ်းကျဲကျဲကြီးတွေနှင့် ဦးဆောင်သွားနေပြီဖြစ်သော သမိန်ထော်နောက်က အပြေးလေးလိုက်ခဲ့သည်။

မနောတို့ကို တားမည့်သူမရှိသဖြင့် ခြံအပြင်ဘက်ကို

www.burmeseclassic.com

www.burmeseclassic.com



ရှော့ရှူးဆွာ ရောက်သွားကြသည်။

"ကဲ…အခု တို့ဘယ်လိုလုပ်ကြမလဲ"

"ဘာလုပ်ရမှာလဲ၊ အိမ်ကိုပြန်မှာပေါ့"

"ဟာ…ဟိုမှာ"

"ဟင်…ဟိုလူတွေ ကားပြန်လာပြီ"

သမိန်ထော်ရော မနော်ပါ ပျာသွားရင်း လမ်းတစ်နေရာမှာ ရပ်ထားသည့် ကားတစ်စီးကြောင့် အားတက်သွားသည်။

သမိန်ထော်ကြည့်လိုက်တော့ ကားသော့က အဆင်သင့်။

"မနော်…ကားပေါ်မြန်မြန်တက်"

ပါးစပ်က ပြောလည်းပြော မနော်ကို ကားပေါ်ဆွဲတင်ပြီး လမ်းမှာရပ်ထားသောကားကို တအားမောင်းပြေးသည်။

"ဟိတ်လူတွေ အဲဒါ ကျုပ်ကားဗျ"

"ဆရာဂျင်မီ ဟိုမှာပြေးပြီဗျ"

"လိုက်…လိုက် မီအောင်လိုက်"

"လုပ်ကြပါဦးဗျာ၊ ကျုပ်ကားပါသွားပြီ"

ကားပိုင်ရှင်က လမ်းပေါ်မှာ ဟိုပြေးဒီပြေး ဆွေ့ဆွေ့ခုန်



ကျန်ခဲ့သလို ဂျင်မီနှင့် သူ့တပည့်တွေကလည်း အပြင်းမောင်းသွားသော သမိန်ထော်ကားနောက်ကို ဘာမှစဉ်းစားခြင်းမပြုဘဲ မျက်ခြည်မပြတ် လိုက်ပါသွားသည်။

"ဟိုလူတွေကား လိုက်လာပြီဗျ ဦးသမိန်ထော်"

"ဘာမှမကြောက်နဲ့ မနော်၊ ဒီကားကို ကိုယ် ရဲစခန်းကို မောင်းသွားမယ်"

"ရဲစခန်းက ဘယ်မှာမို့လဲ"

"အဲဒါတော့ ကိုယ်လည်းမသိဘူး"

"ဟာဗျာ"

"မနော်က အဟုတ်မှတ်လို့"

"ကိုယ်လည်း အဟုတ်ပြောနေတာပဲကွ၊ ရှေ့မှာ ရဲစခန်း တစ်ခုခုတွေ့လို့ကတော့ ဒီလူတွေ ပွဲသိမ်းပြီ"

ဟိုလူတွေ ပွဲသိမ်းမသိမ်းတော့မသိ။ မနော်တို့နှစ်ယောက် သူတို့လက်ထဲ ပြန်ရောက်သွားလို့ကတော့ သေချာပေါက် ပွဲသိမ်းရပေတော့မည်။

နောက်ကို မနော် လှည့်ကြည့်လိုက်တော့ ဂျင်မီဆိုသည့်လူ

www.burmeseclassic.com

www.burmeseclassic.com



ဦးဆောင်မောင်းလာသည့်ကားကို လှမ်းမြင်နေရသဖြင့် မနော စိတ်ညစ်သွားသည်။

"ခင်ဗျား ကားကို ဒီထက်မြန်မြန် ပိုမောင်းလို့မရတော့ ဘူးလား ဦးသမိန်ထော်၊ ဒီပုံအတိုင်းဆို ဟိုလူတွေ မနောတို့ကို မှီလာတော့မယ်"

လူဆိုးလက်ထဲ ပြန်အမိခံရမှာ ကြောက်နေသည့်မနော အသံက တုန်တုန်ရီရီ။ လှပသောမျက်နှာလေးမှာလည်း ကြောက် စိတ်နှင့် ဖြူဖွေးလျက်။ သမိန်ထော်ကို အားကိုးတကြီး ကြည့်သည်။

သမိန်ထော်က မနောကို လှည့်မကြည့်အား။ ကိုယ့်အာရုံ နှင့်ကိုယ် ဟိုလူတွေလက်က ဘယ်လိုလွတ်အောင် လုပ်ရမလဲဆို တာ အကြံထုတ်ရင်း ရှေ့ကားကြီးကို ဖွတ်အတင်းကျော်အတက်

"တီ"

"ကျွီး"

"ဟာ"

"အမလေး···သေပါပြီ"

တစ်ဖက်မှ ဘွားခနဲပေါ်လာသည့် ကားတစ်စီးကြောင့်





မျက်လုံးတွေ ပြာကုန်သည်။ သမိန်ထော်က ကားလက်ကိုင်ကို တအားဆွဲကွေ့လိုက်၍ ဘာမှမဖြစ်သော်လည်း တစ်ဖက်ကားက တော့ လမ်းဘေးသို့ ဒရွတ်ဆွဲမတတ်ပါသွားသဖြင့် ဘရိတ်ဖမ်းသံ၊ ကားလမ်းနှင့် ကားဘီးပွတ်တိုက်မိသံတွေ ဆူညံသွား၏။

လမ်းပေါ်မှာ ကားတွေ ဝရုန်းသုန်းကားဖြစ်နေတုန်း သမိန်ထော်က သူ့ကားကို လမ်းအတိုင်း စွတ်မောင်းပေမယ့် မလွတ်။ ဂျင်မီတို့ကားက ပါဖြစ်အောင် ကပ်ပါလာသဖြင့် လမ်းအတိုင်း လျှောက်မောင်းနေလို့ကတော့ သမိန်ထော်တို့ ဘယ်လိုမှ ပြေးမလွတ် နိုင်မှန်း သိလိုက်၏။

ခရီးက တောလမ်းခရီး။

ဘယ်နေရာရောက်လို့ ဘယ်ကိုရောက်နေမှန်းပင် မသိ။ ဖြစ်ချင်ရာဖြစ်ဆိုပြီး သမိန်ထော်က သူ့ကားကို တောလမ်းထဲ တအား ဆွဲကွေ့ပြီး မောင်းပြေးသည်။

"ဒုန်း"

"ဝုန်း"

"အမလေး"



www.burmeseclassic.com

www.burmeseclassic.com



"ကားကို သေချာကိုင်ထားနော် မနော၊ ဟိုကောင်တွေ ကား နောက်ကလိုက်လာတုန်းပဲ တွေ့လား"

ကားကို ဦးတည်ရာမရှိ လမ်းအတိုင်း ဦးတည်ရာလျှောက်မောင်းရင်း ကားက ဘယ်ညာယိမ်းနေသဖြင့် မနောလည်း သူပြောသလို ကားခုံကို တင်းတင်းဖက်ပြီး မျက်စိစုံမှိတ်ထားလိုက်၏။

မနောမှာ ကားအရှိန်နဲ့ ခပ်ကြမ်းကြမ်းယိမ်းထိုးသွားတိုင်း ခုံပေါ်က ကိုယ့်ကိုယ်ကို ပြုတ်မကျအောင် မနည်းသတိထားနေရသလို သမိန်ထော်မှာလည်း ဂျင်မီနှင့် သူ့လူတွေလက်ကလွတ်လျှင်ပြီးရောသဘောဖြင့် ခြေဦးတည့်ရာမဟုတ်ဘဲ ကားဦးတည်ရာလမ်းရှင်းမည့်နေရာ၊ ကားအသွားအလာ အဆင်ပြေနိုင်သည့်တောလမ်းခရီးထဲ စွတ်ရွတ်မောင်းနေရသဖြင့် ဘယ်ရောက်၍ရောက်မှန်းပင်မသိ။ သူတို့သိတာက ဘေးပတ်ဝန်းကျင်ရှိ မြင်ကွင်းအားလုံး ရိပ်ခနဲ ရိပ်ခနဲ ယိမ်းထိုးကျန်ရစ်ခဲ့တာပဲဖြစ်သည်။

"ဒုန်း"

"ဟာ"

"ဝုန်း"



"အား"

နာကျင်ထိတ်လန့်စွာ ဟစ်အော်လိုက်သည့် မနောအသံအဆုံးမှာ ဒုန်းခနဲ ဦးခေါင်းနှင့် ကားဒက်ရှ်ဘုတ်တို့ ပြင်းစွာထိခိုက်မိပြီးနောက် လောကကြီးနှင့် မနော အဆက်အသွယ်ပြတ်၍ အမှောင်အတိကျသွား၏။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"မှိတ်ကောင်လေး…အာ…ကောင်မလေး"

"မနော…မနော"

နဖူးမှာ အာလူးဘုက နီရဲယောင်ကိုင်းလျက် သွေးစို့နေသလို လူကလည်း ပျော့စိခွေခေါက်ပြီး သတိလစ်နေတာဆိုတော့ သမိန်ထော်မှာ မနောကိုယ်လေးတစ်ပိုင်းကို ရင်ခွင်ထဲဆွဲပွေ့၊ မျက်နှာလှလှလေးကို တဖတ်ဖတ်ရိုက်ပြီး သတိရအောင် အသည်းအသန်ကြိုးစားနေခြင်းဖြစ်သည်။

ကားကတော့ ချိုင့်တစ်ခုထဲ ကျွံကျနေသည်မှာ ဘယ်လိုပဲလီဗာနင်းနင်း နေရာကမရွေ့တော့။ နောက်မှာ ဂျင်မီတို့အုပ်စုရန်က ရှိသေးသည်။ သွေးအေးနေလို့မရတာနှင့် မနောကို အမြန်သတိရ

စိုး:မိုး:၆၇၈၀

www.burmeseclassic.com

www.burmeseclassic.com



အောင်လုပ်ပြီး ဒီနေရာနှင့်ဝေးနိုင်သမျှဝေးအောင် ပြေးဖို့ကြံနေရသည်။

"ရှူး"

"ဟော…ကားသံကြားတယ်"

"ဟိတ်…ကောင်မလေး"

"မနော…မနော ထစမ်းပါဦးကွ"

"ဖတ်…ဖတ်"

"အင်း…ဟင်း …ဟင်း"

မနောထံမှ ညည်းညူသံသဲ့သဲ့နှင့် လူကပါ လှုပ်ရှားလာသဖြင့် သမိန်ထော် ဝမ်းသာသွားသည်။ ကားသံက ခပ်ဝေးဝေးကဆိုပေမယ့် အချိန်မရွေး သူတို့အနီးအနားကို ရောက်လာနိုင်သည်။

"မနော…သတိရပြီနော်"

မျက်လုံးပွင့်လာပေမယ့် မနောက အူကြောင်ကြောင်။ သူမကိုယ်သူမ ဘာဖြစ်လို့ဖြစ်မှန်းမသိ။

"မနော ဘာဖြစ်တာလဲ"

"မင်း သတိမေ့သွားတာလေ"

"အား…ကျွတ်…ကျွတ်"



မနော နဖူးကွဲသွားပြီထင်တယ်"

အခုမှ မနောက သူမနဖူးက အာလူးဘုကို စမ်းမိသွားကာ နူတ်က ညည်းတွားရင်း လက်ကလည်း အနာကိုစမ်းမိလျက်သားဖြစ်သွား၏။

"ဒဏ်ရာများလားဗျာ ဦးသမိန်ထော်၊ ရုပ်ပျက်ဆင်းပျက် တော့ဖြစ်ပြီထင်တယ်"

မိန်းကလေးသဘာဝ အလှအပကြိုက်သူဆိုတော့ နောက်ကလိုက်ဖမ်းနေသည့် လူဆိုးရန်ကို သတိမရနိုင်တော့ဘဲ ကိုယ့်မျက်နှာ အလှအပပျက်သွားမည့်အရေး အရင်ဆုံးတွေးပူသွားသည်။

"အေး…မင်း ရုပ်ပျက်ဆင်းပျက် မဖြစ်လောက်ပါဘူး၊ လောလောဆယ် ဟိုလူတွေလက်ထဲ ဘဝပျက်မသွားခင် ဒီနေရာက အရင်ပြေးကြစို့၊ လာ"

"ဦးသမိန်ထော်"

မနောနူတ်ဖျားက သမိန်ထော်နာမည်ကို အလန့်တကြား အော်ရုံသာ တတ်နိုင်ပြီး သူ့ဆွဲခေါ်ရာနောက် ဦးခေါင်းတွေ မူးနောက်

www.burmeseclassic.com

www.burmeseclassic.com



နေသည့်ကြားက ဒရေသောပါး အပြေးအလွှား လိုက်ပါခဲ့ရသည်။

မနောတို့ ကံကောင်းသည်လို့ ပြောရမည်။ မနောတို့ပြေးလို့ ခပ်ဝေးဝေးအရောက် မနောတို့စီးလာသည့် ကားနား ဂျင်မီတို့ကား ရောက်လာပြီး ကားပေါ်ကလူတွေ တဘုတ်ဘုတ်ဆင်းလာကြသည်။

"မနော...ဒီမှာငြိမ်ငြိမ်နေ"

"ဟုတ်"

သစ်ပင်ချုံနွယ်တို့ ထူထပ်စွာ ပေါက်နေသည့် ခြံတစ်ခုထဲ နှစ်ယောက်အတူ ဝင်ပုန်းပြီး ကိုယ်ယောင်ဖျောက်ငြိမ်နေချိန် ဂျင်မီအမိန့်နှင့် သူ့လူတွေက သမိန်ထော်နှင့် မနောတို့ကို လူခွဲပြီး လိုက်ရှာနေကြတာ မြင်လိုက်ရသဖြင့် ဘယ်သူမှ အသက်မရှူဝံ့။

အထူးသဖြင့် မနောမှာ မိန်းမသားဖြစ်၍ ပို၍ တုန်လှုပ်ချောက်ချားနေမိသည်။ သမိန်ထော်ကို ပြန်မိသွားလို့ ပြဿနာမဟုတ်ပေမယ့် သမိန်ထော်နှင့်အတူ မနောကိုပြန်မိသွားလျှင် မလွယ်။ မနော မိန်းကလေးမှန်းသိလျှင် ဘယ်သူကမှ ဒီအတိုင်း လက်ပိုက်ငြိမ်ကြည့်နေကြမှာမဟုတ်။



သမိန်ထော်ဆိုတဲ့လူနဲ့ ပတ်သက်မိတဲ့ မနောကိုက ကံဆိုးဖို့ဖြစ်နေတာတွေးပြီး အတူပုန်းနေသည့်ကြားက သမိန်ထော်ကို ကျိတ်မေတ္တာပို့ရင်း မကျေမနပ်ဖြစ်နေမိ၏။

သူ့ကြောင့်။

သူသာ မနောနှင့်လာမပတ်သက်လျှင် ဒီလိုပြဿနာတွေ ဖြစ်လာစရာမရှိ။ အခုတော့

"ဒီအနီးအနားမှာပဲ ရှိရမယ်ကွ၊ မင်းတို့ မျက်စိရှင်ရှင်ထားပြီး သေချာရှာကြစမ်း၊ သူတို့ဝေးဝေးရောက်ဦးမှာမဟုတ်ဘူး"

"ဒီကိစ္စ ဆရာကြီးသိရင် မိုးမီးလောင်မှာ နားလည်လား၊ ဒီလောက်ကြီး စွန့်စားလာခဲ့ပြီးမှကွာ"

"မင်းတို့ကိုက သောက်သုံးမကျတာ"

ဂျင်မီအသံက လှိုင်းထန်နေသလို ဒေါသလည်းတော်တော်ဖြစ်နေသည်။ အခုချိန် သမိန်ထော်တို့ကို ပြန်မိလျှင် အမှန့်ကြိတ်ပစ်မလားပင်မသိ။ ဂျင်မီနှင့်အတူ ပါလာသည့် လူသုံးယောက်မှာ ဘာတစ်ခွန်းမှ ပြန်မပြောရဲကြ။

သူတို့ဆရာ အမိန့်အတိုင်း သစ်ပင်ချုံနွယ်မှန်သမျှ

www.burmeseclassic.com

www.burmeseclassic.com



ကုန်းကုန်းကွကွနှင့် ပိုက်စိပ်တိုက်ရှာဖွေနေကြပေမယ့် မနောတို့ရှိနေသည့်နေရာမဟုတ်။ တခြားဆန့်ကျင်ဘက်နေရာသို့ ထွက်သွားကြတာ မြင်နေရ၏။

"ဟိုနှစ်ယောက်ကို တွေ့အောင်ရှာကြစမ်း၊ မတွေ့မချင်း မင်းတို့ ဒီနေရာက မပြန်ရဘူး၊ ကြားလား"

လူကိုမမြင်ရပေမယ့် ဂျင်မီအမိန့်သံကို ကြားနေရသဖြင့် မနောနှင့်သမိန်ထော် တစ်ယောက်မျက်နှာ တစ်ယောက်လှမ်းအကြည့်

"အို"

"အာ···ဆောရီး"

ကိုယ့်ဖာနှင့်ကိုယ် ချုံအောက်ထဲ အတူဝင်ပုန်းကြတုန်းက ဂျင်မီတို့လူစုကိုသာ အာရုံရောက်ပြီး မလှုပ်မယှက်ငြိမ်သက်ကြည့်နေမိကြတာနှင့် ခန္ဓာကိုယ်နှစ်ခု ပူးကပ်ပြီးနေတုန်းက ဘာပြဿနာမှ မရှိ။

အခု တစ်ယောက်မျက်နှာ တစ်ယောက် အလန့်တကြား လှမ်းကြည့်မိမှ နီးကပ်လွန်းသော အနေအထားကြောင့် သမိန်ထော်



နှာခေါင်းချွန်ချွန်နှင့် မနောပါးပြင်နုနုတို့ မထင်မှတ်ဘဲ မိတ်ဆက်ပြီးသားဖြစ်သွားခြင်း ဖြစ်သည်။

မနောမှာ သူမပါးကို အနမ်းခံလိုက်ရသလို ဖြစ်သွား၍ သမိန်ထော်ကို မကျေနပ်ပေမယ့် ရန်မတွေ့ရဲ။ သူတို့အသံကြားသွားပြီး ဂျင်မီ့လူတွေ ရောက်လာမှာ ကြောက်၍ ပါးစပ်ကဘာမှမပြောနိုင်ပေမယ့် လက်ကတော့ သမိန်ထော် ဗိုက်ခေါက်ကို တအားဆွဲလိမ်ပစ်လိုက်သည်။

"အ"

သမိန်ထော်မှာ မနောထံမှ ထင်မှတ်မထားသည့် လက်တုံ့ပြန်မှုကြောင့် နာကျင်စွာ အသံအကျယ်ကြီးနှင့် အော်ထွက်မည်အပြုမနောက သူမလက်ဖဝါးလေးဖြင့် သမိန်ထော်ပါးစပ်ကို တင်းကြပ်စွာ ပိတ်ထားလိုက်၏။

"အု···အု"

မနောလက်ကလေး ပိတ်ထားသည်က သမိန်ထော်ပါးစပ်ပေါက်တင်မဟုတ် သူ့နှာခေါင်းပေါက်ကိုပါ ပိတ်မိထား၍ သမိန်ထော်မှာ အသက်ရှူမရသဖြင့် မနောလက်ကလေးကို သူ့လက်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ဆွဲအဖယ်...

"ဒီနားမှာပဲရှိမယ်ကွ၊ သေချာရှာကြစမ်း"

အသံနှင့်အတူ သမိန်ထော်တို့ပုန်းနေသည့် နေရာနား ရောက်လာသည့် ဂျင်မီကြောင့် ဘယ်သူမှ အသံမထွက်ရဲဘဲ တိတ်သွားသည်။ ပါးစပ်က အသံတိတ်သွားပေမယ့် သမိန်ထော် လက်တစ်ဖက်က သူ့နှုတ်ခမ်းပေါ် ဖိပိတ်ထားသည့် မနှောလက်ကလေးကို ဆွဲဖယ်လိုက်သည်။

အား။

အသံမထွက်ဘဲ အသက်ကို မနည်းရှူလိုက်ရသည်။ မနှောဆိုသည့် ကောင်မလေးက မလွယ်။ ကောင်လေးတစ်ယောက်လို့ ထင်နေတုန်းက ပြဿနာမရှိ။ အခု သူ့ကိုယ်သူ ကောင်မလေးမှန်း သိခွင့်ရပြီးထဲက ဘာကိုမှ အမှားမခံ။

"ဟိုဘက်ကို တိုးစမ်းပါ"

ပြောလာသူက မနှော။ ပါးစပ်က ပြောတာမဟုတ်။ မနှောက အသံတိတ် ခြေဟန်လက်ဟန်နှင့် စကားပြောပြီး သမိန်ထော်ကို သူမနှင့်ခပ်ဝေးဝေးကို တိုးရွှေ့ဖို့ အမိန့်ပေးနေ၏။

ဝိုးမိုးစာပေ



သူတို့အနီးပတ်ဝန်းကျင်မှာ ဂျင်မီနှင့် သူ့လူတွေက သမိန်ထော်တို့နှစ်ယောက်ကို အသည်းအသန်ရှာနေချိန်။

ချုံအောက်ထဲ အတူရှိနေသည့် မရွှေချောက ငြိမ်ငြိမ်မနေ။ သမိန်ထော်ကို လာပြီး ပြဿနာရှာနေသည်။

"ဟိုဘက်တိုးလေဗျာ"

ဒီတစ်ခါတော့ လက်ဟန်ခြေဟန်သာမက ပါးစပ်ကပါ လှုပ်စိစိ။ မျက်နှာထားတင်းတင်း၊ မကျေမနပ်အကြည့်နှင့် အမိန့်တွေ စွတ်ပေးနေသဖြင့် သမိန်ထော် အရွဲ့တိုက်ပြီး မနှောနှင့်အသားချင်းပူးကပ်သည်အထိ ဖိတိုးပစ်လိုက်သည်နှင့် မနှောမျက်နှာလေး ကွက်ခနဲ မည်းပျက်သွား၏။

"ခင်ဗျား ဘာလုပ်တာလဲဗျ"

ပါးစပ်က လှုပ်ရုံပြောပြီး မနှောက သမိန်ထော်နံကြားကို သူမတံတောင်နှင့်တွက်သည်။

"အ"

မနှော၏အရှိုးက သမိန်ထော်နံကြားကို တည့်တည့်ထိ၍ သမိန်ထော် စိတ်တိုသွားသည်။ ဒီလောက်အသည်းအသန်ဖြစ်နေ

ဝိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ချိန်မှာ အထိမခံ ရွှေပန်းကန်လို ကဲဆတ်ပြနေသော မနှောကို ပညာပေးချင်လာသဖြင့် သူ့ကိုယ်ကြီးကို မနှောဘက် ဆတ်ခနဲ လှည့်ပစ်သည်နှင့် ပူးပူးကပ်ကပ် အနေအထားမှာ နှစ်ဦးစလုံး လုံးထွေးလျက် တစ်ယောက်နှင့်တစ်ယောက် ရင်ချင်းအပ်သွား၏။

အိုး။

သမိန်ထော် တမင်အရွဲ့တိုက်မှန်းသိ၍ မနှောဒေါသဖြစ်သွားပြီး သူ့ကိုယ်ကြီးကို ဖွတ်အတင်း တွန်းထုတ်ဖို့ ကြိုးစားပေမယ့် မရ။ နောက်ဆုံး ဖြစ်ချင်ရာဖြစ်ဟု သဘောထားကာ လွတ်နေသည့် လက်တစ်ဖက်နှင့် သမိန်ထော်မျက်နှာကို လက်သီးနှင့် ထိုးချလိုက်၏။

“ဒုတ်”

“အ”

မေးရိုးကို ဦးတည်ပေမယ့် လက်အချိန်အဆက လိုရာ မရောက်။ သမိန်ထော်နှုတ်ခမ်းကို ထိပြီး နှုတ်ခမ်းပေါက်သွား၏။ ကိုယ့်အသားနာတော့ သမိန်ထော် ဒေါသဖြစ်သွားသည်။ ပြီးတော့ ဒီလောက်သည်းသည်းလှုပ်နေတာ ကြည့်မရတာနှင့် မနှော အခံရ

ဝိုး:မိုး:၀၇၆၀



ခက်သွားအောင် တမင် သူမပါးလေးကို ငုံ့နမ်းပစ်လိုက်သည်။

“ဟာ”

မနှောမှာ လုံးဝထင်မှတ်မထားသည့် အဖြစ်ကြောင့် သမိန်ထော်မျက်နှာကို မျက်လုံးဝိုင်းကြီးတွေနှင့် မကျေမနပ်အံကြိတ်ကြည့်ပြီး သမိန်ထော်ကိုယ်ကြီးကို တအားတွန်းထုတ်ပစ်လိုက်၏။

“ကဲဟာ”

“အား”

ဗိုက်ခေါက်ကို တအားလိမ်ဆွဲပစ်လိုက်တော့ သမိန်ထော်မျက်နှာ ရှုံ့မဲ့သွားသည့်အခိုက်

“ဟိတ်...ဒီနားမှာ အသံကြားသလိုပဲ၊ သေချာဂရုစိုက်ရှာကြစမ်း”

ဂျင်မီအသံကြောင့် သမိန်ထော်နှင့်မနှောထံမှ ဘာအသံမှ မထွက်ဘဲငြိမ်သွားသည်။ သူတို့ကိုမတွေ့ပေမယ့် ဂျင်မီနဲ့သူ့လူတွေ ရှာနေတာက သမိန်ထော်တို့ အနီးတစ်ဝိုက်မှာဖြစ်သည်။ သူတို့ကို တွေ့လို့ကတော့ ချက်ချင်းပြန်ဖမ်းခေါ်သွားကြမှာ သေချာသည်။

“မတွေ့ဘူး ဆရာဂျင်မီ”

ဝိုး:မိုး:၀၇၆၀

www.burmeseclassic.com

www.burmeseclassic.com



"မတွေ့ရင်မပြန်ကြနဲ့၊ ဒီမှာ ညအိပ်ချင်အိပ်ရပလေ့စေ"

"ဟုတ်ကဲ့ဆရာ"

ခြေသံတွေ တဖြည်းဖြည်းဝေးသွားတာကို နားထောင်ပြီး မနော သမိန်ထော်ဘက် အလန့်တကြား လှမ်းကြည့်သည်။

"ဟိုလူတွေက ဒီမှာညအိပ်မယ်တဲ့ ဘယ်လိုလုပ်ကြမလဲ ဦးသမိန်ထော်"

"ဘာမှမလုပ်နဲ့"

"ဘာဗျာ"

"ဟုတ်တယ်လေ၊ အခုချိန်မှာ ဒီလိုငြိမ်မနေဘဲ လျှောက်ပြေးနေလို့ကတော့ ရန်သူကို လက်ယပ်ခေါ်ရုံရှိမှာပေါ့"

"သူတို့ရှာတာ ရပ်သွားမှ တစ်ခုခုစီစဉ်မယ်"

"ဘယ်လိုစီစဉ်မှာလဲဟင်"

စောစောတုန်းက ဒေါသဖြစ်ရတာတွေ၊ ရန်ဖြစ်ရတာတွေ မေ့ပြီး သမိန်ထော်ကိုပဲ အားကိုးတကြီး မေးမိသည်။ နှစ်ကိုယ်ကြား ကြားသာရုံပြောနေရတာဆိုတော့ မျက်နှာချင်းနီးကပ်နေတာကို သတိမထားအား။ ဟိုလူတွေလက်ထဲ ပြန်မိသွားမှာကိုပဲ





တွေးကြောက်နေမိသည်။

"မင်းမျက်နှာကြီး ငါ့နားသိပ်ကပ်နေပြီကွ"

"ဟိုလူတွေကြားမှာ စိုးလို့ဗျာ"

"အေး…သူတို့ကြားမကြားတော့ ငါမသိဘူး၊ ငါ့အနား သိပ်ကပ်လို့ တစ်ခုခုဖြစ်လာရင် ဒီတစ်ခါ ငါ့တာဝန်မဟုတ်ဘူး၊ ဒါပဲ"

သမိန်ထော်စကားကြောင့် မနော ပါးစပ်ပိတ်သွားသလို သူမကိုယ်လေးကိုလည်း သူ့အလိုလို တစ်ဖက်သို့ တိုးရွှေ့ပြီးသား ဖြစ်သွားသည်။ ကိုယ့်ကို လူဆိုးတွေ လိုက်ဖမ်းနေလို့ အသည်းအသန် ပြေးလွှားနေရသည့်အချိန်မှာ ဒါမျိုးကလည်း ရှိသေးသည်။

ဟွန်း…အလကားလူကြီး။

ဒီအချိန်ကြီးမှာ သူကပါ မနောအပေါ်မှာ ဖောက်ဖောက်ပြန်ပြန် မကောင်းတဲ့စိတ်တွေ ဝင်နေပုံက မုန်းစရာ။ မနောသာ ယောက်ျားလေးတစ်ယောက်ဆို ဒီလူကြီးလည်း ဒါတွေဖြစ်လာမှာ မဟုတ်။ အခုတော့ မနောဆိုတာ နုနုငယ်ငယ်မိန်းမသားမှန်း သူသိသွားတော့ ပြဿနာက စပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမဖြစ်ရတဲ့ဘဝ ဘာတစ်ခုမှ ကောင်းကွက်မရှိ။ ဦးသမိန်ထော်လို လူကောင်းတစ်ယောက်မှာတောင် မနောအပေါ် ဟိုလိုဒီလိုစိတ်တွေဖြစ်နေရင် ဟိုလူဆိုးတွေဆိုတာ ပြောစရာပင်မလို။ ဒီကြားထဲ ဆရာကြီးဆိုသူ၏မျက်နှာကို ပြန်မြင်လိုက်တော့ မနော စိတ်ထဲ ဘုရားတသွားသည်။

ဦးသမိန်ထော် မနောကို မိန်းကလေးတစ်ယောက်မှန်း သိသွားပေမယ့် ကိစ္စမရှိ။ ဟိုလူဆိုးတွေ မနောကို မိန်းကလေးမှန်း မသိဖို့က ပိုအရေးကြီးသည်။

"ဒီမှာ"

"ဘာလဲ"

"ဟိုလူတွေများ မနောတို့ကို မတော်တဆ ပြန်မိသွားရင်"

"ဘာဖြစ်လဲ"

"ခင်ဗျား ကျွန်တော့်ကို မိန်းကလေးတစ်ယောက်လို မဆက်ဆံနဲ့"

"ဖြစ်မလားကွ၊ မင်းက မိန်းကလေးပဲ၊ မိန်းမဟာ မိန်းမ ပေါ့"





မနော ကြောက်နေမှန်းသိ၍ သမိန်ထော်က တမင်မနောကို စသည်။ မနောကတော့ သူမကို သမိန်ထော် စနေမှန်းမသိ။ သူမ ကို အရွဲ့တိုက်ရပါ့မလားဆိုသည့် အတွေးနှင့် သမိန်ထော်မျက်နှာကို မကျေမနပ် ကြည့်သည်။

"ခင်ဗျားကြီး မယုတ်မာနဲ့နော်"

"ဟ…ငါက ဘာယုတ်မာလို့လဲ၊ မင်းစကားပြောတာ ကြည့်ပြောနော်"

"ကြည့်ပြောနေတာပဲဗျာ၊ ခင်ဗျား ဘာလို့ ကျွန်တော် မကြိုက်တာတွေ ရွေးပြောနေလဲ"

"ငါပြောတာ အမှန်တွေပြောတာပဲ၊ မင်းမကြိုက်တာတော့ ငါလည်းမတတ်နိုင်ဘူး"

"ခင်ဗျားကြီး နိုင်တုန်းလုပ်ထားဦးပေါ့၊ ခင်ဗျားအလှည့် ကြမှ သိမယ်"

သမိန်ထော်က မနောစကားကို ဂရုမစိုက်သည့်အမူအရာ နှင့် ပခုံးတွန့်ပြပြီး ခပ်တည်တည်နေလိုက်သဖြင့် မနောစိတ်ထဲ ဒေါသနှင့် အမုန်းကြိတ်ပစ်ချင်နေ၏။ တစ်ဖက်သား ဒုက္ခရောက်နေ



www.burmeseclassic.com

www.burmeseclassic.com



တာကို ကိုယ်ချင်းစာနာစိတ်မရှိတဲ့လူ။ သူ့ကြောင့် မနော့ပါ ကြားထဲက မသီမဆိုင် ပြေးဟယ်လွှားဟယ်ဖြစ်နေရသည့် မျက်နှာကိုမှ မထောက်။

ဒီလိုလူမျိုး လူဆိုးတွေလက်ထဲ မြန်မြန်မိသွားပါစေဟု ကျိတ်ဆုတောင်းမိသည်အထိ မနော့နားက သမိန်ထော်ကို အမြင်ကတ်နေမိ၏။

''ဝေါ''

''ဟော...မိုးတွေရွာလာပြီ''

အေးစက်သော ငွေမြှားတံမိုးရေစက်တွေက သွန်ချသလို ဝေါခနဲရွာလာသဖြင့် မနော့မျက်နှာလေး ပျက်သွားသည်။ အဲဒါမှ ပြဿနာ။ မနော့မှာလည်း အဝတ်အပိုလည်းမရှိ။ တစ်ကိုယ်လုံး မိုးရေတွေစိုရွှဲပြီး အဝတ်တွေ ကိုယ်မှာကပ်နေလို့ကတော့ မလွယ်။

သမိန်ထော်ဘက်ကို မကျေမနပ် လှမ်းကြည့်လိုက်တော့ သမိန်ထော်က ခပ်တည်တည်။ မိုးရွာရွာ နေပူပူ ဂရုမစိုက်သည့် ထုံပေပေမျက်နှာနှင့် တစ်စုံတစ်ရာ စဉ်းစားနေဟန်ဖြင့် ငြိမ်နေ၏။

မိုးက ပိုသည်းလာသလို လေကလည်း ပါလာ၏။ ခဏ



လေးအတွင်းမှာ မနော့တစ်ကိုယ်လုံး မိုးရေစိုနစ်လျက် ကြွက်စုတ်ပုံစံဖြစ်သွားသည်။ လေပြင်းပါသဖြင့် တစ်ချက်တစ်ချက် နိုက်နိုက်တုန်သွား၏။ ဟိုလူတွေကိုလည်း အသံလည်းမကြား၊ အရိပ်အယောင်လည်း မမြင်ရ။

မျက်နှာပေါ်က မိုးရေတွေကို သပ်ချပြီး မနော့ သမိန်ထော်ကို လှမ်းကြည့်သည်။

''ဟိုလူတွေမရှိတော့ဘူးဗျာ ဦးသမိန်ထော်''

''ကျွန်တော်တို့ ဒီနေရာက သွားရအောင်''

''ဘယ်ကိုသွားမှာလဲ''

''ဘယ်ဖြစ်ဖြစ်ဗျ၊ မိုးရေထဲ ဒီအတိုင်း ငုတ်တုတ်ထိုင်ပြီး အအေးပတ်အသေမခံနိုင်ဘူး၊ ခင်ဗျားမလိုက်ချင်နေခဲ့''

ပြောပြောဆိုဆို မနော့ကပဲ ချုံအောက်က စထွက်သဖြင့် သမိန်ထော်လည်း မနော့နောက်မှ ပါလာသည်။ ခြေဦးတည့်ရာ လျှောက်နေပေမယ့် နှစ်ယောက်စလုံး ဘယ်ရောက်လို့ ရောက်မှန်းမသိ။ ပတ်ဝန်းကျင်ကလည်း တဖြည်းဖြည်း မှောင်လာသလို ဗိုက်ကလည်း ဆာလာ၏။ ဒီကြားထဲ ဖြိုးပြက်ဝင်းလက်သွားသည့်

www.burmeseclassic.com

www.burmeseclassic.com



လျှပ်စီးရောင်နှင့် တအုန်းအုန်း တဒိုင်းဒိုင်း ထစ်ချုန်းလိုက်သည့် မိုးကြိုးပစ်သံတွေကလည်း ကြောက်စရာ။

မနောမှာ အုန်းခနဲ ဒုန်းခနဲ အသံကြားတိုင်း ဇက်ကလေးပု တစ်ကိုယ်လုံး သေးကျုံ့ပြီး လူက နေစရာမရှိအောင် ကြောက်နေပေမယ့် သမိန်ထော်ကတော့ ခပ်တည်တည်။ မိုးထဲလေထဲ ဘာအကြောက်အလန့်မှမရှိသည့် ပုံစံနှင့် ရှေ့က ဦးဆောင်သွားနေ၏။

ယောက်ျားဆိုတာ ဒါပဲ။

မိန်းမတွေလို ဘာလေးဖြစ်ဖြစ် အသည်းငယ်နေတာမရှိ။ တော်ရုံ အရေးကိစ္စလောက်တော့ မဖြုံ။ သည်းခြေကောင်းသလို သတ္တိလည်းကောင်းသည်။ မိန်းမဘဝက ဘာမှသုံးမရ။ အရေးဆို ကြောက်နေလန့်နေတာနဲ့ပဲ အချိန်ကုန်လျက် လိုရာကိုမရောက်။

"ဝေါ...ဖရော...ဖရော"

"ဟိတ်...နေဦး၊ ရှေ့မှာအသံကြားတယ်"

သမိန်ထော်အသံကြောင့် လှမ်းလက်စ မနောခြေလှမ်းလေးများ ရပ်တန့်သွားကာ အသံကြားရာသို့ သမိန်ထော်နည်းတူ ထိတ်လန့်စွာ လှမ်းကြည့်သည်။



သစ်ပင်ချုံနွယ်တွေ လှုပ်ရှားသွားတာကို တွေ့ပေမယ့် လူရိပ်လူယောင်တော့ မမြင်ရ။ မိုးသည်းလေထန်ထဲ မနောတစ်ကိုယ်လုံး ချမ်းစိမ့်နေ၏။ နှစ်ယောက်အတူ အသာငြိမ်ကြည့်နေပြီးမှ သမိန်ထော်က မနောနားကပ်ပြီး ခပ်တိုးတိုးပြောသည်။

"ဒီနေရာက မြန်မြန်သွားကြမယ် မနော"

"ဟုတ်"

မနောတို့ ထိုနေရာက တတ်နိုင်သမျှ ဝေးအောင် မိုးရေထဲ ခပ်သွက်သွက် တိုးလျှောက်ဖြစ်ကြသည်။

"ရှေ့နားက သစ်ပင်ကြီးအောက်မှာ နားကြမယ်"

သမိန်ထော် ပြောသည့်အတိုင်း မနောတို့ သစ်ပင်ကြီးအောက်မှာ မိုးခိုမိကြသည်။ ပတ်ဝန်းကျင်က မှောင်လာသဖြင့် ဘာကိုမှ သည်းကွဲစွာ မမြင်ရတော့။ မိုးက တစ်ဝေါဝေါ သွန်ချသလို ရွာနေဆဲဖြစ်၍ နှစ်ယောက်စလုံး ပင်စည်ကြီးနား တိုးကပ်ငြိမ်နေမိကြသည်။

မှောင်နှင့်မည်းမည်း ပတ်ဝန်းကျင်ကို ကြည့်ပြီး မိုးရေစိုစိုထဲ ချမ်းတုန်အေးစက်နေသည့်အဖြစ်က ဘာကြောင့်နည်း။ အတွေးနှင့်

www.burmeseclassic.com

www.burmeseclassic.com



မနော ဝမ်းနည်းလာသည်။ ကိုယ့်ဘာသာ ရုပ်မြင်မှာ ဘယ်သူတွေ ဘာပြောပြော အေးအေးလေး နေပြလိုက်ရင် မနောမှာ ဒီလိုဒုက္ခတွေ ဖြစ်လာမှာမဟုတ်။

အခုတော့ သမိန်ထော်ဆိုသည့် အမည်တစ်ခုကလွဲပြီး သူ့အကြောင်း ဘာမှမသိသော သူစိမ်းယောက်ျားတစ်ယောက်နှင့် အတူ ဘာမဆိုင်ညာမဆိုင် ပြေးလွှားပုန်းအောင်းနေရသည့်အဖြစ်။

မာမီသာသိလျှင် ရင်ကျိုးမှာ သေချာသည်။ ယောင်းမတွေ သိရင်လည်း မနောကို မုန်းမုန်းနှင့် ဘယ်လောက် ပြောကြဆိုကြ မလဲဆိုတာ တွေးကြည့်နေစရာပင် မလို။ အားလုံးအပြစ်က မနော အပြစ်သာ။ မနော ပျော့ညံ့လို့ ရုပ်မြင်ကိုထားပြီး ထွက်လာခဲ့သည်။

ဖြစ်ချင်ရာဖြစ်ဆိုပြီး ရုပ်မြင်မှာ အတူတူနေကြသည့်လူတွေ နဲ့ ပြိုင်မိုက်နေလျှင် ဒီလိုဒုက္ခမျိုး မနောတစ်ယောက်တည်း ကျိတ် မှိတ်ခံစားနေစရာ အကြောင်းမရှိ။

မာမီရယ်။

ဒုက္ခတွေ့မှ မာမီ့ကို တမိသည်။ မာမီသာ ရုပ်မြင်က လူတွေအပေါ်မှာ ပြတ်ပြတ်သားသား ဆုံးဖြတ်နိုင်ခဲ့ရင် ဘယ်





လောက်များ ကောင်းလိုက်မလဲ။ မာမီ့ကို အပြစ်တင်တာမဟုတ်ပေမယ့် မနောစိတ်ထဲ ကိုယ်ဖြစ်ချင်တာကို တမ်းတမိသည်။

အားတင်းထားသည့်ကြားက မနောပါးပြင်ပေါ် မျက်ရည်တွေ စီးကျလာတာကို မတားမိ။ အင့်ခနဲ ကျိတ်အရှိုက်မှာ မနောနားမှာ အတူရှိနေသည့် သမိန်ထော်က မနောဘက်ကို လှည့်ကြည့်သည်။

"ဟိတ်…မင်းငိုနေတာလား"

"အီး…အဟင့်…ဟင့်…ဟင့်"

"ဟာ…ဒုက္ခပဲ၊ ပြောကာမှ ပိုငိုနေပြီ"

ကလေးတစ်ယောက်လို အီးခနဲ ငိုချလိုက်သည့် မနောကြောင့် သမိန်ထော် စိတ်ညစ်သွားသည်။ မိန်းကလေးတစ်ယောက် သူ့ရှေ့မှာ ကလေးတစ်ယောက်လို စိတ်ရှိလက်ရှိ အားပါးတရ ငိုနေတာ ဒါပထမဆုံးဖြစ်သည်။

သမိန်ထော် ရည်းစားတွေတောင် မနောဆိုသည့် ကောင်မလေးလို မငိုကြ။ လမ်းခွဲချိန်မှာ အေးအေးဆေးဆေး ဘိုင့်ဘိုင်လုပ်သွားကြသူတွေချည်း။ ပြီးတော့ သူငယ်ချင်းတွေအဖြစ်၊ မိတ်ဆွေတွေ



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် အခင်မင်ပင် မပျက်။ တွေ့သည့်နေရာ တွေ့သည့်အချိန် ဟန်မပျက် ခေါ်ပြောနှုတ်ဆက်ကြသည်။

မိန်းမတစ်ယောက်၏ မျက်ရည်ကို ရပ်တန့်သွားအောင် သမိန်ထော် ဘယ်လိုတားရမှန်းမသိ။ ချစ်သူရည်းစားတွေလည်း မဟုတ်။ ဟုတ်နေရင်လည်း ဘယ်ရည်းစားမှ မနောလို သူ့ရှေ့မှာ ငိုပြသူမရှိသဖြင့် သမိန်ထော် တစ်ခါဆိုတစ်ခါမှ မချော့ဘူး။

"စိတ်ညစ်ရတဲ့အထဲ မငိုစမ်းပါနဲ့ကွာ"

"တိတ်...တိတ်"

သမိန်ထော် သူပြောတတ်သလိုပြောပြီး မနောကို ချော့ပေမယ့် မနောက မတိတ်။ မိုးစိုစိုထဲ တအိအိငိုနေသော မနောကို ကြည့်ပြီး သမိန်ထော် စိတ်အိုက်သွားသည်။

"မင်းအသံကျယ်ကြီးနဲ့ တအားငိုမနေနဲ့၊ တော်ကြာ ဟိုလူတွေကြားသွားမှ မှားပါပြီမလုပ်နဲ့"

"ဘာမှားပါပြီလဲ၊ မနော အခုလို ဘာမဆိုင်ညာမဆိုင် ဒုက္ခရောက်နေရတာ ခင်ဗျားကြောင့်"

"ခင်ဗျားနဲ့ ပတ်သက်တာကိုက ဂြိုဟ်ဆိုးဝင်တာပဲ သိလား"



ပြောပြီး မနော ငိုမြဲပြန်သည်။ တကယ်လည်း မနောရင်ထဲ အခံရခက်နေမိသည်။ သမိန်ထော် မနောငိုနေတာကိုကြည့်ပြီး စိတ်မကောင်းဖြစ်သွားသည်။ သူနဲ့မနောအဖြစ်ကလည်း ပြောချင်စရာ။ အခုကိစ္စမှာ မနောက ဘာမှဆိုင်တာမဟုတ်။ မနောပြောသလို သူနဲ့ပတ်သက်မိလို့ ဒုက္ခရောက်ဖို့ ဖြစ်လာရတာဆိုတော့ သမိန်ထော် အပြစ်မတင်။

"ဆောရီးကွာ...မင်း အခုလိုငိုနေတာမြင်တော့ ကိုယ်လည်း စိတ်မချမ်းသာပါဘူး၊ ဒီလိုဖြစ်လာလိမ့်မယ်လို့ တို့လည်း ထင်မထားခဲ့ဘူး"

"မငိုပါနဲ့ကွာ၊မင်းကို ကိုယ်တောင်းပန်ပါတယ်၊ မင်းကျေနပ်တဲ့အထိ တောင်းပန်တယ် ဟုတ်လား"

ပါးစပ်က တောင်းပန်စကားပြောတာက လွယ်သည်။ လက်တွေ့ သူနဲ့အတူ ဒုက္ခခံနေရသည့် မနောမှာသာ မလွယ်တာပါ။ တွေးရင်း ဝမ်းနည်းလာကာ ပိုငိုဖြစ်သည်။ ရဂုံမြိုင်အိမ်ကြီးပေါ်က လူတွေကိုလည်း မကျေနပ်။

www.burmeseclassic.com

www.burmeseclassic.com



အနားက သမိန်ထော်ကိုလည်း မကျေနပ်။ မနောကိုယ်မနောလည်း ဒေါသဖြစ်သည်။ ဟိုလူတွေကလည်း သမိန်ထော်ကို ဖမ်းကြဆီးကြသည့်အထဲ မနောကို ကန့်လန့်ပါအောင် ဆွဲခေါ်လာတာကိုလည်း မကျေနပ်။

"အီး…အဟင့်…ဟင့်"

"မကျေနပ်ဘူး၊ မကျေနပ်ဘူး၊ လုံးဝမကျေနပ်ဘူး"

ခိုင်ထူးသီချင်း ဆိုနေခြင်းမဟုတ်ပါ။ အားလုံးအပေါ်မှာ တစ်စုတဝေးတည်း ဖြစ်ပေါ်ခံစားလာရသည့် ခံစားချက်ကြောင့် မကျေနပ်ခြင်း အကြောင်းတရားအပေါ်မှာ မနော ရင်ဖွင့်ပေါက်ကွဲနေခြင်းဖြစ်ပါသည်။

ဒါက မနောဘက်က ခံစားချက်အပိုင်းဖြစ်ပေမယ့် သမိန်ထော်ဘက်က ကြည့်တော့ မနောကို ထိုသို့နားမလည်။ သူ တောင်းပန်နေသည့်ကြားက မနောက သူ့ကိုမကျေနပ်ကြောင်း ပြောနေတာလို့ထင်ပြီး မျက်ခုံးကို တွန့်သည်။

သူ့ကြောင့် မနော ဒုက္ခရောက်ရတာ မှန်ပေမယ့် ဒီလိုဖြစ်လာလိမ့်မည်လို့ သမိန်ထော်ကိုယ်တိုင် သိခဲ့ရတာမဟုတ်။ ဒီလို

စိုးမိုးစာပေ



ကြံစည်စိတ်ကူးရဲသည့် မိထွေးဖြစ်သူကိုလည်း စိတ်ထဲက အမှန့်ကြိတ်ပစ်ချင်နေသည်။ သမိန်ထော် အဖေကတော့ သူ့မိန်းမအကြံအစည်တွေကို ဘာတစ်ခုမှ သိမှာမဟုတ်။

မိထွေးက လင်ပါသားကို အပြတ်ရှင်းနေသည့်အဖြစ်ကို သမိန်ထော်အဖေသိရင် ဘယ်လိုများ သူ့မိန်းမကို ဆုံးဖြတ်စီရင်မည်မသိ။ အခုတော့ သမိန်ထော်နားမှာ မနောဆိုသည့် ကလေးမလေးက တအိအိငိုနေသည်။ ပြီးကိုမပြီးတော့။ မနော သူ့ကိုမကျေနပ်လည်း မတတ်နိုင်။

လောလောဆယ် သမိန်ထော်ကိုယ်တိုင် ရန်သူ့လက်ထဲက လွတ်အောင် ပြေးလွှားဖို့ ကြံစည်စိတ်ကူးရဦးမည်။ အကြံဉာဏ်ကောင်း ဘာတစ်ခုမှမထွက်။ သမိန်ထော်နားထဲ မနောငိုသံ တအစ်အစ်သာ စိတ်ရှုပ်စရာ ဝင်လာနေ၏။

"မင်းငိုတာ ပြီးဦးမှာလားကွဟင်"

"ဘာဗျာ့"

ကိုယ့်ခံစားချက်နှင့်ကိုယ် ငိုနေပါသည်ဆိုမှ အနားကပ်ထွက်ပေါ်လာသည့် သမိန်ထော်လေသံ ခပ်မာမာကြောင့် မနော

စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



အငိုရပ်ပြီး သူ့မျက်နှာကို မကျေမနပ် လှမ်းကြည့်သည်။

"နားကို ညည်းနေတာပဲ၊ ငိုနေရုံနဲ့ ဒီကိစ္စက ဒီနေရာမှာ ပြီးသွားမယ်ထင်နေလား"

"ထင်ထင်မထင်ထင်ဗျာ၊ ကိုယ့်မျက်လုံးနဲ့ ကိုယ့်ငိုတာ ခင်ဗျားကို ဂရုစိုက်နေရဦးမှာလား"

"ဂရုစိုက်သင့် စိုက်ရမယ်ကွ၊ မင်းငိုသံကြောင့် ဟိုလူတွေ ဒီရောက်လာမှာမျိုး လုံးဝအဖြစ်မခံနိုင်ဘူး"

"အံမာ…ခင်ဗျားပဲ အပြောကောင်း၊ ဘယ်သူကရော အဲဒီလိုဖြစ်စေချင်မှာလဲ"

"ဒါဆို မင်းပါးစပ်ပိတ်ပြီး တိတ်တိတ်နေ၊ ပြောထားတဲ့ ကြားက တစ်ခုခုဖြစ်လို့ကတော့ ဖြစ်ချင်ရာဖြစ် မင်းကို လုံးဝတာဝန် မယူဘူး"

"အခုရော ခင်ဗျားက မနောဆီက ဘာတာဝန်များ ခွဲဝေ ယူနေလို့တုန်း"

အမှောင်ထဲမှာ နှစ်ယောက် တိုးတိုးကျိတ်ကျိတ် ရန်ဖြစ် ကြသည်။





"မိန်းမတွေကို ကြည့်မရတာ အဲဒါပဲ"

"ဘယ်သူကရော ကြည့်ရခိုင်းနေလို့လဲ၊ အလကား ယောကျ်ားတွေ တဆိတ်ရှိ မိန်းမတွေကိုပဲ သိမ်းကျုံးအပြစ်တင်နေ တယ်၊ သူတို့ကိုယ်သူတို့ကြတော့ တကယ့်သူတော်ကောင်းကြီးတွေ ကြနေတာပဲ"

သမိန်ထော်က မိထွေးနှင့်ပတ်သက်ပြီး မိန်းမတွေကို ကြည့် မရ။ အစတုန်းကတော့ မနောကို ကောင်လေးဟုထင်ခဲ့သည်။ အဲဒီတုန်းက သမိန်ထော်စိတ်မှာ ဘာပြဿနာမှမရှိ။

မနောဆိုတာ သူကြည့်မရသော မိန်းမအုပ်စုထဲက မိန်းမ တစ်ယောက် ဖြစ်နေတော့ စိတ်ထဲမှာ မိထွေးဖြစ်သူ ဒေါ်နှင်းဆီ မျက်နှာကြီးကို ပြန်ပြန်မြင်ပြီး အနားမှာရှိနေသည့် မနောကိုပါ ကြည့်မရ ဖြစ်လာမိ၏။

မနောကလည်း မဟုတ်မခံတတ်သူပီပီ သမိန်ထော်ပြော သမျှ ဘာတစ်ခုမှ ငုံ့မခံ။ တစ်ခွန်းမခံ ပြန်ပြောရင်း သမိန်ထော်ကို ပြန်တွယ်သည်။

"မင်းနဲ့ငါ ရန်မဖြစ်ချင်ဘူး မနော၊ ပါးစပ်ပိတ်ပြီး ငြိမ်ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



လေးအိပ်တော့"

"မနောကို ခင်ဗျား အမိန့်ပေးစရာမလိုပါဘူး"

မနောက ပြန်ရွာဖြစ်အောင် ရွာလိုက်ပေမယ့် တစ်ဖက်က ဘာမှမတုံ့ပြန်သဖြင့် ဘာမှဆက်ပြောစရာမလိုဘဲ သူ့အလိုလို ပါးစပ်ပိတ်သွားသည်။

မိုးက သည်းရာက စဲသွားသည်။ ပတ်ဝန်းကျင်က မှောင်နဲ့မည်းမည်း။

မျက်စိတည်ရာ ဟိုဒီလျှောက်ကြည့်နေခိုက် အေးစက်စက်အရာတစ်ခုက မနောလက်တစ်ဖက်ပေါ် ဘုတ်ခနဲ လာကျသည်။

"အမလေး...ဘာကောင်ကြီးလဲ"

"ဟ...ဘာတုန်း"

"အကောင်ကြီးဗျာ၊ အကောင်"

အမှောင်ထဲမှာ မနောလက်က ကြောက်လန့်ပြီး ဝရန်းသုန်းကားကြီး ဟိုခုန်ဒီခုန်ဖြစ်ကုန်တော့ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေသော သမိန်ထော်ပါ မနောနှင့်အတူ အလန့်တကြားဖြစ်လျက် သူ့ကိုယ်ကြီးကို အလန့်တကြားလာဖက်သော မနောကိုယ်လေးကို





အယောင်ယောင်အမှားမှား ပြန်ဖက်မိသွား၏။

အကောင်က ဘာကောင်ကြီးမှန်းတော့ သမိန်ထော်မသိ။ သူသိတာက သူ့ရင်ခွင်ထဲ တနင့်တပိုးကြီး ရောက်နေသည့် မနောဆိုသည့် ကောင်ကို ရင်မှာ ပိုက်ထွေးရင်း ရင်တွေခုန်နေသည်။

ကိုယ်က ရသေ့ရဟန်းလည်းမဟုတ်။ လှပသော ချစ်စရာအပျိုလေးက သူ့ရင်ခွင်ထဲဝင်ပြီး ဟိုခုန်ဒီဆွလုပ်နေတော့ မရှိသည့်ဈာန်က သူ့အလိုလိုလျှောချင်နေတာနှင့် စိတ်ကို မနည်းဘရိတ်အုပ်နေရ၏။

"ဘာကောင်လဲကွ၊ ဘာမှမရှိပါဘူး၊ ဖြစ်လိုက်ရင် မင်းတို့မိန်းမတွေက အသည်းအသန်ချည်းပဲ"

"ဘာအသည်းအသန်လည်းဗျာ၊ တကယ်ဖြစ်လို့ဖြစ်တယ်ပြောနေတာပေါ့၊ မနောလက်ပေါ်ကို အေးစက်စက် ပျော့စိစိအကောင်ကြီး ကျလာတာ ခင်ဗျားသိလို့လား"

"မြွေဆိုဘယ့်နှယ်လုပ်မလဲ"

"ဘယ့်နှယ်မှ လုပ်စရာမလိုဘူး၊ မင်း အခုလိုလုပ်နေတာကို သိပ်လွန်နေပြီ၊ ကိုယ့်အန္တရာယ် ကိုယ်သိရင် ငြိမ်ငြိမ်နေ"



www.burmeseclassic.com

www.burmeseclassic.com



''ဘာအန္တရာယ်လဲ၊ ဟိုလူတွေကို ပြောတာလား''

''ဟိုလူတွေကနောက်၊ ဒီလူက မင်းကိုအရင်''

''ဘာဖြစ်လဲ''

''ဒါဖြစ်တယ်''

''ရွတ်''

''ဟာ…ခင်ဗျားကြီး၊ ကဲကွာ''

''ဒုတ်''

''အ''

အေးစက်နေသည့် မနောပါးလေးတစ်ဖက် အမှောင်ထဲ နွေးခနဲဖြစ်သွားမှ မနောပေါ်ကျရောက်လာမည့် အန္တရာယ်အကြောင်း ကောင်းကောင်းသဘောပေါက်သွားသလို လက်တစ်ဖက်ကလည်း မြှောက်တက်သွား၏။ သမိန်ထော်မေးရိုးကို တည့်တည့်လာထိသည့် မနောလက်သီးချက်ကြောင့် သမိန်ထော် အတော်အီသွားကာ ဒေါသ လည်းဖြစ်သွားသည်။

''ကြည့်စမ်း…မင်းက ငါ့ကို လက်သီးနဲ့ထိုးတယ် ဟုတ်လား''



''သတ်တောင်ပစ်ရမှာ''

''အေး…သတ်မှာဖြင့် တစ်ခါထဲသတ်''

''ဟာ''

''ခင်ဗျားကြီး မညစ်ပတ်နဲ့နော်''

''သွား…သွား''

''ငါသွားမယ့်နေရာက မင်းပါအတူရှိမှဖြစ်မှာ''

''ဦးသမိန်ထော်…ခင်ဗျား''

စကားသံလေးတွေ ပျောက်ဆုံးသွားသည်။ ပညာပေးရုံ စဉ်းစားထားသော သမိန်ထော်အတွက် နူးညံ့အိထွေးသော အတွေ့ ထူးမှာ မူးမူးမေ့မေ့ဖြစ်သွားအောင် ပတ်ဝန်းကျင်နှင့် အချိန်အခါက တိုက်တွန်းအားပေးသူများခဲ့သည်။

မနောက တစ်ချက်မှ အညံ့မခံ။ အသက်သေချင်သေပါစေ ဆိုသည့်စိတ်နှင့် သမိန်ထော် လူလည်ကျတာကို တစ်ခုမှ အညံ့မခံ ဘဲ သူမကိုယ်သူမ နည်းပေါင်းစုံသုံးပြီး ကာကွယ်တိုက်ခိုက်သည်။ တစ်ခုမှ အရှုံးမပေး။ သမိန်ထော်ရင်ခွင်ထဲမှာ မနောက သမင်ပျို့ မလေးမဟုတ်။ ကျားရဲမလေးဖြစ်နေ၍ သမိန်ထော်ကိုယ်ကြီးကို

www.burmeseclassic.com

www.burmeseclassic.com



လက်လှမ်းမီသမျှ ထုသည်၊ ရိုက်သည်၊ ကုတ်ဖဲ့သည်၊ ကိုက်သည်။

"ကဲဟယ်"

"အား"

အရှိန်တက်နေသော သမိန်ထော်ရင်ဘတ်ကြီးကို တစ်အား ဆွဲခါယမ်းပစ်လိုက်သော မနောကြောင့် တင်းကြပ်လွန်းသော နှောင်ဖွဲ့မှုအောက်က လွတ်မြောက်သွားသည်နှင့် မနော ဘာမှမစဉ်းစား။ အားကုန်သုံးပြီး သူ့ကိုယ်ကြီးကို တအားကုန် ခြေနှင့်ဆောင့်ကန်ပစ်သည်။

"ကဲဟာ"

"ဒုန်း"

"ဝုန်း"

"အား...ကျွတ်...ကျွတ်"

အမှောင်ထဲမှာ သမိန်ထော် ပျွန်းပြန်သွားပြီး အမြင့်ကနေ အောက်ကို ဒလိမ့်ကောက်ကွေးကျသွားသဖြင့် တစ်ကိုယ်လုံး နာကျင်သွားသည်။

"မင်း ဘယ်လိုလုပ်လိုက်တာလဲကွဟင်"





"လူစိတ်ပျောက်နေလို့ ဆုံးမလိုက်တာ"

"ဘာကွ"

"မိန်းကလေးဆိုပြီး လာမစမ်းနဲ့၊ အားမတန်လို့ မာန်လျှော့ရမယ့်ခေတ် ကုန်သွားပြီ"

"ဒီတစ်ခါ လူကိုလာထိလို့ကတော့ သူသေကိုယ်သေပဲ"

မနောလေသံက ကြမ်းရှခက်ထန်လျက် ဒေါသအတော်ဖြစ်နေမှန်း သမိန်ထော်သိလိုက်၍ အမှောင်ထဲမှာ သူမမမြင်အောင် ပြုံးလိုက်သည်။ လူကောင်သေးသေးလေးနဲ့ သူ့လိုလူကို အာခံစိန်ခေါ်ရဲသည့် သတ္တိလေးကို သဘောကျ၍ပါ။

မနောနေရာမှာသာ တခြားမိန်းကလေးတစ်ယောက်ဆိုရင် သူ့လိုလူတစ်ယောက်ကို ဘယ်သူမှ သူမလို မိုက်မိုက်မဲမဲ စိန်ခေါ်ရန်စဖို့ ကြိုးစားကြမှာမဟုတ်။ မနောကတော့ အခြေအနေတွေ၊ အချိန်အခါတွေ ဘာဆိုဘာမှထည့်မတွက်။ သူမစိတ်ထဲရှိသည့်အတိုင်း ပြောပြီး သမိန်ထော်ကို အသင့်ကာကွယ်ရန်အနေအထား နှင့် အနီးအနားက သစ်ကိုင်းတစ်ကိုင်း လှမ်းခုန်ဆွဲသဖြင့် ဖြောင်းခနဲ အသံနှင့်အတူ သစ်ကိုင်းတစ်ခု သူမလက်ထဲပါလာတာ မြင်လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



၏။

လရောင်က ခပ်ကျဲကျဲ၊ သစ်ရွက်သစ်ခက်တွေကြားက ဟိုတစ်ပြောက် ဒီတစ်ပြောက် ဖြာကျနေ၏။ သစ်ကိုင်းကို လက်မှာ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး သမိန်ထော်ကို ရပ်ကြည့်နေသည့် မနောကို သူစိုက်ကြည့်လိုက်သည်။

"ကိုယ်က အသေခံနိုင်တယ်ဆိုရင်ရော"

"ခင်ဗျားကြီးနော်"

မနောအသံက တုန်တုန်ရီရီ။

ပါးစပ်က ဟန်ကိုယ်ဖို့ပြောနေရပေမယ့် မနောနဲ့သမိန်ထော် ဆိုတာ ဗလချင်းက တခြားစီ။

ကြောက်ကြောက်လန့်လန့်နဲ့ လက်ထဲကသစ်ကိုင်းခက်ကို တင်းကြပ်စွာ ဆုပ်ကိုင်ထားပေမယ့် အရေးဆို ဒီသစ်ခက်က ဘာမှ အသုံးမဝင်နိုင်မှန်း မနောသိသလို သမိန်ထော်လည်း သိမှာသေချာသည်။

"ခင်ဗျား...ရှေ့တိုးမလာနဲ့နော်"

မနောစကားကို သမိန်ထော်က ဂရုမစိုက်။ လဲနေရာက





ထရပ်ပြီး သူ့ညာလက်ဖျံကို ငုံ့ကြည့်သည်။

"သွေးတောင်ထွက်နေပြီ၊ ဒဏ်ရာတော်တော်များသွားတာပဲ၊ မင်းတော်တော်ဆိုးပါလားကွဟင်"

သမိန်ထော်စကားအဆုံးမှာ မနောက မကျေမနပ်နှင့် သူမ နှုတ်ခမ်းလေးကို ချစ်စရာကောင်းအောင် တစ်ချက်မဲ့သည်။

"ခင်ဗျားကမှ လူဆိုး၊ သူများသားသမီးကို ပန်းကောင်း အညွန့်ချိုး"

"အညွန့်မချိုးပါဘူးကွ၊ နမ်းရှုံ့နမ်းတာပါ"

"နမ်းရအောင် မနောက ခင်ဗျားရည်းစားလားဗျာ"

မနောက ဆတ်ဆတ်ထိမခံ တုံ့ပြန်တော့ သမိန်ထော် ပြုံးသည်။

"အေး...မင်းက ငါ့ရည်းစားမဟုတ်လို့ပေါ့၊ ဟုတ်နေလို့ ကတော့ ဒီနေရာမှာ ပွဲသိမ်းပြီးသားပဲ"

"ယောကျ်ားတွေကို စိတ်ကုန်တာ အဲဒါပဲ"

"ငါကလည်း မဆို မုန်းလွန်းလို့ ကြည့်လို့ကိုမရတာ"

"ဟွန်း...မုန်းလွန်းလို့သာ တော်တော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းဘာပြောတာလဲ"

"ကြားတဲ့အတိုင်းပဲ"

မနောလေသံ မကျေနပ်။

ကိုယ့်ချစ်သူ ကိုယ့်ရည်းစားလည်းမဟုတ်။ ဘာမဆိုင် ညာမဆိုင်လူက မနောကို ပယ်ပယ်နယ်နယ် နမ်းလိုက်တဲ့အဖြစ်က တော့ တကယ့်ကို မခံချိမခံစရာ။ ဒါတောင် မနောဘက်က ဆတ်ဆတ်ထိမခံဘဲ လက်တုံ့ပြန်နိုင်လို့သာ။ အားမတန်လို့ မာန်လျှော့ ပါတယ်ဆိုရင်တော့ မနောဘဝတော့ သွားပြီ။

"ငါ့ကိုချည်း အပြစ်ပြောနေလို့မရဘူးကွ၊ မင်းမှာလည်း အပြစ်ရှိတာပဲ"

"ဘာအပြစ်လဲ ဟွန်း"

"ဟ...ငါ့ဘာသာနေတာ၊ မင်းပဲ ဘာကောင်တွေ့တယ်၊ ညာကောင်တွေ့တယ်ဆိုပြီး ငါ့ကိုလာဖက်တာလည်း ထည့်ပြောဦး"

"ဒါနဲ့ဘာဆိုင်လဲဗျာ"

သမိန်ထော်ပြောတာ မှန်သင့်သလောက် မှန်ပေမယ့် မနော ဘက်ကလည်း မခံနိုင်။

[redacted]



"မင်းက သည်းသည်းလှုပ် သိပ်စွာပြနေတော့ ပြဿနာ တက်ကုန်တာ"

"ဩော်...ခင်ဗျားမှာတော့ အပြစ်မရှိဘူးပေါ့"

"နောက်တစ်ခါ ရုတ်ရုတ်လာမလုပ်နဲ့၊ ဒီတစ်ခါ ပြဿနာ ဖြစ်လို့ကတော့ မင်းတာဝန်ပဲ"

"ဟွန်း"

မနောမှာ သမိန်ထော်စကားကို မကျေနပ်သော်လည်း ပါးစပ်ပိတ်ပြီး ငြိမ်နေလိုက်သည်နှင့် ပိုးကောင်မွှားကောင်တို့ အော်မြည်သံက မှောင်မိုက်သောညကို လွှမ်းခြုံသွားသည်။

□ □ □

[redacted]

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"အီး…အေးလိုက်တာ"

ကိုယ့်ကိုယ်ကို ဘာမှမဖြစ်ရဘူးလို့ ဖွတ်တင်းခံထားသည့်ကြားက ရေစိုအဝတ်တွေနှင့် ကြွက်စုတ်ရေနစ်သလို ဖြစ်နေသော မနောထံမှ ချမ်းလွန်း၍ မအောင့်နိုင်ဘဲ မေးခိုက်ခိုက်တုန်သွားရခြင်းသည်။

တစ်ကိုယ်လုံး ချမ်းတုန်နေသည်မှာ ပြောစရာမရှိ။ ဒီကြားထဲ လေလေးက တဖြူးဖြူးတိုက်လာတော့ ပိုဆိုးသည်။ လက်နှစ်ဖက်ကို ပိုက်၊ ဒူးနှစ်ဘက်ကိုကွေး၊ လူတစ်ကိုယ်လုံး ပုစွန်ထုပ်ကွေးဘဝရောက်မှန်းမသိ ရောက်နေပေမယ့် အချမ်းဒဏ်က မလုံ။

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာပေါ်ရှိရှိသမျှ အချမ်းစိတ်တွေများ မနောနား စုပြုံရောက်လာကြသလားမသိ။ ကျောနှင့်ကိုယ် နှစ်ဝင်မတတ် တိုးဝင်ဖိကပ်ထားသည့် သစ်ပင်၏ ပင်စည်ကလည်း မနောကို နွေးသွားအောင် မထွေး။ ဖွတ်ပေကပ်ပြီး ကြိုးစားအိပ်ပေမယ့် မရ။ နောက်ဆုံးဘာအသံမှမပေးဘဲ တိတ်ဆိတ်နေသည့် သမိန်ထော်ရှိရာ မကျေမနပ် လှမ်းကြည့်လိုက်သည်။

မနောနှင့် ခပ်လှမ်းလှမ်းမှာရှိနေသော သမိန်ထော်ပုံစံက ကျောက်ချထားသလို တစ်ချက်ပင်မလှုပ်။ အအေးဒဏ်၊ အချမ်းဒဏ်ဆိုတာ သူနဲ့ဘာမှမဆိုင်သလို အလှုပ်အရှားမရှိ နေပဲနေနိုင်လွန်းတာကိုပဲ မနောစိတ်ထဲ အံ့သြနေမိသည်။

တကယ်ဆို သူလည်း လူသားတစ်ယောက်ပဲ။

မနောအေးသလို သူလည်း အေးရမည်။

မနောချမ်းသလို သူလည်း ချမ်းရမည်။

အခုတော့ သမိန်ထော်က ညအမှောင်ထဲ ကျောက်ချထားသလို ငြိမ်သက်လျက်။

လက်နှစ်ဘက်ကို တင်းတင်းပိုက်ထားရင်း လူက



ချမ်းတုန်လာတာနှင့်အမျှ ကိုယ်ငွေ့ကလည်း တရှိန်းရှိန်းလှိမ့်တက်လာ၏။

သွားပြီ။

မနော ဖျားနေပြီ။

ဘာမှမတတ်နိုင်တော့။ ခန္ဓာကိုယ်ကို ဖြစ်သလို ခွေခေါက်ပြီး လှဲချလိုက်တာနှင့် မျက်ခွံတွေ လေးလံဖိကျလာကာ တအင်းအင်း အဖျားတွေ စွတ်တက်လာ၏။

"အင်း...ဟင်း...ဟင်း"

"အင်း...ဟင်း"

မနောကိုယ်မနောပင် မသိ။ အအေးဒဏ်နှင့် အဖျားဒဏ်မခံနိုင်သည့်အဆုံးမှာ ညည်းသံက မနောနှုတ်ဖျားက သူ့အလိုလို ခုန်ထွက်လာခြင်းဖြစ်သည်။

"ဟိတ်"

"မင်းဘာဖြစ်နေတာလဲ၊ သိပ်ချမ်းနေလား"

မနောဆီက တအင်းအင်းညည်းသံကြောင့် ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေရာက သမိန်ထော် လှမ်းမေးလိုက်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သမိန်ထော်ကိုယ်တိုင်လည်း မိန်းမသားဖြစ်သည့်မနှောလို နှုတ်က ထုတ်ပြီး မညည်းပေမယ့် အအေးဒဏ်ကို လိုမ့်ခံနေသည်။

မနှောဆီက ပြန်ဖြေသည့် စကားသံမကြားရဘဲ ညည်းသံကိုသာ ကြားနေရတာနှင့် သမိန်ထော် မနှောနားကို ရောက်သွားသည်။

"ဟိတ်…ဒီမှာ"

"မနှော"

မနှောက မလှုပ်။

ပြန်ထူးခြင်းလည်းမပြု။ သမိန်ထော် မနှောလက်မောင်းလေးတစ်ဖက်ကို ဆွဲကိုင်လိုက်သည်နှင့်…

"ဟာ…တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူလို့ပါလား၊ အဲဒါမှ ပြဿနာပဲ"

အမှောင်ပတ်ဝန်းကျင် အေးစက်စက်ထဲ သမိန်ထော် ချွေးပျံချင်သွားသည်။ နှစ်ယောက်စလုံး ကိုယ်ပေါ်မှာကလည်း ရေစိုထားသည့် အဝတ်တွေနှင့်။ ဒီကြားထဲ လေကပင့်တိုက်ပေးသလို ဖြစ်နေတော့ ဖျားပြီပေါ့။





"အီး…ဟီး…ချမ်း…တယ်"

"ချမ်း…တယ်"

မနှောက မျက်လုံးမဖွင့်နိုင်။

ပါးစပ်က ညည်းသလို လူကလည်း ခိုက်ခိုက်တုန်နေတာ သမိန်ထော် အကြံအိုက်စွာ မနှောကို ငုံ့ကြည့်ပြီး မျက်ခုံးတွန့်သည်။

ကောင်မလေး တကယ်ချမ်းနေပြီ။ အဖျားရှိန်က တစ်ရှိန်ထိုးတက်နေတော့ ပိုဆိုးသည်။ မနှောနဖူးလေးကို ထိလိုက်တော့ မီးကျီးခဲကိုင်မိသလိုဆိုတော့ သူ တစ်ခုခုလုပ်မှဖြစ်တော့မည်။

"မနှော…ဟိတ်"

မနှောကိုယ်လေးကို သူ လှုပ်ခါကြည့်သည်။

"မင်းသိပ်ချမ်းနေရင် မင်းကို ငါဖက်ထားရမလား"

"အင်း…ဟင်း…ဟင်း"

သမိန်မေးတာကို ဖြေတာလား၊ သူမဘာသာပဲ ချမ်းလို့ညည်းတာလားမသိရသော်လည်း သမိန်ထော်ကတော့ ခိုက်ခိုက်တုန်နေသည့် မနှောကိုယ်လေးကို သူ့ရင်ခွင်ထဲ ညင်သာစွာ ဆွဲယူပိုက်ထွေးထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မနော်က ကလေးလေးတစ်ယောက်လို သမိန်ထော်ရင်ခွင်ထဲ ကွေးကွေးလေးငြိမ်နေပေမယ့် သမိန်ထော်ကတော့ သူ့ရင်ခွင်ထဲသို့ မနော်ဆိုသည့် မိန်းမလှလေးတစ်ယောက် ဘာမဆိုင် ညာမဆိုင် ရောက်လာရသည့်အတွက် ရင်တွေခုန်နေပါသည်။

မနော်ကို စတွေ့ကတည်းက သမိန်ထော် သဘောကျခဲ့သည်။ ယောကျ်ားလေးအဖြစ် မနော်ကို တွေ့ထဲက လူချောလေးအဖြစ် အသိအမှတ်ပြုခဲ့ရာမှ မနော်က သူနှင့် ကြံဖန်ရေစက်ဆုံပြီး မိန်းမလှလေးဖြစ်နေတော့ သမိန်ထော် ရင်ခုန်သံတွေမြန်ခဲ့သည်။

မနော်က လှသည်။

လှသလောက် စွာသည်။ ဆတ်ဆတ်ထိမခံ လက်တုံ့ပြန်တတ်တာလေးတွေကို အသည်းယားစိတ်နှင့် မနော်ကို ဒေါသမဖြစ်ဖြစ်အောင် စမိသည်။ မနော်က သူ့ကိုပြန်ရန်စွာတာမျိုးကိုတော့ သမိန်ထော် သဘောအကျဆုံးဖြစ်သည်။ မနော်က ချစ်စရာကောင်းသည်။

ဒါကြောင့်လည်း မနော်ကို တိတ်တိတ်လေးချစ်ခဲ့မြတ်နိုးခဲ့မိသည်။ သမိန်ထော်အချစ်ကို မနော် မသိ။ သိအောင်လည်း





သမိန်ထော်ဘက်က ရင်ဖွင့်ရန်အချိန်မရ။ ကိုယ့်ပြဿနာနဲ့ကိုယ် ရှုပ်ထွေးနေချိန်မှာ မနော်က သူနဲ့အတူ ကန့်လန့်ပါလာရမှ အခုလိုဖြစ်ရခြင်းဖြစ်သည်။

မနော်အသားလေးတွေက ပန်းနုရောင်ထလျက် ဖြူဥနုဖတ်နေ၍ မြင်တာနှင့် နေမထိလေမထိ သူဌေးသမီးလေးမှန်း ချက်ချင်းသိနိုင်သည်။ ဒီလိုခရီးကြမ်းကြီးထဲ မိုးလေတွေဒဏ် ဘယ်လိုမှမခံနိုင်တာ ဘာမှမဆန်း။

"မနော်"

"အင်း…ဟင်း…ချမ်း…တယ်"

"ကိုယ် မနော်ကို ဖက်ထားတယ်လေ၊ သိပ်ချမ်းနေလားဟင်၊ အရေးထဲမှ ဒီမိုးကလည်း ရွာသေးတယ်၊ ရေစိုအဝတ်တွေနဲ့ဆိုတော့ ဖျားပြီပေါ့"

ဘယ်သူ့ကို အပြစ်တင်ရမှန်းမသိ၍ မိုးမင်းကြီးကိုပဲ သမိန်ထော် အပြစ်တင်မိသည်။ ခိုက်ခိုက်တုန်နေသည့် မနော်ကိုယ်လေးကို သူ့ရင်ခွင်ထဲ အတင်းကြပ်ဆုံး ပွေ့ထားပေမယ့် အချမ်းဒဏ်ကို ခံနေရဆဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လေးကလည်း ခြစ်ခြစ်တောက် ပူနေ၍ သမိန်ထော် ရင်ထဲ မနောအတွက် စိုးရိမ်လာ၏။ မပြောကောင်းမဆိုကောင်း မနောသာ တစ်ခုခုဖြစ်သွားလို့ကတော့ သမိန်ထော်မှာ တာဝန် မကင်း။

သူ့ကြောင့် မနောပါ အခုလိုဒုက္ခရောက်ရတာ သူသိသည်။ မနောပြောသလို သမိန်ထော်က သူမအတွက် ကြိုဟ်ဆိုးများဖြစ်နေ ပြီလားမသိ။ မနောနားမှာ သူမရှိလျှင် အခုလို မိထွေးဖြစ်သူ၏ ယုတ်မာမှုထဲမှာ မနောလည်း ပါဝင်ပတ်သက်လာရမှာမဟုတ်။

တွေးရင်း မိထွေးဖြစ်သူကို ပို၍ဒေါသဖြစ်ရသလို ရင်ခွင် ထဲ ကလေးလေးတစ်ယောက်လို အပြစ်ကင်းစွာရှိနေသည့် မနောကို သနားလာမိသည်။

"ကိုယ့်ကိုခွင့်လွှတ်ပါ မနောရယ်၊ မနော အခုလိုဖြစ်တာ ကိုယ့်ကြောင့်ပါ"

မရည်ရွယ်ဘဲ မနော၏ နဖူးပြေပြေလေးကို ညင်သာစွာ ရှိုက်နမ်းမိသည်။ မနောလက်ကလေးတွေက သမိန်ထော်ကိုယ်ကြီး ကို တင်းကြပ်စွာ ပြန်ဖက်ထားသည်။ အစပိုင်းမှာတုန်းက သူဖက်





ကိုယ်ဖက် ဘာပြဿနာမှမရှိ။

အချိန်လေးတွေကြာလာတော့ သမိန်ထော်စိတ်တွေ လှုပ်ရှားလာသည်။ သူ့ရင်ထဲက တိတ်တခိုးမြတ်နိုးစွဲလမ်းနေရသူနှင့် နှစ်ယောက်တည်းဆိုသည့်အသိက သမိန်ထော်နှလုံးသားထဲက အချစ်ပန်းကို စွင့်လန်းစွာ ပွင့်ဖို့ဖြစ်လာ၏။

"ချစ်တယ် မနောရယ်"

"အင်း…ချမ်း…တယ်"

မနောကိုယ်လေး နွေးထွေးစေရန် အတင်းကြပ်ဆုံး ပိုက်ထွေးရင်း သူ့စိတ်တွေကို ထိန်းထားသည်။ မနောဆိုတာ သူပြု သမျှနေရမည့် သူ့ရင်ခွင်ထဲက ပန်းလုလုလေးတစ်ပွင့်။

မနောအချစ်ကို ဒီလိုပုံစံမျိုးနှင့် မယူချင်။ စိတ်ချင်းနှလုံး သားချင်း နက်ရှိုင်းစွာ ခံစားမှုခြင်း ထပ်တူညီမှ ပိုင်ဆိုင်ချင်သည်။ ကိုယ်တစ်ယောက်တည်း၏ ခံစားချက်ကို ဦးစားမပေး။ ချစ်သူကို တန်ဖိုးထားစိတ်နှင့် ရင်ခွင်ထဲ မြတ်နိုးစွာပိုက်ထွေးလျက် နှစ်ခြိုက် စွာ အိပ်ပျော်သွား၏။

ဘယ်အချိန်ထိ အိပ်ပျော်သွားသည်မသိ သမိန်ထော်



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာကနိုးလာတော့ နေ၏အလင်းက သစ်ရွက်တွေကြား ရွှေရည်တွေ သွန်းလောင်းချသလို အရောင်တလက်လက်တောက်နေ၏။

မနောကို ကြည့်လိုက်တော့ သူ့ဘေးမှာ ကွေးကွေးလေး နှစ်ခြိုက်စွာအိပ်နေဆဲ။ နဖူးကို ဖွဖွစမ်းကြည့်တော့ ကိုယ်အပူရှိန်က မကျ။ ခြစ်ခြစ်တောက်ပူနေသည့် မနောကိုယ်လေးကို အသာထိကိုင်ရင်း သမိန်ထော် ဘာဆက်လုပ်ရမှန်းမသိဖြစ်သွားသည်။

အနီးအနားကို ဟိုဒီမျက်လုံးဝေ့ဝဲကြည့်ရင်း အကူအညီတောင်းရမည့်သူ ရှာကြည့်သည်။ တိတ်ဆိတ်ငြိမ်သက်နေသော ဝန်းကျင်မှာ ကျေးငှက်အော်မြည်သံ၊ လေတိုးသံမှတစ်ပါး တခြားဘာမှမရှိ။

မနောကို သစ်ပင်ကြီးအောက်မှာထားပြီး ဟိုဟိုဒီဒီ လျှောက်ကြည့်ခိုက် စကားပြောသံသဲ့သဲ့ လေထဲမှာ ပျံ့လွင့်လာတာနှင့် သမိန်ထော် ရင်ထိတ်သွားသည်။

ဂျင်မီတို့လူသိုက် သမိန်ထော်တို့ကို လိုက်ရှာနေတာလား မသိ။ နီးရာသစ်ပင်နား ပြေးကပ်၍ အသံကြားရာလှမ်းမျှော်အကြည့် လူနှစ်ယောက်၏ပုံရိပ်က သမိန်ထော်မြင်ကွင်းထဲ ထင်ရှားစွာ ရောက်လာ၏။



သမိန်ထော်ထင်သလို ဂျင်မီတို့အဖွဲ့မဟုတ်။ ထမင်းထုပ်၊ ရေဗူးနှင့် တောတိုးနေသည့် လူနှစ်ယောက်။ သမိန်ထော် ဝမ်းသာသွားသည်။

"ဗျို့ . . .အစ်ကိုကြီးတို့၊ ကျွန်တော်တို့ ဒုက္ခရောက်နေလို့ ကူညီပါဦးဗျာ၊ ကျွန်တော့်နာမည် သမိန်ထော်ပါ၊ တောထဲမှာ ကားပျက်ပြီး မျက်စိလည်နေလို့ပါ"

"ဩော် . . .ဟိုဘက်နားမှာ တွေ့ခဲ့ရတာ မင်းတို့ကားလား"

"ဟုတ်ပါတယ်ခင်ဗျာ၊ ဟုတ်ပါတယ်၊ ဟိုဘက်မှာ ကျွန်တော့်အဖော်လည်း ပါလာပါတယ်၊ ညကမိုးမိပြီး ဖျားနေလို့ ကားဆီခေါ်သွားချင်လို့ ကျွန်တော့်ကိုဝိုင်းကူပါဦး"

ရိုးသားသော အလုပ်သမားနှစ်ယောက်က သမိန်ထော် အကူအညီတောင်းတာကို အလွယ်ပင် သဘောတူပြီး လိုအပ်သည့် အကူအညီများကို ပေးကြပါသည်။

ဂျင်မီတို့လူစုနှင့် မတွေ့ရဘဲ အဖျားကြီးနေသည့် မနော

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လေးကို ပွေ့ချီမယူပြီး ရပ်ထားသည့် ကားနားအရောက် လမ်းညွှန်၍ ပို့ပေးကြသဖြင့် အဆင်ပြေပြေ လမ်းပေါ်ပြန်ရောက်လာ၏။

မနောက မျက်လုံးပင် မဖွင့်နိုင်တော့။ ကားပေါ်အရောက် မျက်လုံးတစ်ချက်ဖွင့်ကြည့်ပြီး မျက်ဝန်းအစုံ ပြန်ပိတ်သွား၍ ကားကိုနေရာက အမြန်ဆုံးမောင်းခဲ့သည်။

မနောအတွက် စိုးရိမ်စိတ်နှင့် အနီးဆုံးဆေးခန်းတစ်ခုသို့ အမြန်ဆုံး ရောက်ချင်နေတာကလွဲပြီး တခြားဘာဆိုဘာမှ မတွေးဖြစ်တော့။

ကျန်းမာရေးအမှတ်အသားပါသည့် ဆိုင်းဘုတ်ကို တွေ့တာ နှင့် သူ့ကားကို ထိုးရပ်ပြီး မနောကိုယ်လေးကို ပြေးပွေ့ကာ ဆေးခန်း ထဲ ဝင်ခဲ့သည်။

"ဒေါက်တာ…ဒေါက်တာ"

"ဒီမှာ အရေးကြီးလူနာပါလာလို့ ကြည့်ပေးပါဦးဗျာ"

"ဖြည်းဖြည်း၊ ခုတင်ပေါ်မှာ လူနာကိုချပါ"

ဆရာဝန်နှင့်တူသူတစ်ယောက်က သမိန်ထော်ကို လူနာ



ခုတင်ကို ညွှန်ပြပြီး လူနာကို ချခိုင်းသည်။

"ဘာဖြစ်တာလဲဟင်"

ဆရာနားမှာ အတူရှိနေသည့် အမျိုးသမီးက ပျာယာခတ်နေသော သမိန်ထော်ကို ကျော်ဖြတ်ပြီး လူနာကိုငုံ့အကြည့်

မနောကို တွေ့လိုက်ရသဖြင့် သိသာစွာ မျက်နှာမည်းပျက်သွားကာ ဘာစကားမှ မပြောနိုင်ဘဲဖြစ်သွား၏။ ထိုသူက တခြားသူမဟုတ်။ ရဂုံမြိုင် ယောက္ခမဖြစ်သူနှင့် စကားများရန်ဖြစ်ပြီး ဆင်းလာခဲ့သည့် ကိုလေး၏ဇနီး မတာ။

မနော၏ယောက်မ။

ဘယ်တုန်းကမှ မနောအပေါ် မကောင်းခဲ့သူပီပီ ပထမတော့ မနောကိုမြင်တာနှင့် ယောက္ခကိုစိတ်နာ၊ ယောက်မဖြစ်သူမနောကိုလည်း ကြည့်မရအောင် မုန်းနေမိတာနှင့် ဒေါသဖြစ်သွားပေမယ့် မနောနားကလူကို စိတ်ဝင်စားတာနှင့် ငြိမ်နေလိုက်၏။

ဆရာဝန်က တခြားသူမဟုတ်။ မတာ၏အစ်ကို။ မနောက အဖျားကြီးပြီး မလှုပ်။ လိုအပ်တာတွေ စမ်းသပ်စစ်ဆေး အတာ၏ အစ်ကို ဒေါက်တာဝင်းနောင်က ဆေးထိုးပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာတော်လဲ"

"ဗျာ"

"ဟို...ကျွန်တော့်ညီမပါ"

သမိန်ထော် စကားအဆုံးမှာ မတာက နှုတ်ခမ်းကိုရွဲ့သည်။ ဘာအစ်ကိုလဲ။ ဟွန်း...ဘဂ်လားအစ်ကိုလား။ ယောက္ခမကြီး ပြောတုန်းကတော့ မနောကို သူ့သူငယ်ချင်း ရှိမိနဲ့ပဲ အတူနေသလို လို ဘာလိုလိုပြောပြီး အခုတော့ ဘယ်ကကောက်ရမှန်းမသိသည့် အစ်ကိုဆိုသည့် ယောကျ်ားတစ်ယောက်နဲ့ နှစ်ယောက်ထဲ။ ဖြစ်ချင် တိုင်းဖြစ်နေလိုက်တာ။

"ခင်ဗျားညီမကို ဆေးရုံတင်ရမယ်"

"ဗျာ"

"ဆေးလက်မှတ် ရေးပေးလိုက်မယ်"

ဆရာဝန်က စာကောက်ရေးနေချိန်မှာ သမိန်ထော် ချွေးပျံ နေ၏။ မနောကို ဒီလောက်ဖြစ်သွားမည် မထင်ခဲ့။

"မနော ဆေးရုံမတက်ဘူး ဦးသမိန်ထော်"

သမိန်ထော်ဆိုပါလား။



မနောက မတာကိုမမြင်။ မတာက မနောနှင့် သမိန်ထော် ကိုကြည့်ပြီး သူ့သမီး ယောကျ်ားနောက် လိုက်ပြေးတာကို ဖုံးဖိ လိမ်ညာနေသည့် ယောက္ခမနှင့် ယောက်မကို ပညာပေးချင်နေသည်။

"မနော"

"ဟင်...မတာ"

ယောက်မဖြစ်သူကို မထင်မှတ်ဘဲ တွေ့လိုက်ရ၍ မနော အံ့သြသွားသည်။

"ဘယ်လိုလဲ မနောရဲ့၊ ယောက္ခမကြီး ပြောတုန်းက မနောယောကျ်ားနောက် လိုက်သွားတာလည်း မပါပါလား"

"ဘာပြောတယ်"

"ဟာ...ကျွန်တော်တို့"

"ဘာမှရှင်းပြမနေနဲ့၊ အခုပဲ မနောကို သမိန်ထော်ဆိုတဲ့ လူနဲ့ နှစ်ယောက်ထဲတွေ့တဲ့အကြောင်း ယောက္ခမခေါင်းမီးတောက် သွားအောင် သတင်းပေးရဦးမယ်"

"သွားပြီ မနော"

"မတာ"

www.burmeseclassic.com

www.burmeseclassic.com



မနော့ခေါ်ပေမယ့် မတာက လှည့်မကြည့်။ ဆေးခန်းထဲက ကျော့ကျော့လေး ထွက်သွားသဖြင့် မနော ဘာမှမတတ်နိုင်ဘဲ ကျန်ခဲ့သည်။ မတာက စိတ်ကောင်းရှိသူမဟုတ်။ မနောအပေါ်မှာ အမြဲမနာလိုဖြစ်နေသူ။ အခုပဲ မတာပါးစပ်ထဲမှာ မနောဘဝ ဖြစ်ချင်တိုင်းဖြစ်နေပြီဆိုမှတော့ သွားပြီပေါ့။ မတာနောက်ကို လိုက်ဖို့ လှဲနေရာကအထ ခေါင်းထဲ မိုက်ခနဲဖြစ်သွား၏။

"ဟာ...မနော"

"မနော"

မနောက သမိန်ထော်ခေါ်သံကို မကြား။ ပျော့ခွေသတိလစ်သွားသည့် မနောကိုယ်လေးကို ပွေ့ချီလျက် မနောအမည်ကို အဆက်မပြတ် ခေါ်နေမိသော သမိန်ထော်မှာသာ စိုးရိမ်ထိတ်ပျာလျက် မျက်စိမျက်နှာပျက် ကျန်ခဲ့သည်။

□ □ □

## အခန်း (၁၃)

"အဲဒါပဲ မာမီ့သမက်ဆိုတာ"

မတာ၏စကားအဆုံးမှာ မနော့မာမီ ဒေါ်တင်တင်အကြည့်တွေက သမိန်ထော်ထံ ရောက်လာ၏။

"သမီးလေးရဲ့ခင်ပွန်းဆိုတာ မင်းလား"

"ခင်ဗျာ"

"အန်တီက မနောရဲ့မာမီပါကွယ်"

"ဟုတ်ကဲ့...ကျွန်တော့်နာမည် သမိန်ထော်ပါ"

မနောရဲ့မာမီက မိန်းမချောကြီးတစ်ယောက်။ အမေချော၍ သမီးချောနေခြင်းဖြစ်သည်။ ဒါက သမိန်ထော်အတွက် အရေးမကြီး။ အရေးကြီးနေတာက မတာဆိုသည့်အမျိုးသမီးက မနော၏

www.burmeseclassic.com

www.burmeseclassic.com



မာမီကို သမိန်ထော်တို့ရှိနေသည့် ဆေးရုံကို ကိုယ်တိုင်ခေါ်လာခြင်း ဖြစ်သည်။

ရိုးရိုးခေါ်လာခြင်းမဟုတ်။

သမိန်ထော်ကို မနှောရဲ့ခင်ပွန်းအဖြစ် အသိပေးခေါ်လာ ခြင်းဖြစ်သည်။

“အေးလေ…ဖြစ်ပြီးမှတော့ မာမီလည်း ဘာမှမပြောချင် တော့ပါဘူးသားရယ်၊ အရေးကြီးတာက မာမီ့သမီးလေး စိတ်ချမ်း သာဖို့ပါ၊ သမီးပျော်ရင် မာမီလည်းပျော်ပါတယ် သားရယ်”

မနှောမာမီက သမိန်ထော်ကို သားဟုခေါ်ပြီး သူ့ကိုယ်သူ မာမီလို့ပဲ ပြောနေတာနှင့် သမိန်ထော်မှာ ကြားထဲက မျက်နှာပူပူ အနေရခက်လျက် အိုးတိုးအမ်းတမ်းနှင့် မနှောမာမီကို ဘာပြန်ပြောရ မှန်းမသိ ဖြစ်နေ၏။

တကယ်ဆို မနှောနှင့်သူက ဘာမှဆိုင်ကြတာလည်း မဟုတ်။ အခုမှ သမိန်ထော်ဘက်က မနှောထံမှ ချစ်မေတ္တာကို တရားဝင် တောင်းခံခွင့်ရအောင် ကြိုးစားရမည့် အနေအထား။ ကြားထဲက မနှော၏ယောက်မ မတာကောင်းမှုကြောင့် မနှောနှင့်





သူ့ကြားက အခြေအနေတွေက အတိုင်းအတာထက် ကျော်လွန် လျက်။

ဆေးရုံခုတင်ထက်မှာ ဆေးပိုက်တန်းလန်းနှင့် ပက်လက် လေး အိပ်ပျော်နေသည့် မနှောသာ သမိန်ထော်နှင့် သူမအဖြစ်ကို သိလျှင် ဘာတွေဆက်ဖြစ်မည်မသိ။ မဟုတ်မခံ ဇတ်ဖွတ်ကြဲ မနှောနှင့် သူ့ယောက်မ မတာတို့ ပွဲကြီးပွဲကောင်းဖြစ်ကြမှာ သေချာ သည်။

“အခု သမီးအခြေအနေက ဘယ်လိုလဲ”

“စိုးရိမ်စရာမရှိတော့ပါဘူးအန်တီ၊ ရုတ်တရက် အဖျား ကြီးပြီး အားလည်းနည်းနေတာနဲ့ ရှော့ခ်ဖြစ်သွားတာပါ”

“သမီးလေးရယ်”

မနှောမာမီက မနှောလက်ကလေးတစ်ဖက်ကို ဆုပ်ကိုင် လျက် လှပသော သမီးငယ်မျက်နှာကို ငေးကြည့်နေ၏။ မတာဆီ က ဖုန်းရရခြင်း ဒေါ်တင်တင်မှာ ကိုယ့်နားကိုယ် မယုံ။ ချွေးမဖြစ် သူစကားကလည်း ယုံချင်စရာမရှိ။ ဒေါ်တင်တင် သိထားတာက မနှောကို သူမသူငယ်ချင်း ရိမီနှင့်အတူ ရှိနေသည်ဟု သိထားသမျှ



www.burmeseclassic.com

အခုတော့။

အေးလေ ကိုယ်လည်း ငယ်ရာကကြီးလာခဲ့ရတာပဲ။ သီးချိန်တန်တီး၊ ပွင့်ချိန်တန်ပွင့်ရသည်က သဘာဝ။ ဒီသဘာဝ တရားကြီးထဲမှာ သမီးလေးမနော စိတ်ကောင်းနှလုံးကောင်းရှိသော ချစ်သူနှင့် ဆုံစည်းခွင့်ရတာကိုပဲ ကံကောင်းလှပြီဟု ဆိုရမှာပါ။

သမိန်ထော်ဆိုသည့် လူငယ်လေးက လူချောလေး တစ်ယောက် ဖြစ်ရုံမက ယဉ်ကျေးရည်မွန်သည်။ မနောကိုလည်း တစ်ချိန်လုံး အရိပ်တကြည့်ကြည့်။ သမီးဖြစ်သူမနောအပေါ် ထားရှိသည့် ချစ်ခြင်းမေတ္တာတွေက သမိန်ထော်မျက်နှာမှာ ထင်ဟပ်နေပုံ က ကျေနပ်ဝမ်းသာစရာ။

မနော နေကောင်းတာနှင့် မင်္ဂလာပွဲ အမြန်ဆုံးကျင်းပရန် ဒေါ်တင်တင် စဉ်းစားသည်။ မစဉ်းစားလို့ကလည်း မဖြစ်။ ရဂုံ မြိုင်က မနောပျောက်သွားထဲက မတာက မနောကို ယောကျ်ား နောက် လိုက်သွားသလိုလို သတင်းလွှင့်ထားသဖြင့် ဒေါ်တင်တင် တို့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှာ မနောသတင်းက ကြီးနေသည်။

ဖြေရှင်းလို့လည်းမရ။ ဗူးတစ်ရာသာ ပိတ်ချင်ပိတ်လို့ရ



မည်။ ပါးစပ်တစ်ပေါက်ကို ဘယ်သူမှ လုံအောင် မပိတ်နိုင်ကြ။ သတင်းလိုက်ဖြန့်သူက ဒေါ်တင်တင်ချွေးမကိုယ်တိုင် ဖြစ်နေတော့ ပိုဆိုးသည်။

အခုတော့ မနောလည်း တကယ်အိမ်ထောင်ကျသွားပြီ ဆိုတော့ ဒေါ်တင်တင်လည်း မနောအတွက် ဟစ်မိုး့စိတ်အေးသွား သည်။ ဒီကပြန်လျှင် ရဂုံမြိုင်ကို မနောနှင့် သူ့ယောကျ်ားကိုပါ တစ်ခါထဲ ခေါ်သွားမည်။ သမီးနဲ့အတူ သမက်ပါပါလာတော့ ဘယ်သူ့ကိုမှ ဖြေရှင်းချက် ထပ်ထုတ်နေစရာလည်း မလိုတော့။

"သားတို့မင်္ဂလာပွဲကိစ္စ ဘယ်လိုစီစဉ်ထားကြလဲ"

"ခင်ဗျာ...အဲဒါက မနောကို မေးကြည့်ရဦးမှာပါ အန်တီ"

"မာမီပဲခေါ်ပါကွယ်၊ သမက်ဆိုတာလည်း မာမီ့အတွက် သားပါပဲ၊ မနောနဲ့ တိုင်ပင်တာလည်း တိုင်ပင်တာပေါ့ကွယ်၊ မာမီ သဘောကတော့ ဒီမင်္ဂလာပွဲကို ခပ်မြန်မြန်လေး စီစဉ်စေချင်တာပဲ"

မနောမာမီ့စကားကြောင့် သမိန်ထော်မှာ ခေါင်းညိတ်ရ ခက်၊ ခေါင်းခါရခက် မနောမျက်နှာလေးကို လှမ်းလှမ်းကြည့်ပြီး

www.burmeseclassic.com



တော့ စိတ်ထဲတစ်မျိုးဖြစ်နေပေမယ့် အပြင်မှာတော့ မာမီ့အလိုကျ ဟုတ်ကဲ့ပါချည်း ပြောနေရသည်။

မနောသာ ကြားလို့ကတော့ လွယ်မည်မထင်။ ဒီကြားထဲ မနောယောက်မ မတာက တစ်မျိုး။

"ကိုသမိန်ထော်တို့ တရားရုံးမှာ လက်မှတ်ထိုးပြီးကြပြီလား"

"အာ…အဲဒါတော့ မလုပ်ရသေးဘူးဗျာ့"

"တွေ့လား မာမီ၊ မာမီ့သမီး ဘယ်လောက်ညံ့လဲဆိုတာ အခုထိ တရားရုံးမှာ လက်မှတ်မထိုးရသေးဘူးတဲ့၊ ယောကျ်ားနောက် လိုက်ပြေးသွားတာကဖြင့် တစ်လတောင်မကတော့ဘူး"

"ရှင်ကရော ဘာသဘောနဲ့ မတာယောက်မကို အခုချိန်ထိ လက်မထပ်ဘဲ နေနေတာလဲ"

"ဒါက ဒီလိုရှိပါတယ် မတာ၊ ဟို ကျွန်တော်တို့က"

"ကဲပါကွယ်…အခုမှ ရုံးတက်ပြီး လက်မှတ်ထိုးလည်း နောက်မကျပါဘူး၊ မနော နေကောင်းတာနဲ့ တရားရုံးသွားကြမယ်"

အဖြစ်မှန်ကို သမိန်ထော် ရှင်းပြဖို့ကြိုးစားပေမယ့် လိုရာကို



မရောက်။ ကိုယ်ကိုယ်တိုင်က မနောကို မြတ်မြတ်နိုးနိုး ချစ်မိပြီမို့ ကိုယ်ချစ်တဲ့သူကို လက်ထပ်ရမှာ ဘာပြဿနာမှမရှိ။

ရင်တွေခုန်၊ စိတ်တွေလှုပ်ရှားပြီး ပျော်တောင်ပျော်မိပါသေးသည်။ ဒါက သမိန်ထော်က မနောကို ချစ်လို့၊ မြတ်နိုးလို့၊ မနောနဲ့ လက်ထပ်ရမှာ ပျော်နေပေမယ့် မနောက သမိန်ထော်လို ပျော်မည်မထင်။ ဒီကိစ္စတွေသိရင် မိုးမီးလောင်မည်ထင်သည်။

ယောက္ခမလောင်းနှင့် မနောယောက်မ မတာတို့ နှစ်ယောက်ကြားမှာ သမိန်ထော်ဘက်က သူနဲ့မနော အဖြစ်မှန် ရှင်းရန် သင့်မသင့် စဉ်းစားနေသည်။ အရေးကြီးတာ သူ့ကြောင့် မနော ဂုဏ်သိက္ခာထိခိုက်နစ်နာတာမျိုး မဖြစ်စေချင်။

"သား"

"ဟာ…ဒက်ဒီ"

ရုတ်တရက်ကြီး သမိန်ထော်ဒက်ဒီကို တွေ့လိုက်ရတော့ အံ့သြသွားသည်။ ဘယ်လိုလုပ်ပြီး သမိန်ထော်ရှိနေသည့် ဆေးရုံကို ရောက်လာသည်မသိ။ သိသာစွာ ချောင်ကျသွားသည့် ဒက်ဒီ့ မျက်နှာကိုမြင်ရတော့ သမိန်ထော် စိတ်မကောင်း။

www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီ ဒီကိုဘယ်လိုလုပ်ပြီး ရောက်လာတာလဲ"

"ဒက်ဒီ့သူငယ်ချင်း ဆရာကြီး ဦးဘလှအကြောင်းကြား လိုက်လို့ ရောက်လာတာပေါ့ သားရယ်၊ ဘယ်လိုလဲ သားမိန်းမ အခြေအနေရော စိတ်ချရပြီလား"

သားမိန်းမဆိုမှ အနားမှာ အတူရှိနေသည့် မနောမာမီနှင့် မနောယောက်မကို သတိရသွားသည်။ ဒက်ဒီကိုယ်တိုင်က သမိန်ထော်ကို မိန်းမရနေပြီဟု ထင်နေသည်။ ဒီလိုဖြစ်အောင်လည်း ဒက်ဒီ့သူငယ်ချင်း ဆရာဝန်ကြီးက သတင်းပေးပုံရသည်။ အခုမှ ပြဿနာက ရှင်းမရအောင်ရှုပ်ကုန်သည်။

"ဒက်ဒီကို မိတ်ဆက်ပေးရဦးမယ်၊ ဒါ မနောမာမီ"

"ကျွန်မနာမည် ဒေါ်တင်တင်ပါရှင်၊ သမီးမနောရဲ့ မာမီပါ၊ ဒါက သမီးရဲ့ယောက်မ အတာ"

"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ်ဗျာ၊ ကျွန်တော် က ဦးဘသော်ပါ၊ ခမည်းခမက်ချင်း အခုလိုတွေ့ရတာ ဝမ်းသာပါ တယ်"

မနောမာမီနှင့် သမိန်ထော်ဒက်ဒီက လေပေးဖြောင့်သွား





ကာ နှစ်ဦးနှစ်ဖက် ပြေလည်သွားသည်။

"အင်း...ဟင်း"

"ဟော...သမီးလေး နိုးလာပြီ"

မနောမာမီ အပါအဝင် အားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွား ကာ မနောနား စုပြုံရောက်သွားသည်။

"သမီး မနော"

"ဟင်...မာမီ"

မနောမှာ ရုတ်တရက် မာမီ့ကိုတွေ့လိုက်ရ၍ အံ့ဩသွားပြီး မှ မာမီ့နားမှ အတူရှိနေသည့် ယောက်မဖြစ်သူ မတာကိုတွေ့မြင် သွားကာ မျက်နှာလေးတင်းသွားသည်။ မနောဆီကို မာမီရောက်လာ တာ မတာစနက်ဆိုတာ သိသွား၍ပါ။

"စိုးရိမ်လိုက်ရတာ သမီးရယ်၊ မတာဆီက ဖုန်းရခြင်း မာမီဖြင့် ယုံတောင်မယုံဘူး၊ သမီးယောကျ်ား မောင်သမိန်ထော်ကို တွေ့လိုက်ရမှပဲ ရင်အေးသွားတယ်"

"ရှင်"

"မနောယောကျ်ား ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ ဟိုမှာ သမီးယောက္ခမလည်း ရောက်နေတယ်၊ မောင်သမိန်ထော်ဒက်ဒီ ဦးဘသော်တဲ့"

မနောမှာ မာမီ့စကားကို အံ့ဩလို့မှ မဆုံးသေး။ ဦးသမိန်ထော်ဒက်ဒီ၊ သမီးယောက္ခမဆိုသူကြောင့် မျက်လုံးလေး ဝိုင်းဝိုင်းလည်သွား၏။

"နေကောင်းအောင်နေနော် သမီး၊ ဒက်ဒီတို့အားလုံး သမီးနားမှာရှိနေတယ်"

ဦးသမိန်ထော်၏ ဒက်ဒီကပါ မနောကို သမီးနှင့်ဒက်ဒီဆိုပြီး ပြုံးပြုံးကြီး ဝင်ပြောတော့ ပိုဆိုးသည်။

"ဦးသမိန်ထော်"

ကြံရာမရတာနှင့် မနော ဦးသမိန်ထော်ကို အားကိုးတကြီး လှမ်းကြည့်လိုက်သည်။ ဘယ်အချိန်ထဲက မနောကို ကြည့်နေမှန်း မသိသော သမိန်ထော်၏ မျက်လုံးများနှင့်ဆုံတော့ စိတ်ရှုပ်ထွေးနေသည့် သူ့ပုံစံကို မြင်ရသည်။

"ဘာတွေဖြစ်နေတာလဲ ဦးသမိန်ထော်၊ ဒီကိစ္စကို ခင်ဗျား ကြည့်ရှင်းဦး"





"ဘာရှင်းပြနေစရာလိုလဲကွယ်၊ သမီးတို့ကို မာမီတို့မိဘတွေလည်း သဘောတူပြီးသားပဲ၊ လင်မယားနှစ်ယောက် စိတ်ချမ်းသာအောင်နေကြ"

"ဟုတ်တယ်သမီး၊ ဒက်ဒီတို့ဘက်က သမီးအတွက် အကောင်းဆုံး အခမ်းနားဆုံး မင်္ဂလာပွဲ ကျင်းပပေးမှာပါ၊ သမီးသာ ကျန်းမာအောင် အမြန်ဆုံးကြိုးစား"

"မဟုတ်ဘူး...မဟုတ်ဘူး၊ မာမီတို့ထင်နေတာတွေ အားလုံး တစ်ခုမှမဟုတ်ဘူး"

မနောထံမှ မခံမရပ်နိုင်စွာ တအော်လိုက်သံကြောင့် အားလုံးအကြည့်တွေက မနောထံ စုရောက်လာ၏။

"မနော့...စိတ်ကိုထိန်းလေ၊ ဘာဖြစ်လို့ ဆေးရုံမှာအော်နေရတာလဲ၊ ဘေးလူတွေကြားသွားရင် တစ်မျိုးထင်နေမယ်"

မနောနား သမိန်ထော်ရောက်သွားသည်။ ချော့မော့နှစ်သိမ့်ပေမယ့် မရ။

"ဘယ်သူတွေ ဘာထင်ထင် ဂရုမစိုက်ဘူး၊ အဖြစ်မှန်ကို ခင်ဗျားရှင်းပြ၊ ဘာကိစ္စမှ ချော်လဲရောထိုင်လုပ်စရာမလိုဘူး"

မနော ဒေါသဖြစ်နေသည်။ ထင်မှတ်မထားသည့်အဖြ



www.burmeseclassic.com

www.burmeseclassic.com



တွေက မနော့အတွက် မယုံနိုင်စရာဖြစ်သည်။

"ဘယ်သူက ချော်လဲရောထိုင်လုပ်နေလို့လဲ"

မနော့မျက်နှာကို သမိန်ထော်က စိုက်ကြည့်ရင်း ပြောတော့ ပိုဆိုးသည်။

"ဦးသမိန်ထော်"

"သမီး စိတ်အေးအေးထားလေ၊ ဘာဖြစ်လို့ ဒီလောက် ဒေါသဖြစ်နေရတာလဲကွယ်"

မနော ဒေါသနှင့်အော်တော့ မာမီက ဝင်တားသည်။ မနော့ကိုကြည့်ပြီး မတာက ပခုံးတွန့်သည်။

"သူတို့ချင်း ဘာပြဿနာဖြစ်နေလဲမှ မသိတာ၊ မတာ တော့ ဗိုက်ဆာလို့ တစ်ခုခုသွားစားလိုက်ဦးမယ်၊ မာမီလိုက်မလား"

"လိုက်မယ် အတာ"

"ဒါဆို ဒေါ်တင်တင်တို့ကို ကျွန်တော်ပဲ တစ်ခုခုလိုက် ကျွေးပါရစေဗျာ၊ သားနဲ့သမီးအတွက်ပါ ဝယ်လာခဲ့မယ် ဟုတ်လား"

မနော့တို့နားက အားလုံး ရှောင်ထွက်သွားကြသည်။ တိတ်ဆိတ်သွားသည့် အခန်းလေးထဲမှာ ကျန်ခဲ့သူက မနော့နှင့်



သမိန်ထော်။

"ကဲ…ပြော အခုကိစ္စကို ခင်ဗျားဘယ်လိုရှင်းမှာလဲ"

"မနောကရော ဘယ်လိုဖြစ်စေချင်လို့လဲ"

မနော့မေးတာကို မဖြေဘဲ မနော့ကို ပြန်မေးလာသော သမိန်ထော်မျက်နှာချောချောကို မနော မကျေနပ်စွာ ကြည့်လိုက်သည်။

"ခင်ဗျားနဲ့မနောက ဘာဆိုင်လို့လဲ"

"ကိုယ်က ဆိုင်ချင်တယ်ဆိုရင်ရော"

"ဟင်"

"မနော့ကို ကိုယ်ချစ်တယ်"

"အို"

"ဟုတ်တယ် မနော၊ မနော့ကို ကိုယ်ချစ်တယ်၊ လက်ထပ်ပါရစေ၊ လက်ထပ်ခွင့်ပြုမယ် မဟုတ်လားဟင်"

နူးညံ့သောအကြည့်၊ သိမ်မွေ့သောအပြုံးနှင့် သူ့ရင်ထဲက ချစ်ခြင်းမေတ္တာကို လှိုက်လှဲစွာ ထုတ်ဖော်လာသည့် သမိန်ထော်၏ ရူးရှူးရှူးအကြည့်တွေအောက်မှာ မနော့ပါးလေးတွေ ထူပူရှိန်းသွား၏။

"မနော"

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်တာတွေ မပြောနဲ့ဗျာ"

"မဖြစ်နိုင်တာက မနောဘက်ကလား၊ ကိုယ့်ဘက်ကလား"

"နှစ်ခုစလုံးပဲ"

"ကိုယ့်အချစ်ကို မနော မယုံဘူးလား"

"မယုံဘူး"

ပြတ်သားစွာ မနောငြင်းတော့ သူက မနောမျက်နှာလေးကို ချစ်မြတ်နိုးစွာ စိုက်ကြည့်သည်။

"ဘာဖြစ်လို့မယုံတာလဲ ပြောဦးလေ"

ဒီလိုဆိုတော့လည်း သူ့အမေးကို မနော ချက်ချင်းမဖြေတတ်။ မနောစိတ်ထဲမှာတော့ သမိန်ထော်အချစ်ကို အယုံအကြည်မရှိဘဲ ဖြစ်နေ၏။

"ဟိတ်…မေးနေတာဖြေဦးလေ၊ ကိုယ့်အချစ်ကို မနော ဘာလို့မယုံတာလဲ"

"ယုံချင်စရာ မရှိလို့ပေါ့"

"ဟုတ်ပြီ…အဲဒီယုံကြည်စရာမရှိတဲ့ အကြောင်းပြချက်က ဘာလဲ"



"အခုတွေ့၊ အခုချစ်ဆိုတာ ဖြစ်နိုင်စရာလား"

မနောစကားကို သူ သဘောကျစွာပြုံးသည်။

"ဖြစ်နိုင်လို့ဖြစ်နေပြီပဲ၊ မနောကို ကိုယ်ချစ်တယ်၊ လက်ထပ်မယ်၊ ကိုယ့်အချစ်ကို စိတ်ချယုံကြည်ပြီး လက်ခံပါမနောရယ်"

"ကိုယ့်ကို ပြန်ချစ်ပါဗျာ၊ ချစ်တယ်မဟုတ်လားဟင်မနော"

"အပိုတွေ ပြောမနေနဲ့ဗျာ၊ ခင်ဗျား ပါးစပ်ပိတ်ပြီး ငြိမ်ငြိမ်နေ၊ မနော ခေါင်းမူးလာပြီ"

"အာ…ဆောရီး၊ မနော နေကောင်းအောင်နေနော် အချစ်၊ မနောနားမှာ ကိုယ့်ရှိနေမယ်"

မနောက ဘာမှမပြော။

လှပသော မျက်ဝန်းအစုံကို မည်းနက်ကော့ရွှန်းသော မျက်တောင်များ စေ့ပိတ်လျက် ငြိမ်သက်တိတ်ဆိတ်သွားရာက သိပ်မကြာလိုက်ဘဲ အသက်ရှူသံမှန်မှန်ဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်သွား၏။

သမိန်ထော်၏မိတ္ထေးဖြစ်သူ ဒေါ်နှင်းဆီကို ရဲတွေက

www.burmeseclassic.com

www.burmeseclassic.com



ဖမ်းသွားသည်။ သမိန်ထော်ကို သတ်ရန်ကြံစည်ကြိုးစားမှုနှင့် မဟုတ်ပါ။ ထိုကိစ္စကို သမိန်ထော်ဒက်ဒီ ဦးဘ းသာ်ပင် မသိလိုက်။ ဒက်ဒီမသိအောင် နောက်တစ်ယောက်နှင့် ဓာတ်လမ်းရှုပ်နေရာက မူးယစ်ဆေးဝါးမှုဖြင့် နှစ်ယောက်စလုံး အဖမ်းခံရခြင်းဖြစ်သည်။

ဒက်ဒီက မိထွေးကို စိတ်နာသွားသည်။ လုံးဝလှည့်မကြည့်တော့။ ပိုက်ဆံပေးပြီး ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးခိုင်းလိုက်သည်။

"ဒက်ဒီ့လုပ်ငန်းတွေကို သားနဲ့ချွေးမလက်ကို အပ်လိုက်ပြီး ချစ်စရာမြေးလေးတွေနဲ့ပဲ နေတော့မယ်၊ သားတို့လက်ထပ်ပြီးရင် သားသမီးမြန်မြန်ယူကြ၊ ဒါပဲ"

သမိန်ထော်ဒက်ဒီက သူ့တွက်ကိန်းနှင့်သူ ဟုတ်နေသည်။ မဟုတ်နိုင်တာက သမိန်ထော်။ မနောက ဆေးရုံကဆင်းပြီးထဲက သူ့ကို စကားကောင်းကောင်း မပြော။

ယောက်မတွေကတော့ သမိန်ထော်ဆိုတာ ဘသော်ကုမ္ပဏီသူဌေးဆိုထဲက မနောကို ပိုပြီး မနာလိုဖြစ်ကုန်ကြသည်။ မနောရှေ့မှာ ဟန်ဆောင်ပျက် ပြုံးရယ်ပြနေကြသော်လည်း မနောကွယ်ရာရောက်တာနှင့် မနောအတင်း ပြောဖြစ်အောင်ပြောကြသေးသည်။





"ဟွန်း…သူ့ကိုယ်သူ သမိန်ထော်ဆိုတဲ့လူက သိပ်ချစ်မှန်းသိတော့ အထာကိုင်နေလိုက်တာ၊ လူကြီးတွေ လက်ထပ်ဖို့ သဘောတူထားတာကိုတောင် မင်္ဂလာရက်ကို ဟိုရွှေ့ဒီရွှေ့နဲ့"

"လက်ထပ်မယ့်ရက်နဲ့ ကလေးကင်ပွန်းတပ်တဲ့ရက် အတူတူဖြစ်ချင်လို့နေမှာပေါ့၊ အဟင်း…ဟင်း"

မတာစကားကြောင့် မနောရင်ထဲ ဖျင်းခနဲဖြစ်သွား သာ်လည်း ဒေါသကို ချက်ချင်းမျိုသိပ်လိုက်သည်။ မနောယောက်ျား ကောင်းရလို့ မနာလိုဖြစ်နေကြတာ မနော သိသည်။

ဦးသမိန်ထော်ကို မနောကိုယ်တိုင် ဤမျှချမ်းသာလိမ့်မည်ဟု မသိခဲ့။ သူနဲ့မနော တွေ့ကြတာကလည်း ဘာဂုဏ်ပကာသနမှပါတာလည်းမဟုတ်။ လမ်းပေါ်မှာတွေ့ကြ၊ အိမ်ငှားရာမှ ပြန်ဆုံကြနှင့်။ ဖူးစာဖန်လာလို့ ကံဖန်ဆုံနေကြရာက အခုလို မမျှော်လင့်တာတွေ ဖြစ်လာခြင်းဖြစ်သည်။

မနောမာမီကတော့ မနောအတွက် ပျော်မဆုံး။

"မာမီ့သမီးလေးအတွက် အခုမှပဲ မာမီလည်း စိတ်ချလက်ချ မျက်လုံးမှိတ်နိုင်တော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



မနောက အချစ်ရေးမှာ ကံကောင်းသည်ဟု မာမီနှင့်တကွ ပတ်ဝန်းကျင်ကပါ အားလုံးအသိအမှတ်ပြုထားကြသည်။ ဒါက လည်း ဦးသမိန်ထော်ကြောင့်ပါ။

မနောက သူ့အချစ်မေတ္တာကို လက်ခံလာအောင် တစ်နေ့ တစ်မျိုး မရိုးအောင် ချစ်ရေးဆို၊ ချစ်ခွင့်ပန်နေတာနှင့် အားလုံးသိကုန် ကြခြင်းဖြစ်သည်။

မနောက အခုချိန်ထိ သူ့အချစ်ကို လက်မခံရသေး။ လက်ထပ်ပွဲရက်ကို အတိအကျ သတ်မှတ်မထားရသေးသော်လည်း မင်္ဂလာကိစ္စကို နှစ်ဘက်လူကြီးမိဘတွေက အားတက်သရော စီစဉ် နေကြပြီဖြစ်သည်။

ကာယကံရှင်ဖြစ်သည့် မနောမှာသာ ဝေခွဲရခက်လျက် သက်ပြင်းချနေမိသည်။

"မနော"

"ဟင်"

"အခုချိန်ထိ ကိုယ့်အချစ်ကို လက်မခံသေးဘူးလားဗျာ၊ ဘာလဲ လက်ထပ်ပြီး သားတွေ၊ သမီးတွေရလာတဲ့အထိ ကိုယ့်



အချစ်ကို လက်ခံဖို့ စဉ်းစားနေဦးမှာလား"

"စဉ်းစားသင့်ရင် စဉ်းစားရမှာပေါ့"

"ဗျာ"

"အခုတွေ့၊ အခုကြိုက်၊ အခုယူ၊ အခုကွဲကြတာ လူတွေ အများကြီး"

"သြော်ဗျာ…နှစ်တွေအကြာကြီးချစ်ပြီးမှ လက်မတွဲဘဲ လမ်းခွဲကြရတဲ့ ချစ်သူတွေလည်း အများကြီးပါဗျာ"

လှပသော မနောအကြည့်လေးတွေက သမိန်ထော်ထံ ဖျတ်ခနဲ ရောက်လာသည်။ နူးညံ့ရွှန်းလက်သည့် သမိန်ထော်၏ ချစ်မျက်ဝန်းတွေနှင့်အဆုံမှာ မနောရင်ထဲ လှုပ်ခတ်နွေးထွေးမှုတစ်ရပ် ဖြစ်ထွန်းသွားသည်။

"ချစ်တယ် မနောရယ်၊ မနောကရော ကိုယ့်ကို ပြန်မချစ် တော့ဘူးလား"

"အင်း"

"ဟာကွာ"

သူ့စကားကို မနောက ခေါင်းညိတ်လိုက်၍ သမိန်ထော်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ညစ်သွားတာကို ကြည့်ပြီး မနောလည်း စိတ်ညစ်ပါသည်။

"မနောကို ကိုယ်တကယ်ချစ်တာကွ"

"လက်မထပ်ခင်တော့ ဒီလိုပြောကြတာချည်းပဲ"

"လက်ထပ်ပြီးလည်း ဒီလိုပဲ အမြဲပြောနေမှာဗျာ"

"မယုံပါဘူး"

"ဘာကိုမယုံတာလဲ"

"ယောကျ်ားတွေအချစ်ကို မယုံတာ"

"ဒါဖြင့် ယုံသွားအောင်"

"ဦးသမိန်ထော် ခင်ဗျားနော်"

"အို"

တင်းကြပ်လွန်းသော သမိန်ထော်ရင်ခွင်ထဲမှာ မနောစကားသံတို့ အချိန်အတော်ကြာ ပျောက်ဆုံးသွားသည်။ သမိန်ထော်ထံမှ အတိုးချအလွမ်းတွေနှင့် အနမ်းမုန်တိုင်းထန်ထန်အောက်မှာ မွန်းကြပ်ခဲ့ရသမျှ မနော သူ့ကို လက်သီးဆုပ်လေးများဖြင့် ထုရိုက်မိသည်။

"ခင်ဗျားက အခွင့်အရေးသမား"

"ထင်လို့ပါဗျာ၊ မနောအပေါ်မှာ တကယ်အခွင့်အရေးယူချင်ရင် တောထဲမှာ နှစ်ယောက်တည်းရှိနေချိန်ထဲက အပိုင်ကြံ





လိုက်မှာပေါ့"

"ကိုယ်က မနောကို မြတ်မြတ်နိုးနိုး တန်ဖိုးထားပြီး ချစ်လို့ မထိရက်မကိုင်ရက် မနမ်းရက်"

"အို...တော်ပါတော့၊ မထိရက် မနမ်းရက်ဘူးဆိုလို့သာပဲ၊ လူတစ်ကိုယ်လုံးကို"

"ဘာဖြစ်လဲ"

"ဘာမှမဖြစ်ဘူး၊ ခင်ဗျား မနောနဲ့ ဝေးဝေးမှာနေ"

"ဒါတော့မဖြစ်ဘူးထင်တယ်"

ပြုံးလဲ့လဲ့နှင့် မနောကိုစိုက်ကြည့်နေသော သူ့မျက်ဝန်းတွေအောက်မှာ မနောပါးလေးတွေ ရဲနီလျက် သူနှင့်ဝေးရာကို မနောထွက်သွားဖို့ ကြိုးစားတော့ သူက ရယ်သည်။

"ဟိတ်...ကောင်မလေး၊ ဒါက ဘယ်လဲ"

"ဘယ်ဖြစ်ဖြစ်"

"တစ်ယောက်တည်း စိတ်မချလို့ ကိုယ်ပါ မနောနဲ့အတူလိုက်ပါရစေဗျာ"

မနောနှင့်အတူ လိုက်လာသည့် သူ့ကို မနောက မကျေမနပ် မျက်စောင်းထိုးပြီး လှမ်းလက်စခြေလှမ်းကို ရပ်လိုက်တော့



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သူနှင့် မျက်နှာချင်းဆိုင် ဖြစ်သွားသည်။

"ခင်ဗျား ဒီမှာနေခဲ့"

"ဘာဖြစ်လို့လဲ"

"ခင်ဗျားနဲ့မသွားချင်လို့"

"မနောတစ်ယောက်တည်း စိတ်မချဘူးလို့ ပြောပြီးပြီလေ"

"ခင်ဗျားနဲ့ နှစ်ယောက်သွားမှ ပိုစိတ်မချရတာ"

"ကိုယ့်ကိုလား"

"ဟုတ်တယ်"

ပန်းနုရောင်အသွင်နှင့် မနောမျက်နှာလှလှလေးကို စိုက်ကြည့်ပြီး သူပြုံးသည်။

"ကိုယ်က မနောကို ချစ်လို့ပါဗျာ"

"မချစ်နဲ့"

"ချစ်ပါရစေဗျာ"

"မနော...ဟိုမှာဘာလဲ ကြည့်စမ်း"

သူညွှန်ပြရာသို့ မနော လှမ်းအကြည့်...

"ရွှတ်"



"အို"

မနောပါးလေးတစ်ဖက် နွေးခနဲဖြစ်သွား၍ သူ့ကိုလှမ်းအကြည့် ချစ်စနိုးရယ်လိုက်သော သူ့ရယ်သံအဆုံးမှာ မနော သူ့ကိုယ်ကြီးကို တအားဆောင့်တွန်းပစ်လိုက်၏။

"ကဲဟယ်"

"ဟိတ်"

"အိုး...အမလေး"

နှစ်ယောက်အတူ အရှိန်နှင့် မြက်ခင်းစိမ်းစိမ်းပေါ် ပစ်ကျသွား၍ တစ်ယောက်ကိုတစ်ယောက် အလန့်တကြား ဖက်ထားမိကြ၏။

"ဒီတစ်ခါတော့ ကိုယ့်ရင်ခွင်ထဲက မနော ဘယ်ကိုမှ ပြေးလို့မရတော့ဘူး"

"ကဲ...ပြော ကိုယ့်ကိုချစ်တယ်လို့"

"မုန်းတယ်"

"ကောင်းပြီ၊ ဒါဆို နောက်ဘယ်တော့မှ မမုန်းရဲအောင်"

"ဦးသမိန်ထော်"

လှပသောမျက်နှာလေးထက် အပ်ကျလာသော

www.burmeseclassic.com

www.burmeseclassic.com



သမိန်ထော် မျက်နှာချောချောအောက်မှာ မနော ဘာစကားမှဆိုခွင့်မရလိုက်သဖြင့် နောက်နောင်ကို အမုန်းစကား နေရာတိုင်းမဆိုဘဲ မုန်းသင့်မှမုန်းရတော့မည်ဖြစ်ကြောင်း။

ချစ်သူတိုင်း မျှော်ရှုမ်ကြည့်နူးနိုင်ကြပါစေ။

ချစ်ခြင်းမေတ္တာဖြင့်

မြပုလဲသွယ်

www.burmeseclassic.com